ရောင်းမှ

The Mirror Daily

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

ကျော်စောတိုးပွား၏

ထကြွလုံ့လရှိသူ၊ သတိရှိသူ၊ စင်ကြယ်သော ကံသုံးပါးရှိသူ၊ စူးစမ်း၍ ပြုလေ့ရှိသူ၊ (ဣန္ဒြေကို)စောင့်စည်းသူ၊ တရားသဖြင့် အသက်မွေးသူ၊ မမေ့မလျော့သူအား အခြေအရံ အကျော်စောတို့ တိုးပွားတတ်၏။

ခုဒ္ဒကနိကာယ် (၈မူပဒ-၂၄)

၁၃၇၈ ခုနှစ် ကဆုန်လဆန်း ၇ ရက် သောကြာနေ့၊ 13, Friday May 2016 (စ၅၆၀)

အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးရန် ကန့်ကွက်သူမရှိ အတည်ပြု

စာမျက်နှာ - ၅

KG သင်ရိုးသစ်အတွက် ဆရာ ဆရာမများ လေ့ကျင့်သင်ကြားနေသည်ကို တွေ့ရစဉ်။

KG သင်ရိုးသစ်အတွက် လိုအပ်ချက်များကို ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

သတင်းနှင့် ဓာတ်ပုံ - အောင်ရဲသွင်

မန္တလေး မေ ၁၂

၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် စတင်သင်ကြားမည့် KG သူငယ်တန်းသင်ရိုးသစ်နှင့်အတူ လိုအပ်လာမည့် သင်ထောက်ကူပစ္စည်းများနှင့် ကျောင်းဆောင်များအား ဆက်လက်ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ✱

အရွယ်မရောက်သေးသူ ကလေးသူငယ်များ စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေး ကော်မတီပွဲ့စည်း

နေပြည်တော် မေ ၁၂

အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးကော်မတီကို နိုင်ငံတော်သမ္မတရုံး၏ မေ ၁၁ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် ၁၇/၂၀၁၆ ဖြင့် ဖွဲ့စည်းလိုက်ကြောင်း သိရသည်။

ယင်းကော်မတီတွင် ဥက္ကဋ္ဌအဖြစ် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် အတွင်းရေးမှူးအဖြစ် စစ်ဥပဒေချုပ်ရုံး၊ ဒုတိယစစ်ဥပဒေချုပ်တို့ပါဝင်ပြီး တွဲဖက်အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များအပါအဝင် စုစုပေါင်း ၁၂ ဦးဖြင့် ဖွဲ့စည်းလိုက်ခြင်းဖြစ်သည်။

အဆိုပါကော်မတီ၏ လုပ်ငန်းတာဝန်အဖြစ် အချက်(၁၂)ချက်ပါဝင်ပြီး ယင်းအချက်များအနက် စနစ်တကျ ရွေးချယ်စိစစ်ပြီးသော တပ်သားသစ်များအား စစ်အခြေခံလေ့ကျင့်ရေးတပ်များ၌ လေ့ကျင့်သင်ကြားနေချိန်တွင်လည်းကောင်း၊ စစ်မှုထမ်းဆောင်နေချိန်တွင်လည်းကောင်း အသက်(၁၈)နှစ် မပြည့်သူများ၊ ဆန္ဒမရှိသူများအား စိစစ်တွေ့ရှိပါက မိဘအုပ်ထိန်းသူထံ ပြန်လည်လွှဲပြောင်းအပ်နှံရေးဆောင်ရွက်ရန်၊ ကော်မတီသည် ကုလသမဂ္ဂအဖွဲ့အစည်းများဖြစ်သော UNICEF, UNDP အဖွဲ့အစည်းများနှင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီအဖွဲ့များမှ ဌာနေကိုယ်စားလှယ်များနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှု ပိုမိုကျယ်ပြန့်လာအောင် ဆောင်ရွက်ရန်ဆိုသည့် အချက်များလည်း ပါဝင်ကြောင်း သိရသည်။

(သတင်းစဉ်)

ကြေးမုံ

သဘာဝဘေးကို သတိထားစောင့်ကြည့်

ဘဂ်လားပင်လယ်အော် အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် အရှေ့မြောက်ဘက်သို့ ရွှေ့လျားပြီး ပိုမိုအားကောင်းလာကာ မေ ၂၂ ရက် ဝန်းကျင်တွင် ပြင်းထန်သည့် ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့ ရောက်ရှိနိုင်သည့်အတွက် မုန်တိုင်း အန္တရာယ်ကို ကြိုတင်သတိပြုရန်လိုကြောင်း မိုးလေဝသပညာရှင် ဒေါက်တာထွန်းလွင်က သတိပေးထားသည်။

ယခုဘဂ်လားပင်လယ်အော်တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ယမန်နှစ်မိုးလွန်ကာလနှင့် ယခုနှစ်မိုးကြိုကာလ နွေခေါင်ခေါင်တွင် ပထမဆုံးပေါ်ပေါက်လာသော ရပ်ဝန်းတစ်ခုဖြစ်သည်။ လက်ရှိတွင် မြန်မာ့ကမ်းရိုးတန်းနှင့် အလွန်ဝေးကွာသော ဘဂ်လားပင်လယ်အော်၏ အနောက်တောင်ပိုင်းတွင်ဖြစ်ပေါ်နေပြီး ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်ရန် အချိန်ကာလအားဖြင့် ၁၀ ရက်ခန့် လိုသေးသောကြောင့် စိုးရိပ်ပူပန်ဖွယ်မရှိဟု မမှတ်ယူသင့်ချေ။

လွန်ခဲ့သည့် ကိုးနှစ်ခန့်ကာလ ယခုကဲ့သို့ ပူပြင်းသောနွေလရာသီ မေလ ၂ ရက်နေ့မတိုင်မီ ၁၀ ရက်ခန့်အလိုကလည်း ဘဂ်လားပင်လယ်အော် အနောက်တောင်ပိုင်းတွင် လေဖိအားနည်းရပ်ဝန်းတစ်ခုဖြစ်ပေါ်ခဲ့ပြီး အထက်ပါ မိုးလေဝသပညာရှင်ကပင် အင်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းတစ်ခု ဖြစ်ပေါ်နိုင်ကြောင်း သတိပေးပြောကြားခဲ့ဖူးသည်။ ထိုသို့ သတိပေးပြောကြားခဲ့သော်လည်း သက်ဆိုင်ရာတို့နှင့်တကွ ဒေသခံပြည်သူများအနေဖြင့် အမှုမဲ့ အမှတ်မဲ့သာ နေထိုင်ခဲ့ကြသည်။ ထိုစဉ်ကာလ တာဝန်ယူသည့်အစိုးရအနေဖြင့် ပြည်သူ့အရေးအတွက် ပွင့်လင်းမြင်သာစွာ သတင်းထုတ်ပြန်ပေးမှု မရှိခဲ့ချေ။ ထိုအခက်အခဲကြားတွင် အဆိုပါမိုးလေဝသပညာရှင်ကပင် မေလ ၁ ရက်နေ့ထုတ် နိုင်ငံပိုင်ကြေးမုံသတင်းစာတွင် မုန်တိုင်းဖြစ်ပေါ်မည့်အကြောင်း ထုတ်ဖော်အသိပေးခဲ့သည်။

ထိုသို့အသိပေးခဲ့သည့်အတိုင်း ဘဂ်လားပင်လယ်အော်တွင် အစပျိုးခဲ့သည့် လေဖိအားနည်းရပ်ဝန်းမှ မွေးဖွားခဲ့သည့် နာဂစ် ဆိုင်ကလုန်းမုန်တိုင်းကြီးသည် နောက်တစ်နေ့ မေလ ၂ ရက်နေ့တွင် ပြည်သူတစ်သိန်းကျော်၏ အသက်ခန္ဓာများနှင့် အိုးအိမ်များကို နင်းချေဖျက်ဆီးသွားခဲ့သည်။ နာဂစ်မုန်တိုင်းဒဏ်ကြောင့် ကြေမွသွားခဲ့သော ပြည်သူတို့၏ဘဝများမှာ ယနေ့ထက်တိုင် မမေ့နိုင်သေးသည်ကို သတိမူရမည်ဖြစ်သည်။

"မပြေးသော် ကန်ရာရှိ" လက်ရှိဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်း၏ အခြေအနေများကိုလည်း သက်ဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများ သတိထားစောင့်ကြည့်နေရမည်ဖြစ်သည်။ ထိုလေဖိအားနည်းရပ်ဝန်းမှာ မေလ ၁၉ ရက်နေ့တွင် မုန်တိုင်းငယ်ဖြစ်ပြီး မေလ ၂၀ ရက်နေ့ဝန်းကျင်ခန့်တွင် အပူပိုင်းမုန်တိုင်းအဖြစ်သို့ရောက်ရှိကာ မေလ ၂၁ ရက်နေ့တွင် ဆိုင်ကလုန်းမုန်တိုင်းအဖြစ်နှင့် ဘဂ်လားပင်လယ်အော်အလယ်ပိုင်းသို့ ရောက်ရှိမည်ဟု အတိအကျအသိပေးထားသည်။

မုန်တိုင်းလားရာလမ်းကြောင်းမှာ အဆိုပါမုန်တိုင်းသည် မူလရွှေ့လျားရာလမ်းကြောင်းမှ နောက်ပြန်လှည့်ပြီး မြန်မာ့ကမ်းရိုးတန်း ဘက်နှင့်ဝေးရာသို့ ရွှေ့လျားနိုင်သည်ဟုဆိုသော်လည်း မုန်တိုင်းလမ်းကြောင်းမှာ အချိန်နှင့်အမျှ ပြောင်းလဲနိုင်သောကြောင့် မုန်တိုင်းအန္တရာယ်ကို ကြိုတင်သတိပြုထားခြင်းသည်သာ အကောင်းဆုံးဖြစ်သည်။ အဆိုပါလေဖိအားနည်းရပ်ဝန်းအရှိန်နှင့် အနောက်ဘက်မှ ရွှေ့လျားလာသည့် လေပွေလှိုင်းများအရှိန်ကြောင့် ယမန်နေ့မှ မေလ ၁၆ ရက်နေ့အတွင်း မြန်မာနိုင်ငံအနှံ့အပြားတွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်ပြီး မိုးသက်လေပြင်းများကျရောက်နိုင်သည်ကိုလည်း သတိမူရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးဆိုသည်မှာ မည်သူမျှမျှော်လင့်မထားသော ဘေးတစ်မျိုးဖြစ်ပြီး လက်ရှိတွင် မြန်မာနိုင်ငံမှ ပြည်သူများ အပူဒဏ်ကို ပြင်းထန်စွာခံစားနေရချိန်တွင် အဆိုပါလေဖိအားနည်းရပ်ဝန်းအရှိန်ကြောင့် ဖြစ်ပေါ်လာမည့်အကျိုးရလဒ်များကို သတိရှိရှိ ပြင်ဆင်ထားရန်လိုအပ်သည်။ ထို့အပြင် ပူပြင်းသော လေထုအရှိန်ကြောင့် လေဖိအားနည်းရပ်ဝန်းမှာ ပိုမိုအားကောင်းလာပြီး ဆိုင်ကလုန်းမုန်တိုင်းဖြစ်ပေါ်လာပါက လားရာလမ်းကြောင်းကို မျက်ခြည်မပြတ် အထူးဂရုစိုက်စောင့်ကြည့်ကာ ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှုမရှိအောင် အထူးသတိပြုဖို့လိုအပ်ပါကြောင်း။ ။

ကရင်ပြည်နယ်တွင် သာသနာရေးဆိုင်ရာများ ဆောင်ရွက်

နေပြည်တော် မေ ၁၂

ကရင်ပြည်နယ်အတွင်း သာသနာရေးဆိုင်ရာကိစ္စများ၊ ခရစ်ယာန်သာသနာပိုင်များနှင့် မြိုင်ကြီးဋ္ဌေကျောင်းတိုက်၊ တောင်ကလေး ကျောင်းတိုက်တို့သို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးသူရဦးအောင်ကို မေ ၉ ရက်နှင့် ၁၀ ရက်က သွားရောက်၍ လျှုဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လျှုဒါန်းခြင်း၊ သာသနာရေးဆိုင်ရာများ လျှောက်ထားခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးသည် မေ ၉ ရက် နံနက်ပိုင်းတွင် ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးဆောင်သော အစိုးရအဖွဲ့နှင့်အတူ လှိုင်းဘွဲ့မြို့နယ် ကွမ်းတောကျေးရွာရှိ အင်္ဂလိကန်ခရစ်ယာန်ဘုရားကျောင်းသို့ သွားရောက်၍ ကရင်ပြည်နယ် ခရစ်ယာန်သာသနာပိုင်များနှင့် တွေ့ဆုံခဲ့သည်။

ယင်နောက် မြိုင်ကြီးဋ္ဌအထူးဒေသ ပိဋ္ဌကတ်သုံးပုံဘာသာပြန်စာပေကျောက်စာကွင်းရှိ ကျောက်စာမှတ်ရုံသို့ သွားရောက်ပြီး မြိုင်ကြီးဋ္ဌကျောင်းတိုက် စာချဆရာတော် ဘဒ္ဒန္တ ဥာဏိကအား ဖူးမြော်ကြည်ညိုချ၍ လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လျှုဒါန်းခဲ့သည်။ ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် ကရင်ပြည်နယ် ဘားအံမြို့ တောင်ကလေး ပရိယတ္တိစာသင်တိုက်သို့ သွားရောက်ပြီး ဆရာတော်ဘဒ္ဒန္တပညာသာမိထံမှ သြဝါဒခံယူ၍ သာသနာရေးဆိုင်ရာများ လျှောက်ထားခဲ့သည်။

မေ ၁၀ ရက်တွင် ကရင်ပြည်နယ် ဘားအံမြို့ ဓမ္မဝါသီကျောင်းတိုက်၌ ကျင်းပသော ကရင်ပြည်နယ်အတွင်းရှိ နိုင်ငံတော် သြဝါဒါစရိယဆရာတော်၊ နိုင်ငံတော်ဗဟို သံဃာ့ဝန်ဆောင်ဆရာတော်၊ ပြည်နယ်သံဃနာယကအဖွဲ့နှင့် မြို့နယ်သံဃနာယကအဖွဲ့ဆရာတော်ကြီးများ၏ သြဝါဒခံယူပွဲသို့တက်ရောက်ပြီး သာသနာရေးဆိုင်ရာများ လျှောက်ထားကာ လျှုဖွယ်ပစ္စည်းများ ဆက်ကပ်လျှုဒါန်းခဲ့သည်။

ထို့နောက် ဘားအံမြို့ ကျောက်ကလပ်ကျောင်း ဆရာတော် ဘဒ္ဒန္တဝိမလ၊ နိုင်ငံတော်သြဝါဒါစရိယ ဇမ္ဗူမြိုင်ကျောင်း ဆရာတော် ဘဒ္ဒန္တနန္ဒိယတို့ထံ သွားရောက်၍ သြဝါဒခံယူကာ သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဘားအံမြို့ တောင်တန်းသာသနာပြု ဗဟိုကျောင်းသို့ သွားရောက်ကာ ဗဟိုခေါင်းဆောင် ဆရာတော် ဘဒ္ဒန္တဓမ္မပါလအား ဖူးမြော်ကြည်ညိုပြီး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းကို ကြည့်ရှုခဲ့သည်။

အဆိုပါ သြဝါဒခံယူပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးနှင့် အတူ ကရင်ပြည်နယ် ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခိုင်အောင်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်လွင်၊ မွန်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးမင်းတင်ဝင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ထေရဝါဒ ဗုဒ္ဓဘာသာအဖွဲ့ချုပ်နှင့် နယ်စပ်တောင်တန်းဒေသ သာသနာနုဂဟ အသင်း ဗဟိုကော်မတီဥက္ကဋ္ဌ ဒေါက်တာခင်ရွှေနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။ **(သတင်းစဉ်)**

ပြည်သူ့အကျိုးပြုလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

ရန်ကုန် မေ ၁၂

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှူးဦးစီးဌာနနှင့် ပညာရေးဦးစီးဌာနတို့ ပူးပေါင်း၍ ပြည်သူများအတွက် အသိပညာပေး ရက်(၁၀၀)အတွင်း ပြည်သူ့အကျိုးပြုလုပ်ငန်းများကို မြောက်ပိုင်းခရိုင် အင်းစိန် အထက(၁)ရောဝတီခန်းမ၌ မေ ၁၀ ရက်က ပြုလုပ်ခဲ့သည်။

(က ည နှ) ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်မှ ခရိုင်ဦးစီးမှူး ဒေါ်ချိုချိုမြင့်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပြီး စည်ပင်ပြင်ပမြို့နယ်များတွင် တာဝန်ထမ်းဆောင်နေသော ဆရာမများကို(က ည နှ)မှ တာဝန်ရှိသူများက မော်တော်ဆိုင်ကယ်မောင်းလိုင်စင် သင်တန်းပို့ချထုတ်ပေးခြင်း၊ အမောင်းသင်လိုင်စင်များ ဆောင်ရွက်ပေးခြင်းတို့ကို နေ့ချင်းပြီး ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

ဆုလျှိုင်(IPRD)

စွန့်ဦးတီထွင်မှုသင်တန်း ရမည်းသင်း၌ဖွင့်

ရမည်းသင်း မေ ၁၂

ရမည်းသင်းမြို့တွင် ဂျာမနီနိုင်ငံ giz၊ ILO နှင့် စိန်လသာစီးပွားရေးသင်တန်းကျောင်းတို့ ပူးပေါင်းဖွင့်လှစ်သည့် စွန့်ဦးတီထွင် စီးပွားရေးစီမံခန့်ခွဲမှု သင်တန်းဖွင့်ပွဲကို ရမည်းသင်းမြို့ အမေထွေးခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပရာ စိန်လသာစီးပွားရေးသင်တန်းကျောင်း တာဝန်ခံက ရေရည်တွင် ဖြစ်ပေါ်လာမည့် စီးပွားရေးလုပ်ငန်း အကြောင်းများနှင့် လုပ်ငန်းရှင်များအနေဖြင့် လက်တွေ့နယ်ပယ်၌ အကျိုးရှိစွာ အသုံးပြုနိုင်ကြောင်းတို့ကို ရှင်းလင်းခဲ့သည်။

နိုင်ငံတကာတွင် အသုံးပြုနေသော CEFE Method (Action Learning) နှင့် ILO-SIYB Marketing သင်ရိုးများကို သင်ကြားပေးခြင်းဖြစ်ပြီး အဆိုပါ သင်တန်းကို သင်တန်းသား သင်တန်းသူ ၂၅ ဦး တတ်ရောက် သင်ကြားလျက်ရှိကြောင်း သိရသည်။

(ဇော်ဝင်းအောင်)



ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အင်္ဂလိပ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ Mirror Established in 1914
၁၉၅၇ခုနှစ် ၁၆ တွင် စတင်ထည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၂၈၊ ၀၆၇-၃၆၁၃၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၃၁
ရန်ကုန်နှုန်းခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၅၊ စီမံ/ဌေးရင်း ၀၁-၂၉၁၈၃၄၊ မြန်မာ့ရိုးရာ ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၃၃၃၀၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

ပြည်တွင်းရေးရာ

နိုင်ငံအလိုက်ထုတ်ပြန်ထားသော တပ်မတော်ဆိုင်ရာကာကွယ်ရေးစက္ကူ၊ပြုစာတမ်းများအပေါ် အမြင်ချင်းဖလှယ်

နေပြည်တော် မေ ၁၂

ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းသည် မြန်မာနိုင်ငံဆိုင်ရာ သြစတြေးလျနိုင်ငံသံအမတ်ကြီး မစ္စတာ နီကိုလပ်စ်ကာပယ်အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာခန်းမ၌ လက်ခံတွေ့ဆုံသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံရေးတိုးမြှင့်ရေးနှင့် သင်တန်းဆိုင်ရာပူးပေါင်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် တပ်မတော်ဆိုင်ရာ ကာကွယ်ရေး နိုင်ငံအလိုက် ထုတ်ပြန်ထားသော စက္ကူ၊ပြုစာတမ်းများအပေါ် အမြင်ချင်း ဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

BBC Media Action နှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့အကြား ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၂

မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ လူ့စွမ်းအားအရင်းအမြစ်မြှင့်တင်ရေးနှင့် ပိုမိုကောင်းမွန်သည့် အစီအစဉ်များထုတ်လုပ်ရေးနှင့်ပတ်သက်၍ ဆက်လက်ပူးပေါင်းဆောင်ရွက်မည့်ကိစ္စရပ်များကို ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်နှင့် မြန်မာနိုင်ငံအခြေစိုက် BBC Media Action မှ Country Director ဖြစ်သူ Edward Pauker တို့ ယနေ့ နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာနဧည့်ခန်းမ၌ တွေ့ဆုံစဉ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ အမြဲတမ်းအတွင်းဝန် ဦးတင့်ဆွေနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံရဲတပ်ဖွဲ့ သောက်သုံးရေများ စဉ်ဆက်မပြတ်လျှုဒါန်းပေးလျက်ရှိ

နေပြည်တော် မေ ၁၂

မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များသည် တပ်ဖွဲ့၏ ရည်မှန်းချက်တာဝန်များဖြစ်သည့် ပြည်တွင်းလုံခြုံရေးနှင့် ရပ်ရွာအေးချမ်းသာယာရေး၊ တရားဥပဒေစိုးမိုးရေး၊ မူးယစ်ဆေးဝါး အန္တရာယ်တားဆီးကာကွယ်ရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများ ဆောင်ရွက်ရေးတို့ကို ဝန်ဆောင်မှုကို ရှေးရှုသောရဲလုပ်ငန်းစနစ်(SERVICE ORIENTED POLICING) နှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် နိုင်ငံတော်အစိုးရသစ်မှ ချမှတ်ထားသည့် ရက်(၁၀၀)စီမံချက်ပါလုပ်ငန်းများကိုလည်း အောင်မြင်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ထိုသို့ တပ်ဖွဲ့၏လုပ်ငန်းတာဝန်များကို ဆောင်ရွက်လျက်ရှိသည့်အပြင် ယခုနှစ် နွေရာသီကာလတွင် အယ်နီညိုရာသီဥတုဖြစ်စဉ်ကြောင့် ကမ္ဘာတစ်ဝန်းပူနွေးလာပြီး မြန်မာနိုင်ငံဒေသအချို့၌ ရေရှားပါးမှုများဖြစ်ပေါ်ခဲ့၍ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့၏ ကွပ်ကဲမှုအောက်ရှိ တိုင်းဒေသကြီး၊ ပြည်နယ်ရဲတပ်ဖွဲ့များက မိမိတို့ဒေသအတွင်းရှိ ရေရှားပါးမှုကြုံတွေ့နေသည့် ရပ်ကွက်/ကျေးရွာများသို့ သောက်သုံးရေ/သောက်ရေသန့်များအား စဉ်ဆက်မပြတ်သွားရောက်လျှုဒါန်းပေးလျက်ရှိရာ ၂၅-၅-၂၀၁၆ ရက်နေ့မှ ၁၁-၅-၂၀၁၆ ရက်နေ့အထိ ရေလျှုဒါန်းမှုအခြေအနေမှာ အောက်ဖော်ပြပါအတိုင်းဖြစ်သည်-

မြန်မာနိုင်ငံရဲတပ်ဖွဲ့က တိုင်းဒေသကြီး/ပြည်နယ်တို့တွင် ၂၅-၄-၂၀၁၆ ရက်နေ့မှ ၁၁-၅-၂၀၁၆ ရက်နေ့အထိ သောက်သုံးရေ/သောက်ရေသန့်များ သွားရောက်လျှုဒါန်းမှု

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	လျှုဒါန်းသည့်ရေဂါလန်		ပေါင်း	မှတ်ချက်
		သောက်သုံးရေ	သောက်ရေသန့်		
၁	တနင်္သာရီ	၃၀၈၅၀	၂၃၅၀	၃၃၂၀၀	
၂	ပဲခူး	၈၃၅၀	-	၈၃၅၀	
၃	မကွေး	၉၉၇၁၀	၂၇၀	၉၉၉၈၀	
၄	မန္တလေး	၁၃၀၁၀	၅၀၀	၁၃၅၁၀	
၅	မွန်	၈၆၇၂၅	၁၂၅၀	၈၇၉၇၅	
၆	ရခိုင်	၆၃၅၆	-	၆၃၅၆	
၇	ရန်ကုန်	၉၄၀၀	၆၂၅၀	၁၅၆၅၀	
၈	ရောဝတီ	၃၀၀၅၀	၅၇၉၀	၃၅၈၄၀	
	စုစုပေါင်း	**၂၈၄၄၅၂**	**၁၆၄၁၀**	**၃၀၀၈၆၂**	

သောက်သုံးရေရှားပါးသည့် သဲတောလေးကျေးရွာသို့ သောက်ရေသန့် လျှုဒါန်း

မိတ္ထီလာ မေ ၁၂

မြန်မာနိုင်ငံအမျိုးသမီးများနှင့် ကလေးသူငယ်များဘဝမြှင့်တင်ရေးအသင်း(MWCDF)က သောက်ရေအခက်အခဲဖြစ်နေသည့် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ် ရွှေစစ်သည်ကျေးရွာအုပ်စုအတွင်းရှိ သဲတောလေးကျေးရွာတွင် ယနေ့နံနက် ၉ နာရီက သောက်ရေသန့်ဘူးကြီး ၃၀၀ သွားရောက်လျှုဒါန်းခဲ့ကြသည်။

အဆိုပါ သဲတောလေးကျေးရွာရှိ အိမ်ထောင်စု ၉၈ စုမှ တစ်အိမ်ထောင်ကို ရေသန့်ဘူးကြီး သုံးဘူးနှုန်းနှင့် ရွာဦးဘုန်းကြီးကျောင်းသို့ ရေသန့်ဘူးကြီး ၁၀ ဘူးနှင့် ဝတ္ထုငွေ ၁၀၀၀၀၀၊ ယဉ်ကျေးလိမ္မာသင်တန်းအတွက် အသင်းဗလာစာအုပ် ၁၀ ဒါဇင်၊ အသင်းပြကွဒိန်များနှင့် ထီးများကို MWCDF က လျှုဒါန်းခဲ့ကြသည်။

ထို့ပြင် သောက်ရေလုံလောက်စွာအသုံးပြုနိုင်ရန် ယင်းချောင်းအနီးရှိ ရေချိုသောက်ရေတွင်း၌ ရေစုပ်စက်တပ်ဆင်၍ ရေသွယ်တန်းပေးပို့နိုင်ရန်အတွက် လိုအပ်သော ပိုက်များ၊ သောက်သုံးရေကန်များ ဆက်လက်လျှုဒါန်းနိုင်ရန်အတွက်လည်း ကျောင်းထိုင်ဆရာတော်၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးတိုင်ပင်ခဲ့ကြပြီး အမြန်ဆုံးလျှုဒါန်းနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(သတင်းစဉ်)**

✱ KG သင်ရိုးသစ်မှ

လက်ရှိပညာရေးစနစ်ကူးပြောင်းချိန်ကာလတွင် လိုအပ်ချက်များရှိနိုင်သော်လည်း သင်ရိုးသစ်ဖြင့် အဆင်ပြေချောမွေ့စွာသင်ကြားနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ရန်အစီအစဉ်များ ချမှတ်လုပ်ဆောင်လျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းက ပြောကြားသည်။

"ကျောင်းဖွင့်အမီ သင်ထောက်ကူပစ္စည်းတွေကို ထုတ်ပေးဖို့ မြို့နယ်အလိုက်ခွဲဝေပေးပြီးဖြစ်ပါတယ်။ ကလေးတွေအတွက် သင်ရိုးနဲ့ညီမျှတဲ့စာသင်ကျောင်းဆောင်တွေကိုလည်း ထပ်မံဖြည့်ဆည်းဆောက်လုပ်ပေးနိုင်ဖို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ ထည့်သွင်းရေးဆွဲထားပြီးဖြစ်တဲ့အတွက် နောက် ၄-၅ လအတွင်းမှာ KG စာသင်ဆောင်အသစ်တွေ ပေါ်ထွက်လာတော့မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

ထို့ပြင် KG သင်ရိုးသစ်အတွက် စာသင်ခန်းအတွင်း လိုအပ်မည့်ပစ္စည်းများကို ဝယ်ယူဖြည့်ဆည်းနိုင်ရန် နှစ်စဉ်ပေးနေကျဖြစ်သည့် ကျောင်းထောက်ပံ့ကြေးများကိုလည်း ကျောင်းဖွင့်အမီ ပေးနိုင်ရန်စီစဉ်ဆောင်ရွက်နေကြောင်း ၎င်းက ဆိုသည်။

သူငယ်တန်းကလေးများ ပညာအရည်အသွေးပြည့်ဝစွာ ရရှိနိုင်ရန်အတွက် ခေတ်စနစ်နှင့်အညီ လိုအပ်နေသော ရုပ်ပိုင်းဆိုင်ရာအဆောက်အအုံပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများကို နိုင်ငံတော်မှပြည့်ပြည့်ဝဝဆောင်ရွက်ပေးရမည့်အပိုင်းရှိသကဲ့သို့ ကျောင်းအုပ်ဆရာကြီးများက သက်ဆိုင်ရာအာဏာပိုင်များ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်တို့ဖြင့် ပူးပေါင်းဆောင်ရွက်အကူအညီပေးကြရန်လိုအပ်ကြောင်း အငြိမ်းစားပညာရေးဝန်ထမ်းတစ်ဦးက အကြံပြုပြောကြားသည်။

ပြဋ္ဌာန်းချက်နဲ့အညီ သင်ကြားဆောင်ရွက်ပေးမှသာ သင်ကြားသင်ယူမှုလုပ်ငန်း ပေါက်မြောက်အောင်မြင်မှာဖြစ်ပါတယ်။ မြန်မာ့ပညာရေးတိုးတက်မြင့်မားလာဖို့ ပညာရေးဝန်ကြီးဌာနနဲ့သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က အမြန်ဆုံးစီမံဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်ဟု"၎င်းက ဆိုသည်။

KG သင်ရိုးသစ်သင်တန်းသို့ တက်ရောက်ခဲ့သူ ဆရာမတစ်ဦးကလည်း "ဒီသင်ရိုးညွှန်းတန်းနဲ့ပတ်သက်ပြီး ရေးဆွဲထားတာအင်မတန်ကောင်းပါတယ်။ (၅)နှစ်အရွယ်ကလေးတွေ ကျောင်းကိုရောက်ရှိချိန်မှာ အရင်ကဆိုမူကြို တက်ဖူးခဲ့သူနဲ့မတက်ဖူးတဲ့သူ ကွာဟချက်တွေရှိပေမယ့် ယခုပညာရေးစနစ်က တန်းတူညီမျှသင်ယူမှုရရှိတဲ့အပေါ်မှာ ကလေးတွေအတွက် စိတ်ပိုင်းဆိုင်ရာတွေတိုးတက်လာမယ်ဆိုတာ မိဘတွေနားလည်စေချင်ပါတယ်။ ဒီပညာရေးအောင်မြင်ဖို့လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းနဲ့ စာသင်ဆောင်တွေကို ပြည့်ပြည့်ဝဝဖြည့်ဆည်းပေးနိုင်မယ်ဆိုရင် သင်ကြားတဲ့ဆရာမတွေရော သင်ယူသူကလေးတွေပါ ထိရောက်တဲ့သင်ကြားသင်ယူမှုတွေရရှိမယ်လို့ ထင်ပါတယ်"ဟု ၎င်းကထပ်လောင်းပြောကြားသည်။

သူငယ်တန်းကလေးတစ်ဦးချင်းစီအတွက် စာသင်ခန်းအတွင်းအသုံးပြုရန် ပန်းချီစာရွက်များ၊ ရောင်စုံခဲတံ၊ စုတ်တံနှင့် ရောင်စုံဆေးများ၊ တီးမှုတ်ကစားရန်တူရိယာပစ္စည်းများ၊ တည်ဆောက်ကစားရန်ပစ္စည်းများ၊စာရွက်စာတမ်းများ၊ အိုးပုတ်များ၊ နားကြပ်ကိရိယာများ၊ အိပ်စက်နားနေစရာ ဖျာ၊ ခေါင်းအုံး၊စောင်များ စသည့် မျှားစွာသောသင်ထောက်ကူပစ္စည်းများမရှိမဖြစ် လိုအပ်မည်ဖြစ်ကြောင်းသိရသည်။

အာကာသဟင်းလင်းပြင်လုံခြုံရေး တရုတ်-အမေရိကန် ဆွေးနွေးပွဲကျင်းပ

ဝါရှင်တန် မေ ၁၂

တရုတ်နှင့်အမေရိကန်ပြည်ထောင်စုတို့၏ ကမ္ဘာ့လေထုလွှာအပြင်ဘက် အာကာသဟင်းလင်းပြင်လုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၌ ကျင်းပခဲ့ကြောင်း ဆင်ဟွာသတင်းဌာနက မေ ၁၂ ရက်တွင် သတင်းထုတ်ပြန်သည်။

တရုတ်နှင့်အမေရိကန်အကြား အာကာသဟင်းလင်းပြင် လုံခြုံရေးဆွေးနွေးပွဲကို ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။ မေ ၁၀ ရက်က ကျင်းပသော အဆိုပါဆွေးနွေးပွဲတွင် နှစ်ဖက်ကိုယ်စားလှယ်များက အာကာသရေးရာနှင့် ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့်နှင့်အကျိုးဖြစ်ထွန်းစွာ ဆွေးနွေးနိုင်ခဲ့ကြောင်း တရုတ်ကိုယ်စားလှယ်အဖွဲ့က ပြောကြားသည်။

ကမ္ဘာ့လေထုလွှာအပြင်ဘက် အာကာသဟင်းလင်းပြင် လုံခြုံရေးနှင့်ပတ်သက်၍ အစိုးရအဖွဲ့များက မူဝါဒချမှတ်ဆောင်ရွက်ရေး၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံပေါင်းစုံပါဝင်သော အစီအစဉ်များရေးဆွဲဆောင်ရွက်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းတွင်ဖော်ပြသည်။

ယခုနှစ်ကုန်မတိုင်မီ နောက်တစ်ကျော့ဆွေးနွေးပွဲကို ပြန်လည်ကျင်းပရန် နှစ်ဖက်သဘောတူညီခဲ့ကြသည်။

တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနအောက်ရှိ လက်နက်ထိန်းချုပ်ရေးဌာန ညွှန်ကြားရေးမှူးချုပ် ဝမ်ကျွန်နှင့် အမေရိကန် လက်ထောက်နိုင်ငံခြားရေးဝန်ကြီး ဖရန့်ရိုစ်တို့က ကိုယ်စားလှယ်အဖွဲ့များကို ဦးဆောင်ခဲ့ကြသည်။

ဝါရှင်တန်၌ လွန်ခဲ့သည့်ဇွန်လက ကျင်းပခဲ့သော တရုတ်-အမေရိကန် မဟာဗျူဟာနှင့် စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲတွင် ရရှိသည့်သဘောတူညီချက်အရ အာကာသလုံခြုံရေးဆိုင်ရာ ဆွေးနွေးပွဲကို ကျင်းပခြင်းဖြစ်သည်။

ဆင်ဟွာ။

ဘရာဇီးသမ္မတ ဒီမာ ရိုင်ဆက်ဖ် ဘဏ္ဍာငွေအလွဲသုံးစားမှုဖြင့် စွဲချက်တင်ခံရ

ဘရာဆီးလီးယား မေ ၁၂

ဘရာဇီးသမ္မတ ဒီမာ ရိုင်ဆက်ဖ်အား တရားစွဲဆိုပြီး ရာထူးမှဖြုတ်ချရန် ဘရာဇီးတရားရုံးတွင် ယနေ့မဲခွဲဆုံးဖြတ်ခဲ့ကြောင်း အင်နာ့အိတ်ချ်ကေသတင်းတစ်ရပ်အရ သိရသည်။

သမ္မတဒီမာ ရိုင်ဆက်ဖ်အား နိုင်ငံ့ဘဏ္ဍာငွေများကို အလွဲသုံးစားပြုလုပ်သည်ဟု စွပ်စွဲထားသည်။

လွှတ်တော်အမတ်များက သမ္မတ ဒီမာ ရိုင်ဆက်ဖ်ကို တရားစွဲသင့်၊ မသင့်ကိုမူ လွန်ခဲ့သည့် ဒီဇင်ဘာလကတည်းက ဘရာဇီးပါလီမန်တွင် အချေအတင် ဆွေးနွေးလျက်ရှိကြသည်။ လွှတ်တော်အမတ်များက သမ္မတအား တရားစွဲဆိုသင့်၊ မသင့် ဆွေးနွေးခြင်းကို မေ ၁၁ ရက်တွင် စတင်ခဲ့ပြီး မေ ၁၂ ရက် နံနက်ပိုင်းတွင် မဲခွဲဆုံးဖြတ်ကာ နောက်ဆုံးအကြိမ်အဖြစ် ဆုံးဖြတ်ချက် ချမှတ်နိုင်ခဲ့ကြသည်။ မဲခွဲဆုံးဖြတ်ရာတွင် တရားစွဲဆိုခြင်း ထောက်ခံမဲ ၅၅ မဲရှိခဲ့ပြီး ကန့်ကွက်မဲ ၂၂ မဲရှိခဲ့သည်။

မဲခွဲဆုံးဖြတ်ချက်အရ သမ္မတ ဒီမာ ရိုင်ဆက်ဖ်ကို ခေတ္တရာထူးချထားမည်ဖြစ်ပြီး သူ့တာဝန်များကို ဒုသမ္မတ မိုက်ကယ် တီမာက တာဝန်ယူဆောင်ရွက်မည်ဖြစ်ကြောင်း သိရသည်။

အင်နာ့အိတ်ချ်ကေ။

ပနားမားစာလွှာစာတမ်းများ အရှုပ်တော်ပုံအရ အင်ဒိုနီးရှားခ္ဍ အခွန်ရှောင်မှု စုံစမ်းစစ်ဆေးနေ

ဂျကာတာ မေ ၁၂

ပနားမားစာလွှာစာတမ်းများ အရှုပ်တော်ပုံဟူ၍ ကမ္ဘာကျော်ကြားခဲ့သော စာလွှာစာတမ်းများပေါက်ကြားမှုတွင် အကျိုးဝင်နေသည့် အင်ဒိုနီးရှား အခွန်ထမ်း ၂၇၂ ဦးကို စုံစမ်းစစ်ဆေးမှု စတင်ပြုလုပ်လျက်ရှိကြောင်း အခွန်ဌာနအကြီးအကဲက မေ ၁၂ ရက်တွင် ပြောကြားသည်။

ပနားမား ဥပဒေအကျိုးဆောင်ကုမ္ပဏီတစ်ခုမှ ပေါက်ကြားခဲ့ပြီး နိုင်ငံတကာစုံစမ်းလေ့လာသတင်းစာဆရာများအဖွဲ့က ဖွင့်ချခဲ့သော သတင်းအချက်အလက်များအရ ကမ္ဘာတစ်ဝန်းအခွန်ရှောင်သူ လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီ ၁၀၃၈ ဦးအနက် ၂၇၂ ဦးမှာ အင်ဒိုနီးရှားနိုင်ငံမှဖြစ်သည်။ အင်ဒိုနီးရှားဘဏ္ဍာရေးဝန်ကြီးသည် ပေါက်ကြားခဲ့သော စာလွှာစာတမ်းများ၌ ဖော်ပြခံထားရသူ မိမိ၏နိုင်ငံသားများနှင့်ကုမ္ပဏီများကို စုံစမ်းစစ်ဆေးရန် အခွန်ဌာနကို ညွှန်ကြားထားကြောင်း ယင်းဌာန၏အကြီးအကဲ ဒီယူဂါ စတာဒီက ဂျကာတာ၌ မေ ၁၂ ရက်က ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံသား ၁၀၁၀ နှင့်ကုမ္ပဏီ ၂၈ ခုတို့သည် ဟန်ပြကုမ္ပဏီများကို ပြည်ပ၌ဖွဲ့ဖွင့်လှစ်ခဲ့ကြသည်ဟု ပနားမားစာလွှာစာတမ်းအရှုပ်တော်ပုံတွင် ဖွင့်ချခဲ့သည်။

ပနားမားစာလွှာစာတမ်းများအရ မှတ်တမ်းတင်ခံရသော အင်ဒိုနီးရှားအခွန်ထမ်း ၇၈ ဦးကို ဆင့်ခေါ်ကာ အခွန်ရှောင်လွှဲခဲ့ခြင်းရှိ မရှိ စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အခွန်ဌာနအကြီးအကဲက ပြောကြားသည်။ **ရိုက်တာ။**

မြောက်ကိုရီးယား၏ အဏုမြူစမ်းသပ်ရေးစခန်းကို တောင်ကိုရီးယားစောင့်ကြည့်လေ့လာနေဟုဆို

ဆိုးလ် မေ ၁၂

မြောက်ကိုရီးယားနိုင်ငံ၏ အဏုမြူစမ်းသပ်ရေးစခန်းကို မိမိတို့အထူးသတိကြီးစွာ စောင့်ကြည့်နေကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာနက မေ ၁၂ ရက်တွင် ပြောကြားသည်။

မြောက်ကိုရီးယားနိုင်ငံသည် အဏုမြူဖောက်ခွဲစမ်းသပ်ရန်အတွက် ပန်ဂေးရီ အဏုမြူစမ်းသပ်ရေးစခန်း၌ ပြင်ဆင်မှုများကို အလုံးစုံပြုလုပ်ထားကြောင်း၊ ယင်းစခန်း၏ ဖြစ်ပေါ်တိုးတက်မှုများကို မိမိတို့စဉ်ဆက်မပြတ်စောင့်ကြည့်နေကြောင်း တောင်ကိုရီးယား ကာကွယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ မွန်ဆန်းဂျွန်က သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မြောက်ကိုရီးယားသည် အဏုမြူစမ်းသပ်မှုကို မည်သည့်အချိန်တွင်မဆို ပြုလုပ်နိုင်ရန် အဆင်သင့်ရှိနေကြောင်း ၎င်းကပြောကြားသည်။

မေ ၉ ရက်က ပြီးဆုံးခဲ့သည့် မြောက်ကိုရီးယားအလုပ်သမားများပါတီ၏ သတ္တမအကြိမ် ပါတီညီလာခံမတိုင်မီ မြောက်ကိုရီးယားက ၎င်း၏ ပဉ္စမမြောက် အဏုမြူစမ်းသပ်မှုကို ပြုလုပ်မည်ဟု မျှော်လင့်ခဲ့ကြသည်။

မေ ၈ ရက်တွင် ကျင်းပသည့် မြောက်ကိုရီးယားအလုပ်သမားများပါတီ၏ ပါတီညီလာခံတွင် မြောက်ကိုရီးယား ထိပ်တန်းခေါင်းဆောင် ကင်ဂျုံအန် ပြောကြားခဲ့သည့် မိန့်ခွန်းကို အစိုးရရုပ်မြင်သံကြားဌာနက ထုတ်လွှင့်ခဲ့သည်။ ယင်းမိန့်ခွန်းတွင် ကင်ဂျုံအန်က မြောက်ကိုရီးယားသည် တာဝန်ယူမှုရှိသော အဏုမြူလက်နက်ပိုင်နိုင်ငံအဖြစ် ပြောကြားခဲ့သည်။

ကိုရီးယားကျွန်းဆွယ်ဒေသရှိ နှစ်နိုင်ငံမှ အဆင့်အတန်းပေါင်းစုံ တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခြင်းဖြင့် နှစ်နိုင်ငံအကြား နားလည်မှုလွဲမှားခြင်းနှင့် သံသယများကိုဖယ်ရှားကြရန် ကင်က အဆိုပြုပြောကြားခဲ့သည်။ **ဆင်ဟွာ။**

အက်ဖ်-၁၆ တိုက်လေယာဉ်များနေရာတွင် အက်ဖ်-၃၅ တိုက်လေယာဉ်များအစားထိုးရန် ဒိန်းမတ်စီစဉ်

ကိုပင်ဟေဂင် မေ ၁၂

အိုမင်းဟောင်းနွမ်းနေပြီဖြစ်သော အက်-၁၆ တိုက်လေယာဉ်များနေရာတွင် အစားထိုးရန်အတွက် အမေရိကန် လေယာဉ်ထုတ်လုပ်ရေးကုမ္ပဏီ လော့ဟိမာတင် တည်ဆောက်ထားသော အက်ဖ်-၃၅ လေယာဉ် (ပူးတွဲတိုက်ခိုက်ရေးလေယာဉ်)ကို ဒိန်းမတ်အစိုးရက အကြံပြု ထောက်ခံလိုက်သည်။

ဒိန်းမတ်ဝန်ကြီးချုပ် လားစ်လော့ကဲခ်ရက်စ် မက်ဆန်က အဆိုပါရွေးချယ်မှုကို ကာကွယ်ရေးဝန်ကြီး ပီတာခရစ္စတန်ဆင်နှင့်ပြုလုပ်သော ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ခု၌ ကြေညာခဲ့ခြင်းဖြစ်ပြီး ဒိန်းမတ်နိုင်ငံအနေဖြင့် အက်ဖ်-၃၅ တိုက်လေယာဉ် ၂၇ စင်း အော်ဒါမှာယူရန် အကြံပြုလိုက်သည်။

"လက်နက်တပ်ဆင်ဖို့ ဒါမှမဟုတ် လက်နက်ဖျက်သိမ်းဖို့ ထုတ်ဖော်ပြောနေတာ မဟုတ်ပါဘူး။ လေယာဉ်အသစ်တွေကို သုံးပြီး အရင်အတိုင်းပဲ တာဝန်တွေကို ကျွန်တော်တို့ ဆက်လက်ထမ်းဆောင်နိုင်မှာပါ"ဟု ရက်စ်မက်ဆန်က ဆိုသည်။

အဆိုပါအကြံပြုချက်မှာ ဝယ်ယူရန်လျာထားသော လေယာဉ်အမျိုးအစား သုံးမျိုးဖြစ်သည့် Eurofighter Typhoon ၊ Boeing F-18 Super Hornet နှင့် F-35 Lighting II တို့ကို တန်ဖိုးဖြတ်ခဲ့သော ဒိန်းမတ်လေယာဉ်သစ်ဝယ်ယူရေးအစီအစဉ်ရုံးမှ အစီရင်ခံစာတစ်ခုအပေါ် အခြေခံထားခြင်းဖြစ်သည်။ ခရစ္စတန်ဆင်၏ အဆိုအရ အက်ဖ်-၃၅ တိုက်လေယာဉ် ၂၇ စင်း ဝယ်ယူရေးမှာ ဒိန်းမတ်ခရိုနာ ၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာသုံးဘီလီယံ) ကုန်ကျမည်ဖြစ်ပြီး စုစုပေါင်းကုန်ကျစရိတ်များမှာ ဒိန်းမတ်ခရိုနာ ၅၆ ဒသမ ၄ ဘီလီယံထိရှိမည်ဟု မျှော်မှန်းထားသည်။

တိုက်လေယာဉ်သစ်များ ဝယ်ယူရေးကိစ္စဆွေးနွေးရန် ယနေ့မွန်းလွဲပိုင်းက နိုင်ငံရေးပါတီ ခုနစ်ခု တွေ့ဆုံခဲ့သည်။ ဒိန်းမတ်နိုင်ငံမှာ အက်ဖ်-၃၅ ပူးတွဲတိုက်လေယာဉ် တည်ဆောက်ရေးအစီအစဉ်တွင် ၁၉၉၇ ခုနှစ်ကတည်းက မိတ်ဖက်နိုင်ငံတစ်ခုဖြစ်ခဲ့ပြီး ယင်းလေယာဉ်များမှာ ဒိန်းမတ်နိုင်ငံ၏ တိုက်လေယာဉ်အစားထိုးရေးအစီအစဉ်တွင် ဦးစားပေးအမျိုးအစားအဖြစ် ယခင်ကတည်းက သတ်မှတ်ထားကြောင်း သိရသည်။

ဆင်ဟွာ။

လွတ်တော်ရေးရာ

အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးရန် ကန့်ကွက်သူမရှိ အတည်ပြု

နေပြည်တော် မေ ၁၂

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဗိုလ်ချုပ်လမ်းနှင့် ပြည်လမ်းထောင့်ရှိ ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေကို ပွင့်လင်းမြင်သာမှုမရှိဘဲ အများပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းမရှိသော ပုဂ္ဂလိကဆေးရုံတည်ဆောက်ရန် ငှားရမ်းပေးခြင်းအား ရပ်ဆိုင်းပေးရန် အဆိုကို ယနေ့ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် ကန့်ကွက်သူမရှိ အတည်ပြုလိုက်သည်။

ယင်းအဆိုနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ် အများစုကထောက်ခံဆွေးနွေးကာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးကပညာရှင်ရှုထောင့်မှ တင်ပြခဲ့ပြီး လွှတ်တော်၏ အတည်ပြုချက်ရယူရာ ကန့်ကွက်သူမရှိသဖြင့် အဆိုကို ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အတည်ပြုကြောင်း ကြေညာသည်။

ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်

ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး

အဆိုနှင့်စပ်လျဉ်း၍ ပုလဲမဲဆန္ဒနယ်မှ ဒေါ်ခင်စန်းလှိုင်က ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် ငှားရမ်းပေးခြင်းသည် အများအကျိုးစီးပွားကို ဖော်ဆောင်နိုင်မှုမရှိကြောင်း၊ နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို ထိခိုက်စေကြောင်း၊ သတ်မှတ်ထားသည့် မူဝါဒများ၊ အစီအစဉ်များမှာ ပွင့်လင်းမြင်သာမှုမရှိကြောင်း၊ ယခုငှားရမ်းသည့်မြေနေရာသည် ရန်ကုန်မြို့၏အချက်အချာကျသည့် နေရာဖြစ်သောကြောင့် နိုင်ငံတော်၏ အကျိုးစီးပွားကိုရှေးရှုပြီး မျိုးဆက်သစ်များအတွက် အကျိုးရှိရှိအသုံးချနိုင်ရန် ငှားရမ်းခြင်းအား ရပ်ဆိုင်းသင့်ပါကြောင်း ဆွေးနွေးသည်။

ပြည်မဲဆန္ဒနယ်မှ ဒေါက်တာခင်စိုးစိုးကြည်က ယခုအချိန်အခါသည် ပြည်သူ့ဘဏ်ပြု ကျန်းမာရေးစနစ်ကို ဆောင်ရွက်နေချိန်ဖြစ်ကြောင်း၊ ပြည်သူ့ဘဏ်ပြု ကျန်းမာရေးစနစ်ကို ဆောင်ရွက်သွားမည်ဆိုပါက ကျန်းမာရေးဝန်ကြီးဌာနပိုင်မြေပေါ်၌ တည်ဆောက်သည့် ဆေးရုံတိုင်းတွင် ဆင်းရဲချမ်းသာမရွေး နိုင်ငံသားတိုင်း ဆေးကုသမှုခံယူနိုင်ရန် လိုအပ်ပါကြောင်း၊ ရန်ကုန်ဆေးရုံကြီးအား ယခုအခါတွင် ခုတင် ၂၀၀၀ ဆံ့ဆေးရုံကြီးအဖြစ် တိုးမြှင့်လိုက်သည့်အတွက် အထပ်မြင့်အဆောက်အအုံများ တိုးခဲ့နေရပါကြောင်း၊ သို့သော်လည်း နောင်တွင် ရန်ကုန်ဆေးရုံကြီးအတွက် အဆောက်အအုံများ ဆောက်လုပ်ရန် လိုအပ်လာဦးမည်ဖြစ်ပါကြောင်း၊ အဆိုပါမြေနေရာ၌ ပုဂ္ဂလိကဆေးရုံ တည်ဆောက်မည်ဆိုပါက ဝေကြေးတတ်နိုင်သူများသာ ကုသနိုင်မည်ဖြစ်ပြီး အများပြည်သူများအတွက် အခက်အခဲကြုံနိုင်ပါကြောင်း၊ သို့ဖြစ်၍ ပုဂ္ဂလိကဆေးရုံ တည်ဆောက်ရန် မြေနေရာငှားရမ်းခြင်းအား ရပ်ဆိုင်းရန်အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယင်းဆောင်ရွက်ချက်မှာ တင်ဒါခေါ်ယူမှုမရှိခဲ့ကြောင်း၊ ရန်ကုန်ဆေးရုံကြီးအနေဖြင့်လည်း လူနာများပြည့်နေသည့်အတွက် နောင်တွင် ဆေးရုံတိုးချဲ့ရန် လိုအပ်လာမည်ဖြစ်ကြောင်း၊ ထို့ပြင် ရန်ကုန်ဆေးရုံကြီးဘေး၌ သင်ကြားရေးဆေးရုံတစ်ရုံ တည်ဆောက်ရန်လိုအပ်ကြောင်း၊ ရန်ကုန်ဆေးရုံကြီး၏ သက်တမ်းမှာ ကြာမြင့်လာပြီ ဖြစ်သည့်အတွက် ယင်းအချက်ကိုလည်း ကြိုတင်ထည့်သွင်းစဉ်းစားထားသင့်ကြောင်း ထောက်ပြဆွေးနွေးသည်။

ထို့ပြင် ယနေ့အစည်းအဝေး၌ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးလင်းဇော်ထွန်း၏ ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ် မိုဘိုင်းဖုန်းဆက်သွယ်ရေး ကဏ္ဍတွင် မိုင်းဖြတ်မှ ၂၆ မိုင်ဝေးကွာသော နမ့်ပန်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ မိုင်းဖြတ်မြို့မှ ကျိုင်းတုံသွားလမ်းတွင် တည်ရှိသော မိုင်းဖြတ်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ မိုင်းဖြတ်မှ မိုင်းယောင်းလမ်းတွင် တည်ရှိသော မိုင်းတင်း၊ လန်းဆတ်ကျေးရွာအုပ်စုသို့ လည်းကောင်း၊ မိုင်းဖြတ်မှ မိုင်းခုတ်၊ မိုင်းလုံးလမ်းပေါ်ရှိ မိုင်းဟဲကျေးရွာအုပ်စုသို့ လည်းကောင်း ယနေ့အထိ ဖုန်းလိုင်းများဆက်သွယ်ရန် ခက်ခဲလျက်ရှိပါ၍ မိုဘိုင်းဖုန်း ဆက်သွယ်ရေးလွယ်ကူစေရန် ဆောင်ရွက်ပေးမည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်းမှ မိုင်းဖြတ်ကျေးရွာအုပ်စုတွင် GSM/UMTS စခန်း ၁ ခု ဖွင့်လှစ်ခဲ့ပြီးဖြစ်ပါကြောင်း၊ မိုင်းဖြတ်မှ မိုင်းယောင်းလမ်းတွင် တည်ရှိသော မိုင်းတင်း၊ လန်းဆတ်ကျေးရွာအုပ်စုတွင် GSM/UMTS စခန်းတစ်ခု တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ခုနှစ် အောက်တိုဘာလကုန်ခန့်တွင် ပြီးစီးရန်လျာထားကြောင်း၊ တယ်လီနောမြန်မာလီမိတက်အနေဖြင့်လည်း ၂၀၁၆ ခုနှစ်အတွင်း ရှမ်းပြည်နယ် (အရှေ့ပိုင်း) မိုင်းဖြတ်မြို့ မြောက်ဘက်ကွင်းအတွင်းရှိ တာဝါတိုင်တည်ဆောက်ခြင်းနှင့် စက်ပစ္စည်းများ တပ်ဆင်ခြင်း လုပ်ငန်း ပြီးစီးပြီဖြစ်သဖြင့် ဆက်သွယ်ရေးဝန်ဆောင်မှု လုပ်ငန်းများကို ဆောင်ရွက်ပေးနေပြီ ဖြစ်ပါကြောင်း။

ထို့ပြင် မိုင်းဖြတ်-ကျိုင်းတုံ လမ်းပေါ်ရှိ မိုင်းဖြတ်မှ ၆ မိုင်ခန့် အကွာအဝေးတွင်လည်း တာဝါတိုင် ၁ တိုင်တည်ဆောက်လျက်ရှိပြီး ၂၀၁၆ ဇွန်လကုန်တွင် ပြီးစီးမည်ဖြစ်ကြောင်း၊ အော်ရီဇူးမြန်မာလီမိတက်အနေဖြင့်လည်း မိုင်းဖြတ်မြို့ စျေးတန်းရပ်တွင် လည်းကောင်း၊ မိုင်းဖြတ်-တာချီလိတ် လမ်းမပေါ်တွင်ရှိသည့် မိုင်းဖြတ်မှ ၆ မိုင်ခန့် အကွာအဝေးတွင် လည်းကောင်း တာဝါတိုင်တည်ဆောက်ခြင်းနှင့် စက်ပစ္စည်းတပ်ဆင်ခြင်း လုပ်ငန်းများ ပြီးစီးပြီဖြစ်၍ ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေပြီဖြစ်ကြောင်း။

တယ်လီနောမြန်မာလီမိတက်အနေဖြင့် မိုင်းဖြတ်မြို့ စျေးတန်းရပ်နှင့် မိုင်းဖြတ်- တာချီလိတ် လမ်းမပေါ်ရှိ မိုင်းဖြတ်မှ ၆ မိုင်ခန့်အကွာတွင် ရှိသည့် အော်ရီဇူးမြန်မာ လီမိတက်၏ တာဝါတိုင်များအား Tower Sharing ပြုလုပ်လျက်ရှိရာ ၂၀၁၆ ခုနှစ်အတွင်း ပြီးစီးမည်ဖြစ်ကြောင်း၊ မိုင်းဖြတ်မြို့နယ်အတွင်း တာဝါတိုင် ၅ တိုင် တည်ဆောက်နိုင်ရေးအတွက် တယ်လီနောမြန်မာမှ မြေနေရာရှာဖွေလျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်က ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ ရန်ကုန်တိုင်းဒေသကြီး အေးမြသီတာ ရပ်ကွက် (ယခင်ဖလန်းကျေးရွာဟောင်း)မှ လယ်သမားကြီး ၁၇ ဦး၏ လယ်မြေများအား စက်မှုဇုန်ပြုလုပ်ရန် အကြောင်းပြသိမ်းယူပြီး ကုမ္ပဏီကြီး ၆ ခုသို့ ရောင်းစားမှုနှင့် ပတ်သက်၍ နစ်နာသူလယ်သမားများအား ကတိကဝတ်ရှိထားသည့်အတိုင်း သက်ဆိုင်ရာကုမ္ပဏီများမှ ကရုဏာကြေး၊ လျော်ကြေးများကို မည်သည့်အချိန်တွင် ပေးအပ်မည်၊ မပေးနိုင်သေးပါက အဘယ်ကြောင့်ဆိုသည်ကို သိရှိလိုကြောင်း မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာမြေလျော်ကြေး တောင်းခံလာသည့် ၁၈၈ ဦးနှင့် ၂၀၁၃ ခုနှစ်တွင် တွေ့ဆုံခဲ့ကြောင်း၊ ကုမ္ပဏီများနှင့် လယ်သမားအကြားတွင် ညှိနှိုင်းပေးခဲ့ပြီး သိန်းပေါင်းသုံးသောင်းကျော် လျော်ကြေးပေးခဲ့ကြောင်း၊ မေးခွန်းပါ လယ်သမားကြီး ၁၇ ဦးသည် လျော်ကြေးပေးပြီးသည့် ၁၈၈ ဦးစာရင်းတွင် မပါဝင်သည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယင်းလယ်သမား ၁၇ ဦးနှင့် တာဝန်ရှိသူများတွေ့ဆုံ၍ ညှိနှိုင်းမှုများ ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

(သတင်းစဉ်)

ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုနှင့်အညီ ဒေသပွံ့ဖြိုးရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁၂

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့အနေဖြင့် ဥပဒေနှင့်အညီ ဆောင်ရွက်လိုသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို လုပ်ထုံးလုပ်နည်းနှင့်အညီ နိုင်ငံတော်သမ္မတထံ တင်ပြဆောင်ရွက်နိုင်ကြောင်း နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်က ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပထမပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့တွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ ကိုးကန့်ဒေသ ဖွံ့ဖြိုးရေးအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ဖြေကြားသည်။

ထို့ပြင် နိုင်ငံတော်သမ္မတ၏ သီးသန့်ရန်ပုံငွေ ကျခံသုံးစွဲခြင်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေ၏ အပိုင်း(၄)၊ ပုဒ်မခွဲ(က)၊ အပိုဒ်ခွဲငယ်(၁)တွင် ကြိုတင်မမျှော်မှန်းနိုင်သော သဘာဝဘေးအန္တရာယ်များအတွက် အသုံးစရိတ်ဖြစ်ခြင်း၊ အပိုဒ်ခွဲငယ်(၂)တွင် "ဘဏ္ဍာရေးနှစ်အတွင်း မသုံးစွဲလျှင်မဖြစ်သည့် အထူးကိစ္စရပ်ဖြစ်ခြင်း"၊ အပိုဒ်ခွဲငယ်(၃)တွင် "တည်ဆဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများအရ ခေါင်းစဉ်လွှဲပြောင်းကျခံရန် မဖြစ်နိုင်ခြင်း သို့မဟုတ် ခေါင်းစဉ်လွှဲပြောင်း ကျခံရန်အတွက် ရန်ပုံငွေမရှိခြင်း"ဟု လည်းကောင်း၊ ပုဒ်မ ၂၄ ပုဒ်မခွဲ(ခ)တွင် "သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲခြင်းကို ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရသာ ခွင့်ပြုရမည်"၊ ပုဒ်မခွဲ(ဂ)တွင် "ပြည်ထောင်စုအစိုးရအဖွဲ့သည် သီးသန့်ရန်ပုံငွေမှ ကျခံသုံးစွဲသည့် ကိစ္စရပ်များကို ကိစ္စတစ်ရပ်ချင်း ကျိုးကြောင်းဖော်ပြချက်များနှင့်အတူ အနီးကပ်ဆုံး ကျင်းပသော ပြည်ထောင်စုလွှတ်တော်အစည်းအဝေးသို့ တင်ပြရမည်"ဟုလည်းကောင်း ပြဋ္ဌာန်းထားကြောင်း၊ ပြဋ္ဌာန်းချက်များနှင့် ကိုက်ညီပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်ဖြင့် သုံးစွဲနိုင်ကြောင်း ပြဋ္ဌာန်းထားပြီးဖြစ်ပါကြောင်း၊ ကိုးကန့်ဒေသပြန်လည်ထူထောင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနများမှ ကဏ္ဍအလိုက် ဘဏ္ဍာနှစ်အလိုက် ရန်ပုံငွေခွဲဝေရရှိမှုနှင့်အညီ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို စီမံဆောင်ရွက်ပေးလျက်ရှိကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက ချင်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဇုန်လှယ်ထန်း၏ နယ်စပ်ရေးရာဝန်ကြီးဌာနက "ငြိမ်း" အစီအစဉ်ဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက်လမ်းတစ်ခုအား ဖောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်၏ မေးမြန်းချက်ပါ ကျေးရွာချင်းဆက်လမ်းကို ဖောက်လုပ်ပေးခြင်းဖြင့် ချင်းပြည်နယ် ဖလမ်းမြို့နှင့် အိန္ဒိယနယ်စပ်သို့ ကူးသန်းသွားလာနိုင်မည်ဖြစ်၍ ဒေသခံပြည်သူလူထု၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူပြုစေနိုင်မည်ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ဖလမ်းမြို့နယ်အတွင်းရှိ အိုင်ကွန်-အိုင်ရဲဘွာလ် - ကြောင်းသွေ့ - ကောဆဲ ၁၃ ရွာဖြတ် ကျေးရွာချင်းဆက်လမ်း (၃၉) မိုင်အနက် လမ်းမိုင် ၁၃ မိုင်ကို (၁၈)ပေအကျယ် လမ်းတာချဲ့ခြင်း၊ ၅ ပေ သံကူကွန်ကရစ် ရေထုတ်ပွိန် ၃၇ စင်း၊ ၁၀ ပေသစ်သားတံတားတစ်စင်းတို့ကို ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်၌ ငြိမ်းချမ်းရေးနှင့် တည်ဆောက်ရေးရန်ပုံငွေမှ လျာထားဆောင်ရွက်သွားမည်ဖြစ်ပြီး ကျန်ရှိလုပ်ငန်းများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် မူလခွင့်ပြုရန်ပုံငွေမှစ၍ ရန်ပုံငွေတင်ပြတောင်းခံပြီး ရန်ပုံငွေခွင့်ပြုမှုနှင့်အညီ ဘဏ္ဍာရေးနှစ်အလိုက် အပိုင်းလိုက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ်

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်

ယင်းနောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးခင်မောင်လတ်၏ ရသေ့တောင်မြို့နယ် ပန်ဇင်းမော် တာတမံတည်ဆောက်ခြင်းကို အလျင်အမြန် အကောင်အထည်ဖော် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍ ပန်ဇင်းမော် ရေဝန်တားတာတည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်ရန်ပုံငွေကျပ်သန်း ၆၂၃ သန်းကို ၂၀၁၆ -၂၀၁၇ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ မူလရန်ပုံငွေတွင် တင်ပြတောင်းခံခဲ့ရာ လျာထားရရှိပြီးဖြစ်၍ ရန်ပုံငွေခွဲဝေရရှိသည်နှင့် လုပ်ငန်းများကို အလျင်အမြန် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပေးပို့လာသော နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ရုပ်သိမ်းသည့်ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဒေါ်နွယ်နွယ်အောင်က ဖတ်ကြားတင်ပြရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

အစည်းအဝေး(၂၄) ရက်မြောက်နေ့ကို မေ ၁၆ ရက် နံနက်ပိုင်းတွင် ဆက်လက်ကျင်းပသွားရန် လျာထားကြောင်းသိရသည်။

(သတင်းစဉ်)

အညာဒေသသဲချောင်းများတွင် မြေအောက်ရေလှောင်တမံများ တည်ဆောက်၍ ရေရှားပါးမှုပြဿနာဖြေရှင်း

သောင်းစိန်(ဘူမိအင်ဂျင်နီယာ)



နိုင်ငံတော်စီမံချက်ဝန်ကြီးဌာနများမှ ဆောင်ရွက်သင့်သော အကြီးစားမြေအောက်ဆည်ပုံ။

အညာဒေသ အထူးသဖြင့် မကွေးတိုင်း၊ မန္တလေးတိုင်း ဒေသကြီးအတွင်းရှိ ကျောက်ပန်းတောင်း၊ မြိုင်၊ ပခုက္ကူ၊ နတ်မောက် အစရှိသည့် ဧရာဝတီမြစ်အရှေ့ဘက်ခြမ်း၊ အနောက်ဘက်ခြမ်းများရှိ မြို့နယ်များ၏ သဲချောင်းများတွင် ကျေးရွာများရေရရှိရေးအတွက် အလေးထားဆောင်ရွက်သင့်သော စီမံချက်တစ်ရပ်အနေဖြင့် တင်ပြလိုက်ပါသည်။

အညာဒေသရေရှားပါးမှုကို ဖြေရှင်းကြရာတွင် ကိုယ်ထူကိုယ်ထဖြင့်လည်းကောင်း၊ ဌာနဆိုင်ရာတို့၏ စီမံကိန်းများဖြင့်လည်းကောင်း ဆောင်ရွက်ကြရာ

၁။ ရေကန်ကြီးများတူး၍ရေသိုလှောင်ခြင်း၊
၂။ စက်ရေတွင်းများတူး၍ရေထုတ်ယူသုံးစွဲခြင်း၊
၃။ ဆည်နှင့်ရေလှောင်တမံများတည်ဆောက်၍ ရေပေးဝေခြင်း၊
၄။ မြစ်ရေတင်စီမံကိန်းများဖြင့် ရေတင်ပြီး တူးမြောင်းများဖြင့် ရေပေးဝေခြင်း အစရှိသဖြင့် ခေတ်အဆက်ဆက်လုပ်ကိုင်ဆောင်ရွက်လာကြရာ အမှတ်စဉ် (၁)နှင့် (၂)တို့မှာ ကျေးရွာလူထုအတွက် သောက်သုံးရေ ရရှိသော်လည်း အမှတ်စဉ် (၃)နှင့် (၄) တို့မှာ စိုက်ပျိုးမြေများအတွက် အသုံးပြုခဲ့ပါသည်။

ယခုအခါ ကျေးရွာလူထုသောက်သုံးရေရရှိရေးအတွက် ယခင်ကနှစ်ပတ်လည်ရေရရှိနေသော ရေကန်ကြီးများမှာလည်း မိုးခေါင်ပြီးရေဝေရေလဲ သစ်တောသစ်ပင်များနည်းပါးလာ၍ နွေပေါက်သည်နှင့်ရေမရှိတော့ခြင်း၊ ကန်သစ်များတူးဖော်သော်လည်း ရေနေ၊ မနေမြေစမ်းသပ်ခြင်း(Soil test) များမလုပ်ဘဲ ကန်သာတူး၍အောက်သို့ရေစိမ့်ဝင်ပြီး နေပူရှိန်ကြောင့် အငွေ့ပြန်ကာ ရေများကန်အတွင်း၌ ခန်းခြောက်ခြင်းများ၊ အဝီစိစက်ရေတွင်းများမှာလည်း နည်းပညာနားမလည်သော ကန်ထရိုက်တာများကြောင့် ရေရှည်မခံခြင်းတို့ဖြင့် ကျေးရွာလူထုမှာ ငွေကုန်သံပြာဖြစ်လျက် ယခုအခါ ပရဟိတအလှူရှင်များမှ နွေပေါက်လျှင်ရေကားများနှင့် ကျေးရွာအရောက်လှူဒါန်းလျက် အညာဒေသရေရှားပါးမှုကို ဖြေရှင်းနေကြရပါသည်။

ဤသို့ဆိုလျှင် အခြားနည်းများကောရှိသေးလားဟုမေးစရာရှိရာ ဖြေစရာတစ်ခုရှိနေပါ၍ ဤဆောင်းပါးဖြင့် အကြံပြုတင်ပြလိုက်ရပါသည်။ ၎င်းသဲချောင်းများအတွင်း မြေအောက်ရေလှောင်တမံများ တည်ဆောက်၍ ကျေးလက်ဒေသများ၏ ရေပြဿနာဖြေရှင်းနည်းပင်ဖြစ်ပါသည်။

၎င်းမြေအောက်ရေလှောင်တမံစီမံချက်ကို ၁၉၉၅ ခုနှစ်ဝန်းကျင်ခန့်က ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်၊ လူနေမှုဆိုင်ရာအဖွဲ့(မြန်မာနိုင်ငံ)က လူထုရေရရှိရေးနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးစီမံကိန်း (မြန်မာ/ ၉၃/ ဝ၂၅) ဖြင့် ကျောက်ပန်းတောင်းမြို့နယ် ရွာလုကျေးရွာနှင့် ကျောက်စစ်ကန်ကျေးရွာတို့တွင် အက်ဆဲလ် အတိုင်ပင်ခံပညာရှင်အဖွဲ့မှ မြေအောက်ရေလှောင်တမံ တည်ဆောက်ခြင်းဆိုင်ရာတိုင်းတာခြင်း၊ ပုံထုတ်ခြင်း၊ ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်းတို့အား သင်တန်းများပေး၍ မြေအောက်ရေလှောင်တမံသုံးခုအား သင်တန်းကာလအတွင်း၌ပင် လက်တွေ့အကောင်အထည်ဖော် တည်ဆောက်နိုင်ခဲ့ပါသည်။

ထိုစဉ်က ကုလသမဂ္ဂအဖွဲ့အစည်းသည် နည်းပညာပေးပြီး ဒေသကျေးရွာနှစ်ရွာမှ ကုန်ကျစရိတ်ထည့်ဝင်ပံ့ပိုးခြင်းဖြင့် ဆောက်လုပ်ခဲ့သော်လည်း ၎င်းနောက်ပိုင်း ဆက်လက်အကောင်အထည်ဖော်မည့် သက်ဆိုင်ရာဝန်ကြီးဌာနများမှ စီမံကိန်းသေး၍ကုန်ကျစရိတ်မပြောပလောက်၍ စိတ်ဝင်စားမှုမရှိခြင်း၊ ကျေးရွာလူထုမှာလည်း ကုန်ကျစရိတ်မထည့်ဝင်နိုင်ခြင်းတို့ကြောင့် ၎င်းမြေအောက်ရေလှောင်တမံဆောက်လုပ်ခြင်းများ အကောင်အထည်ဖော်နိုင်ခြင်းမရှိတော့ပေ။

၎င်းမြေအောက်ဆည်(Underground Dam)များကို ဂျပန်၊ ကိုရီးယား၊ တရုတ်၊ အိန္ဒိယ၊ အီသီယိုးပီးယား၊ ဘရာဇီ၊ ကင်ညာနှင့် အမေရိကန်နိုင်ငံတို့မှလည်း တည်ဆောက်ကြသည့် သာဓကများရှိကြပါသည်။ ၎င်းမြေအောက်ဆည် တည်ဆောက်လို့ သစ်ပင်တွေမခုတ်လဲရပါ။ ချောင်းထဲကသဘာဝသယံဇာတတွေလည်း မထိခိုက်ပါ။ ပတ်ဝန်းကျင်စိမ်းလန်းပြီး သဘာဝပတ်ဝန်းကျင် ထိခိုက်မှာလည်း မစိုးရိမ်ရပါ။ ဧရာဝတီမြစ်ထဲ စီးဝင်မည့်ရေဝင်ပမာဏလည်း မထိခိုက်ပါ။ တည်ဆောက်၍ကုန်ကျမည့် စီမံကိန်းစရိတ်ကလည်း ဆည်ကြီးတစ်ခု တည်ဆောက်သည်ထက် အဆတစ်ထောင်၊ တစ်သောင်းသက်သာပြီး ကျေးရွာလူထုရေရရှိရေးအတွက် အထိရောက်ဆုံး စီမံချက်တစ်ရပ်ဖြစ်ပါသည်။ အစိုးရသစ်၏ ရက် (၁၀၀) စီမံချက်များမှာ သက်ဆိုင်ရာဌာနများကသာလုပ်ကြမယ်ဆိုလျှင် လူထုကိုအဆွဲဆောင်နိုင်ဆုံး ရေရရှိရေးစီမံချက်တစ်ခုဖြစ်ကြောင်း တင်ပြလိုပါသည်။

ထိုစဉ်က စာရေးသူဆည်မြောင်းဦးစီးဌာနတွင် တာဝန်ထမ်းဆောင်စဉ် ၎င်းသင်တန်းတက်ရောက်ခဲ့ဖူးပါသည်။ သို့ပါ၍ မြေအောက်ဆည် တည်ဆောက်ခြင်းနည်းပညာနှင့် ဆောင်ရွက်ပုံအကျဉ်းဖော်ပြလိုက်ပါသည်။

၁။ မြေအောက်ရေလှောင်တမံ

မိုးရာသီ ရေစီးရေလာရှိတတ်သည့် သဲချောင်းများ၌ တွေ့ရှိရသော မြေအောက်ဆည်တစ်ခုတွင် အခြေခံအားဖြင့် သဲချောင်း၏အောက်ခံကြမ်းပြင်၌ ချောင်းကိုကန့်လန့်ဖြတ်လျက်တည်ရှိသော ရေမစိမ့်နိုင်သည့် သဘာဝတာတမံ(ရွှံ့စေး သို့မဟုတ် ကျောက်လွှာ) တစ်ခုပါရှိစမြဲဖြစ်ပါသည်။ ဤသို့သဘာဝတာတမံတည်ရှိရာနေရာမှ ချောင်း၏အထက်ပိုင်းသို့ သဘာဝသဲအိုင် သို့မဟုတ် တောင်ကျရေတွင်ပါရှိသည့်ရေများကို ထိုသဲအိုင်သဲထုအတွင်း တားဆီးသိုလှောင်ထားခြင်းဖြင့် သဘာဝမြေအောက်ဆည်တစ်ခုတည်ဆောက်ခြင်းဖြစ်သည်။

၂။ ရေသိုလှောင်မှုပမာဏနှင့် ရေထုတ်ယူရရှိပုံ

(က) သဲ၏သဲပွင့်အရွယ်အစား
(ခ) ဆည်အတွင်းရှိသဲထုပမာဏ
(ဂ) ဆည်၏အောက်ခံကြမ်းပြင်နှင့် ကမ်းပါးများအတွင်း ရေစိမ့်ဝင်ဆုံးရှုံးမှုပမာဏ အနည်းအများ
(ဃ) သဲချောင်း၏ အပေါ်ယံသဲမျက်နှာပြင်အောက်တွင်တည်ရှိသော သဘာဝတာတမံ၏အမြင့်ကို အပေါ်ယံ သဲမျက်နှာပြင်နှင့်အညီဖြစ်စေသည် အထိ မြှင့်တင်ပေးခြင်းအားဖြင့် ဆည်အတွင်းမှ ရေ၏မျက်နှာပြင်ကိုလည်း မြှင့်တင်စေပြီး တစ်ချိန်တည်းမှာပင် ရေလှောင်ကန်၏ အရွယ်အစားကိုလည်း ချောင်းအထက်ပိုင်းသို့ ချဲ့ထွင်ကျယ်ပြန့်သွားစေသည်။
(င) သဲဆည်မှ ရေထုတ်ယူအသုံးပြုနိုင်ရန် ဆည်အတွင်း အနက်ဆုံးအပိုင်းတွင် အမာခံနံရံပါရှိသော ရေတွင်းတစ်ခုအား တူးဖော်ရပါမည်။ ၎င်းအပြင် ရေထုတ်ပိုက်တစ်ခုအား ဆည်အတွင်းဘက်ရှိအစွန်တွင် ရေစစ်ကိရိယာကို တပ်ဆင်ထားရပါမည်။ ဆည်အပြင်ဘက်ရှိသော အစွန်ကိုမူ ဆည်အောက်ဘက်မလှမ်းမကမ်း၌ ဆောက်လုပ်ထားသော မြေပြင်ရေတိုင်နှင့် ဆက်သွယ်ပေးရပါမည်။

၃။ လေ့လာတိုင်းတာခြင်း၊ ပုံထုတ်ခြင်းနှင့် လုပ်ငန်းပမာဏခန့်မှန်းတွက်ချက်ခြင်း

မြေအောက်ရေလှောင်တမံများအား တည်ဆောက်ရန် နေရာရွေးချယ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များသည် အတိမ်းအစောင်းမရှိဘဲ အတိအကျလိုက်နာဆောင်ရွက်ရန်လိုအပ်ပါသည်။

သတ်မှတ်ချက်များမှာ ဤမြေအောက်ရေလှောင်တမံများသည် မိုးရာသီတွင်သာရေရှိပြီး တောင်ကျရေတွင်သဲများ သယ်ယူတတ်သော သဲချောင်းများတွင်သာ အောင်မြင်စွာ တည်ဆောက်နိုင်ပါသည်။

သို့ဖြစ်၍ အမှန်တကယ်ကွင်းဆင်းလေ့လာခြင်း အဆင့်သို့မရောက်မီမှာပင် မြေပုံများ၊ ကောင်းကင်မြေပုံများ၊ ဓာတ်ပုံများအား ကြိုတင်လေ့လာစိစစ်ခြင်းအားဖြင့် အလားအလာရှိသော နေရာဒေသများအား လေ့လာရှာဖွေရာတွင် အကြမ်းဖျင်းအားဖြင့် သိရှိနိုင်ပါသည်။ တည်ဆောက်မည့်နေရာရွေးချယ်ပြီးပါက

၁။ ရေလုံသောရေလှောင်ကန်ရှိမှု၊
၂။ မြေအောက်သဘာဝတာတမံ၏အနေအထား၊
၃။ သဘာဝတာတမံမရှိသည့်သဲချောင်းများ၊
၄။ ချောင်းကွေ့များ၊
၅။ သဲချောင်း၏အကျယ်၊
၆။ သဲချောင်း၏အလျား အစရှိသဖြင့် ၎င်းတို့၏ အနေအထားတို့ပေါ်မူတည်၍ တည်ဆောက်သင့်သော နေရာကိုရွေးချယ်သင့်သည်။

၄။ မြေအောက်ရေလှောင်တမံတည်ဆောက်ရန် အသင့်လျော်ဆုံး သဘာဝမြေအောက်တာတမံကိုရွေးချယ်ခြင်း

(က) သဲထု၏အတိမ်အနက်စစ်ဆေးခြင်း(Sand Layer Investigation)၊
(ခ) သဲထုအောက်ရှိ ရေမစိမ့်နိုင်သောအောက်ခံရွှံ့စေးအလွှာ(သို့)ကျောက်သားအား လေ့လာစစ်ဆေးခြင်း၊
(ဂ) ထုတ်ယူနိုင်မည့်ရေပမာဏကို ခန့်မှန်းတွက်ချက်ခြင်းတို့အား အင်ဂျင်နီယာဘူမိဗေဒပညာရှင်များက ရွေးချယ်စစ်ဆေးနိုင်မည်ဖြစ်သည်။

၅။ မြေအောက်ရေလှောင်တမံအားပုံထုတ်ခြင်း

(က) သပ်ကျင်းတူး၍ရွှံ့စေးထည့်ခြင်း၊
(ခ) သပ်ကျင်းတူး၍ ဘိလပ်မြေသရိုးခေါ် ကွန်ကရစ် နံရံတည်ဆောက်ခြင်း၊
(ဂ) Bore Pile များတူး၍ ကွန်ဂရစ်တိုင်များတည်ဆောက်ခြင်းနည်းတို့ဖြင့် ပုံထုတ်တည်ဆောက်နိုင်ပါသည်။

ယခုအခါ တည်ဆောက်ခြင်းနည်းပညာများဖွံ့ဖြိုးတိုးတက်လာပြီဖြစ်၍ ဆည်မြောင်းအင်ဂျင်နီယာများနှင့် တိုင်ပင်၍ တည်ဆောက်နိုင်ပြီဖြစ်ပါသည်။

ဤဆောင်းပါးတွင် လူထုလူတန်းစားအသီးသီးနှင့် ဆောင်ရွက်နေသော အဖွဲ့အစည်းအသီးသီးသို့ ၎င်းဒေသဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ကျေးရွာလူထုဗဟုသုတရရှိရန်နှင့်ဆောင်ရွက်နိုင်ရန်အကျိုးငှာ တင်ပြခြင်းဖြစ်ပါသည်။

မြေအောက်ဆည်တည်ဆောက်ရာတွင် အားနည်းချက်၊ အားသာချက်များလည်းရှိသည်ဖြစ်ရာ စဉ်းစားဆုံးဖြတ်ရာတွင် အထူးထည့်သွင်းရန် ကိစ္စများလည်းရှိပါသည်။

အားသာချက်များ

(က) အငွေ့ပြန်ဆုံးရှုံးမှု လုံးဝဖြစ်ပေါ်ခြင်းမရှိ (သဲထုနှစ်ပေ အနက်အောက်)
(ခ) ရေညစ်ညမ်းမှုအထူးလျော့နည်းခြင်း
(ဂ) လေတိုက်နှုန်းမြင့်မားသောအရပ်တွင် ပိုမိုတည်ဆောက်သင့်
(ဃ) နုန်းတင်ခြင်းမှာ ကနဦးအဆင့်တွင်ရှိပြီး နောက်ထပ်နုန်းတင်ခြင်းနည်းပါးခြင်း
(င) ရေစိမ့်ယိုဆုံးရှုံးမှုအနည်းဆုံးဖြစ်ခြင်း
(စ) ဆောက်လုပ်ရေးကုန်ကျစရိတ် အလွန်သက်သာခြင်း
(ဆ) ထိန်းသိမ်းပြုပြင်ခြင်း လုပ်ငန်းများမှာလည်း အလွန်ရှင်းလင်းလွယ်ကူခြင်း၊ အဓိကမှာ တောင်ကျရေကျဆင်းသွားပြီးတိုင်း ရေလှောင်တမံအတွင်းရှိ ရေတွင်းမှ အမှိုက်သရိုက်များ ရှင်းလင်းဖယ်ရှားခြင်းသာရှိသည်။

အားနည်းချက်များ

(က) ရေထိန်းသိမ်းသိုလှောင်နိုင်စွမ်းမြင့်မားသော သဲကြမ်းများရရှိရန်အတွက် ရေဝေရေယာသည် ကျောက်မြေအမျိုးအစား(သို့)ကျောက်ဆောင်ကျောက်တုံးထူထပ်သော ဒေသဖြစ်လျှင် ပို၍ကောင်းပါသည်။
(ခ) တည်ဆောက်မည့်နေရာ ရွေးချယ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များကို အထူးတိကျစွာ လိုက်နာရန် အင်ဂျင်နီယာဘူမိပညာရှင်များနှင့် ဆည်မြောင်းလုပ်ငန်း ကျွမ်းကျင်အင်ဂျင်နီယာများ ကြီးကြပ်ရန်လိုအပ်ပါသည်။
(ဂ) တိုင်းတာခြင်း၊ တည်ဆောက်ခြင်းနှင့်ပုံထုတ်ခြင်းလုပ်ငန်းအားလုံး စနစ်တကျလေ့လာသင်ကြားပေးထားသော ပညာရှင်များ၊ လုပ်သားများ ဦးဆောင်ကြီးကြပ်မှုဖြင့်သာ ဆောင်ရွက်သင့်သည်။ သို့ပါ၍ ဆောင်းပါးရှင်အနေဖြင့် အမိမြန်မာနိုင်ငံကြီးတွင် ရာသီဥတုဆိုးရွားခြင်း၊ ဂေဟစနစ်များပျက်စီးလာခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းဆိုင်ရာစနစ်များ ဆုတ်ယုတ်ပျက်စီးလာခြင်းများရှိသည့်ထဲမှ အညာမြေကျေးလက်များ ရေရရှိရေးဆောင်ရွက်ရာတွင် ပတ်ဝန်းကျင်ထိခိုက်မှုလုံးဝမရှိဘဲ အညာမြေပျော်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း အစွမ်းရှိသူများ စမ်းသပ်ဆောင်ရွက်သင့်သော စီမံချက်တစ်ခုအား အကြံပြုတင်ပြလိုက်ပါသည်။ ။



ကျေးရွာလူထုနှင့် အလှူရှင်များပူးပေါင်းဆောင်ရွက်သင့်သော မြေအောက်ဆည်ပုံ။

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)

ဒုတိယမြောက် ....ရှင်းတမ်း(သို့မဟုတ်)ရောင်းသူမဲ့အအေးဆိုင်နှင့်စာရိတ္တ

သရက်တန်းစိုးရှေ(စိတ်ပညာ)

ကိုယ်ကျင့်တရားကောင်းခြင်း၊ စာရိတ္တကောင်းခြင်းဆိုသော ဂုဏ်တစ်ခုသည် မြတ်နိုးဖွယ်ဖြစ်သလို တသသ ပီတိဖြစ်ရသည့်အရာတစ်ခုပင်ဖြစ်သည်။ လွတ်လပ်ခြင်း၊ ရဲရင့်ခြင်းဆိုသော သတ္တိများရသလို ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုတို့ ပြည့်ဝစေသည့် ကျင့်စဉ်ပင်ဖြစ်သည်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်သမျှ ငယ်ငယ်က ကိုယ်တိုင်တစ်ဖက်သတ်တွေးကာ ဂုဏ်ယူမိနေသော ဖြစ်ရပ်လေးတစ်ခုရှိနေသည်။ ထိုဖြစ်ရပ်လေးနှင့် ဆန့်ကျင်လာသည့်အဖြစ်များတွေ့နေရသည်လည်း ရှိနေပါသည်။ စနစ်တစ်ခု၏ သားကောင်ဖြစ်သွားခြင်း၏ ရလဒ်များဟုလည်း တွေးဆနိုင်ပေသည်။

ငယ်စဉ်က စာပေဝါသနာပါသူပီပီ စာတိုက်မှရန်ကုန်မြို့ရှိ မဂ္ဂဇင်းတိုက်များသို့ စာမူပို့ကာ ကလောင်သွေးနေသောကာလပင် ဖြစ်သည်။ စာအုပ်အဌားဆိုင်ကို အားထားပြီး ကိုယ့်စာမူပါ၊ မပါကို ကြည့်ရှုရသလို အလုပ်အားသည့်ရက်များတွင် မန္တလေးမြို့ရှိ နဂါးစာပေ၊ ထွန်းဦးစာပေများသို့ ထွက်သမျှ မဂ္ဂဇင်းများကို တစ်လနှစ်ခါ စက်ဘီးဖြင့်သွားရောက်ကြည့်လေ့ ရှိပေသည်။ မန္တလေးမြို့နှင့် ကိုယ်နေထိုင်သည့်ရွာမှာ ၁၅ မိုင်ခန့်ဝေးပြီး ထိုခရီးကို စက်ဘီးလေးဖြင့် သွားရသည်ကိုပင် ပျော်နေပေသည်။ သွားသည့်ခရီးတွင် မျှော်လင့်ချက်များစွာ ပါနေပေသည်။ ထိုမျှော်လင့်ချက်မှာ စာမူပါ၊ မပါ ကြည့်ခြင်းပင် ဖြစ်ပေသည်။

စာအုပ်ဆိုင်ထဲရောက်သည်နှင့် မဂ္ဂဇင်းများထားသည့်နေရာသို့ အလျင်အမြန်သွားကာ ကိုယ်ရေးသည့်မဂ္ဂဇင်းများကို ကောက်ယူကာ ကြည့်လိုက်ပေသည်။ မာတိကာကို အလျင်မကြည့်ရဲဘဲ ရင်ခုန်စွာဖြင့် စိတ်ရှည်လက်ရှည် နောက်မှစပြီး လှန်ကြည့်လိုက်မိပေသည်။ တစ်ရွက်လှန်လိုက်မတွေ့၊ နောက်တစ်ရွက်မတွေ့.. နောက်တစ်ရွက်.. မတွေ့ဖြင့် စာရွက်လှန်ရင်း ရင်တဒိတ်ဒိတ်ခုန်နေပေသည်။ အလယ်လောက်တွင် ကိုယ်ရေးသည့်စာမူပါလာမှ ထခုန်မတတ် ပျော်ရွှင်သွားပေသည်။ ကိုယ့်စာမူတွေ့ပြီဆိုသည်နှင့် မာတိကာကို လှန်ကြည့်လိုက်ပေသည်။ ကိုယ့်စာမူကို ငါးခါလောက်ဖတ်လိုက်ပေသည်။ ထို့နောက် နောက်မဂ္ဂဇင်းထပ်ကြည့်ပြီး ရင်ခုန်နေရပေသည်။

စာမူသွားကြည့်သည့်ခရီးတွင် ဂုဏ်ယူမိသည်က စာအုပ်ဆိုင်၏ လုပ်ဆောင်မှုပင်ဖြစ်သည်။ ကျယ်ပြန့်သော နဂါးစာပေတွင် ကိုယ်လိုချင်သည့်စာအုပ်များ အထူးသဖြင့် စျေးနှုန်းချိုသာသည့် ဆရာကြီးပီမိုးနင်း၏ စာအုပ်များကို နောက်ထဲအထိ သွားရောက်ရှေးယူရပေသည်။ ကိုယ့်တွင် လွယ်အိတ်များ ပါနေပေသည်။ လွယ်အိတ်သာမက အခြားပစ္စည်းထည့်စရာအိတ်များ ပါသည့်တိုင်အောင် စာအုပ်တွေ ခိုးသွားမလား၊ ထည့်ယူသွားမလားဆိုသော အတွေးဖြင့် မယုံသလို ကြည့်ရှုမှုမရှိဘဲ စာအုပ်ရွေးပြီးပါက ကောင်တာတွင် ငွေရှင်းပေးရပေသည်။ ကိုယ်တိုင်တစ်ဖက်သတ် ဂုဏ်ယူမိသည်မှာ ထိုအပြုအမူပင်ဖြစ်သည်။ စာအုပ်ဆိုင်အတွင်းလာသူသည် စာပေဝါသနာရှင်၊ စာဖတ်သူ၊ စာရေးဆရာ၊ စာပေသမားများပင် ဖြစ်သည်။ စာပေသမားသည် ပြည်သူကို အလင်းပေးနေသူဖြစ်သည့်အတွက် သူကိုယ်တိုင် စာရိတ္တခိုင်မာကာ ခိုးယူခြင်းကင်းမည်ဖြစ်သည်။ စာပေသမား ရိုးသားသူများအဖြစ် ဆိုင်မှယုံကြည်စွာ လူလိုက်မကြည့်ခြင်းကိုပင် ဂုဏ်ယူနေမိပေသည်။ စာပေသမားကို ယုံကြည်တယ်။ သူခိုးကြည့်မကြည့်ဘူးကွဆိုပြီး ကြုံးဝါးမိပေသည်။ ထိုသို့ လွတ်လပ်စွာ ရွေးချယ်ခွင့်ပြုခြင်း၊ စာအုပ်ဝယ်သည်ဖြစ်စေ၊ မဝယ်သည်ဖြစ်စေ အလကားစာအုပ်လှန်ကြည့်ခွင့်ရှိခြင်းကိုက စာပေသမားကို အလေးထားသည့်အတွက် ကျေနပ်နေမြဲပင်ဖြစ်သည်။ ကျေနပ်သည့်စိတ်ကြောင့်ပင် ပိုမိုရိုးသားရင်း ပိုမိုယုံကြည်မှုတိုးကာ ပီတိဖြစ်နေရမြဲပင် ဖြစ်ပေသည်။

ဒုတိယမြောက်ရှင်းတမ်းတွင် ပါဝင်သည့်သူများလို တစ်နိုင်ငံလုံးကျင့်သုံးလိုက်လျှင်ဖြင့် တိုင်းပြည်မည်မျှ တိုးတက်သွားမည်နည်း။ တရားဥပဒေစိုးမိုးကာ အချောင်စိတ်တို့ ပျောက်ကုန်မည် ဖြစ်ပေသည်။ လာဘ်ထိုးခြင်း၊ ခြစားခြင်းတို့ကင်းသမျှ အရည်အချင်းကို တန်ဖိုးထားသွားမည် ဖြစ်ပေသည်။ သို့အတွက် ဒုတိယမြောက်ရှင်းတမ်းပါဝင်သူများလို တစ်နိုင်ငံလုံး တစ်နေ့နေ့၊ တစ်ချိန်ချိန်မှာ ဖြစ်လာလျှင်ဖြင့်...

ဒုတိယမြောက်ရှင်းတမ်းတွင် ပါဝင်သည့်သူများ၏ ရည်ရွယ်ချက်ကို ကြည့်ရှုခြင်းဖြင့် ကိုယ်ကျင့်တရားကောင်းခြင်း ဆိုသော ဂုဏ်ယူမှုတို့ ရှိမရှိ ကျွန်တော် ကိုယ်တိုင် ကြည့်ရှုခဲ့ပါသည်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်သမျှ ငယ်ငယ်ကတည်းက ကိုယ်တိုင်ကိုယ်တိုင် ကိုယ်ကိုယ်ကို ယုံကြည်ခဲ့ပါသည်။ ကိုယ်ကျင့်တရားနှင့် ပတ်သက်ပြီး

လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုဆိုင်ရာ နည်းပညာရပ်များ၊ စွမ်းအင်အသုံးချမှုကိစ္စရပ်များ ဆွေးနွေး

နေပြည်တော် မေ ၁၂
ပြည်သူ့လွှတ်တော် လျှပ်စစ်နှင့် စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကြည်မိုးနိုင်သည် Aggreko International Project Limited အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင် (I-8) အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံစဉ် Aggreko ကုမ္ပဏီ အနေဖြင့် မြန်မာနိုင်ငံတွင် လက်ရှိဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဓာတ်အားထုတ်လုပ်နေမှုများ၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုဆိုင်ရာနည်းပညာရပ်များ၊ စွမ်းအင်အသုံးချမှုကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း ရေလှူ

ရန်ကုန် မေ ၁၂
ရန်ကုန်မြို့တွင် တရားဝင်မှတ်ပုံတင်ဖွဲ့စည်းထားသော မြန်မာ-ဂျပန် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအသင်း (Myanmar Japan Socio-Economic Development Association) က ဆာကူရာဦးဌေးအောင် ပုံပိုးသော ဂါလန် ၂၄၀၀ ဆံ့ ရေသယ်ယာဉ်ကြီး နှစ်စီးဖြင့် အသင်းအထွေထွေအတွင်းရေးမှူး ဦးစန်းမောင်မြင့် ဦးဆောင်ပြီး မေ ၄ ရက်တွင် ဒလဘက်ကမ်းအိမ်ခြေ ၆၀၀ ရှိ သပြေကုန်းရွာသို့ လည်းကောင်း၊ မေ ၈ ရက်တွင် ဒလရခိုင်ချောင်မှ ငါးမိုင်ခန့်ဝေးသော အိမ်ခြေ ၃၀၀ ခန့်ရှိ သက်ကယ်ကွင်းရွာသို့ လည်းကောင်း သောက်ရေများ သွားရောက်လျူဒါန်းခဲ့ကြောင်း သိရသည်။ ရေလိုသည့်ရွာများ အနေဖြင့် ဖုန်း-၀၉-၅၁၃၅၅၁၅ သို့ ဆက်သွယ်အလှူခံရယူနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မန္တလေးဆေးရုံတွင် ကုသနေသည့် လေးမြွာပူးကလေး ရက်ပိုင်းအတွင်း သုံးဦးသေဆုံး

မန္တလေး မေ ၁၂
စစ်ကိုင်းဆေးရုံတွင် ဧပြီ ၂၈ ရက်က ဓမ္မတာနည်းဖြင့် မွေးဖွားခဲ့သည့် လေးမြွာပူး ကလေးငယ်များကို မန္တလေး ခုတင်(၅၅၀)ဆံ့ ကလေးဆေးရုံတွင် ကုသလျက်ရှိရာ ယင်းတို့အနက် သုံးဦးမှာ ရက်ပိုင်းအတွင်း ဆုံးပါးခဲ့ကြောင်း သိရသည်။

အထူးကုသခန်းတွင် ထားရှိကုသစောင့်ရှောက်မှုများ ပြုလုပ်ပေးခဲ့သော်လည်း ကိုယ်အလေးချိန်တစ်ကီလိုဂရမ်ရှိ တတိယကလေးငယ်မှာ ဧပြီ ၂၉ ရက် ည ၈ နာရီတွင် လည်းကောင်း၊ ၁ ဒသမ ၃ ကီလိုဂရမ်ရှိ စတုတ္ထကလေးငယ်မှာ ဧပြီ ၃၀ ရက် နံနက် ၅ နာရီတွင် လည်းကောင်း၊ ပထမကလေးမှာ မေ ၈ ရက်တွင် လည်းကောင်း ဆုံးပါးသွားခဲ့ကြောင်း သိရသည်။

ကလေးမိဘများမှာ စစ်ကိုင်းမြို့ ဇေယျာကွက်သစ်မှ လက်သမားလုပ်ကိုင်သူ ကိုကျော်မင်းလတ်နှင့် မမြင့်မြင့်အေးတို့၏ ဒုတိယကိုယ်ဝန်မှ မွေးဖွားခဲ့ခြင်းဖြစ်ပြီး ကျန်ရှိနေသည့် မွေးကင်းစကလေးငယ်အား အထူးကုသခန်းတွင် ပြုစုစောင့်ရှောက်ပေးနေကြောင်း မန္တလေး ခုတင်(၅၅၀)ဆံ့ ဆေးရုံအုပ်ကြီး ဒေါက်တာသက်ဆွေက ပြောသည်။

"ဆုံးပါးရတဲ့ အကြောင်းကတော့ လမစေ့၊ ပေါင်မပြည့်၊ အသက်ရှူလမ်းကြောင်း ခက်ခဲမှုကြောင့် ဖြစ်ပါတယ်။ Predern Very Low Birth Weight with Respiratory distress Syndrome Stage-4 လို့ ဆေးပညာအရ ပြောရမယ်။ ကိုယ်အလေးချိန်ကတစ်ကီလိုဂရမ်လောက်ဆို ရှင်သန်ဖို့ ခက်ခဲပါတယ်။ ကျန်တစ်ယောက်ကလက်ရှိမှာ မဆိုးသေးဘူးပြောရမှာပါ" ဟု ၎င်းက ပြောသည်။

ပုံမှန်မွေးဖွားကြသည့် မွေးကင်းစကလေးငယ်များတွင် ၂ ဒသမ ၅ ကီလိုဂရမ် အထက်ရှိရမည်ဖြစ်၍ ယင်းထက်နည်းသွားပါက ကိုယ်အလေးချိန်မပြည့်သည့် စာရင်းဝင်ပြီး ၁ ဒသမ ၅ ကီလိုဂရမ်ထက်လျော့နည်းပါက သတိထားရမည့် အခြေအနေဖြစ်ကာ အသက်ရှင်သန်မှုရာနှုန်းနည်းသည်ဟု ဆိုသည်။

မင်းထက်အောင်(မန်းကိုယ်ပွား)

ရန်ကုန်တိုင်းဒေသကြီးရှိ စားသောက်ဆိုင်၊ နိုက်ကလပ်နှင့် ဖျော်ဖြေရေးဆိုင်များ ည ၁၁ နာရီ ပိတ်သိမ်းရမည့်အမိန့် ထုတ်ပြန်ထားခြင်းမရှိ

ရန်ကုန် မေ ၁၂
ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ စားသောက်ဆိုင်၊ နိုက်ကလပ်နှင့် ဖျော်ဖြေရေးဆိုင်များကို ည ၁၁ နာရီ ပိတ်သိမ်းရမည်ဟု သတင်းများထွက်ပေါ်နေသော်လည်း အစိုးရအဖွဲ့အနေဖြင့် အမိန့်ထုတ်ပြန်ထားခြင်းမရှိကြောင်း ရန်ကုန်တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး တင်အောင်ထွန်းက ယနေ့ညနေတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ပြုလုပ်သည့် မူးယစ်ဆေးဝါးပယျောက်ရေးနှင့် တားဆီးနှိမ်နင်းရေးစီမံချက် အစည်းအဝေးတွင် ပြောကြားသည်။

"လက်ရှိဖြစ်ပေါ်နေတဲ့ သတင်းကတော့ ည ၁၁ နာရီမှာ ကေတီဗီတွေ၊ မာဆတ်တွေ၊ စားသောက်ဆိုင်တွေ အကုန်လုံးပိတ်ရမယ်။ ရဲတွေလိုက်စစ်နေတယ်။ ဖမ်းမယ်၊ ဆီးမယ်ဆိုတဲ့ အပြောတွေကြားနေရတယ်။ ဒါနဲ့ပတ်သက်ပြီး ကျွန်တော်တို့အစိုးရအဖွဲ့က ဘာမှထုတ်ပြန်ထားတာမရှိပါဘူး။ ဒီအမိန့်တွေကို တကယ်တမ်းထုတ်ပြန်ရမှာ အစိုးရအဖွဲ့ကနေ ထုတ်ပြန်ရမှာဖြစ်ပါတယ်။ အစိုးရအဖွဲ့အနေနဲ့ဝန်ကြီးချုပ်က အစည်းအဝေးလုပ်ပြီးတော့မှ ထွက်ပေါ်လာတဲ့ရလဒ်တွေအပေါ်မူတည်ပြီးမှသာလျှင် အမိန့်ကိုထုတ်တာ ဖြစ်ပါတယ်။ အမိန့်သည်တစ်ခုပဲရှိရမှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

မေ ၁၀ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးတွင် ရက် ၁၀၀ စီမံချက်နှင့်ပတ်သက်၍ ရှင်းလင်းပွဲ ကျင်းပခဲ့ပြီးနောက် အဆိုပါစီမံချက်နှင့်ပတ်သက်၍ စားသောက်ဆိုင်၊ နိုက်ကလပ် နှင့်ဖျော်ဖြေရေးဆိုင်များကို ည ၁၁ နာရီ ပိတ်သိမ်းရမည်ဟု လူမှုကွန်ရက်စာမျက်နှာ (ဖေ့ဘွတ်ခ်)ပေါ်နှင့် ပုဂ္ဂလိက သတင်းစာတချို့တွင်ဖော်ပြခဲ့ရာ ပြည်သူများစိုးရိမ်မှုဖြစ်ပေါ်ခဲ့သည့်အပေါ် ၎င်းက ပြောကြားခဲ့ခြင်းဖြစ်သည်။

ဆက်လက်၍ ၎င်းက "ပြီးခဲ့တဲ့ရက် ၁၀၀ စီမံချက် အစည်းအဝေးလုပ်တဲ့အခါမှာ တရားဥပဒေစိုးမိုးရေး၊ပြည်သူတွေအေးချမ်းသာယာရေး စီမံပြီးလုပ်နေပါတယ်။ ရက် ၁၀၀ စီမံချက်သည် ပြည်သူတွေကိုနှိပ်စက်ဖို့လုပ်နေတာ မဟုတ်ပါဘူး။ အခု အွန်လိုင်းပေါ်မှာတက်လာတာတွေအရ ပြည်သူတွေ လန့်ကုန်ကြပြီ။ ကျွန်တော်တို့က အခုအချိန်ထိဘာမှ အမိန့်မထုတ်ရသေးပါဘူး။ အစိုးရအဖွဲ့ အစည်းအဝေးလုပ်ပြီးမှသာ သက်ဆိုင်ရာကနေ ညွှန်ကြားသွားမှာဖြစ်ပါတယ်။ စစ်ဆေးတဲ့အခါမှာလည်း အထွေထွေအုပ်ချုပ်ရေးအဖွဲ့နဲ့ရဲတပ်ဖွဲ့တွေပါဝင်တဲ့ စစ်ဆေးရေးအဖွဲ့တွေ ဖွဲ့ပေးထားတာရှိပါတယ်။ အစိုးရအဖွဲ့ကလည်းစာထုတ်ပြီး ဖွဲ့ပေးထားတာတွေရှိပါတယ်။ အဓိက ဒီအမိန့်တွေ ထုတ်ပြန်တာဟာ ထွေ/အုပ်ကသာ ထုတ်ပြန်တာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ရက် ၁၀၀ စီမံချက်နှင့်ပတ်သက်၍ ထိုကဲ့သို့ သတင်းများ ထွက်ပေါ်လာခဲ့ခြင်းကြောင့် ပြည်သူများကြား စိုးရိမ်ဝေဖန်မှုများဖြစ်ပေါ်နေမှုနှင့်အတူ အားပေးထောက်ခံသူများလည်းရှိနေကြောင်း လူမှုကွန်ရက်စာမျက်နှာပေါ်မှ မှတ်ချက်များအရသိရသည်။

အဆိုပါကိစ္စနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက "အခုလို ကျွန်တော်တို့ဌာနဆိုင်ရာ အသီးသီးကြားမှာ ပြုပြင်ပြောင်းလဲရေးအတွက် အင်တိုက်အားတိုက် ဆွေးနွေးနေကြတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ရဲ့ ဒီအပြောင်းအလဲမှာ ပြည်သူ့ဝန်ကို ထမ်းမယ်ဆိုတဲ့ ပြည်သူ့ဝန်ထမ်းအဖွဲ့အစည်းတွေက စပြီး ရုန်းကန်လှုပ်ရှားရမှာဖြစ်ပါတယ်။ သူတို့ရဲ့ရုန်းကန်လှုပ်ရှားမှုတွေကို ပြည်သူကနားလည်မှုရှိပြီး ပူးပေါင်းပါဝင်လာခြင်းဖြင့် ကျွန်တော်တို့နိုင်ငံရဲ့အပြောင်းအလဲကို သယ်ဆောင်သွားနိုင်မှာဖြစ်ပါတယ်။ ဒီလိုသယ်ဆောင်တဲ့နေရာမှာ ဥပဒေစည်းမျဉ်းစည်းကမ်းအမိန့်ညွှန်ကြားချက်တွေရှိနိုင်ပါတယ်"ဟု အဆိုပါ အစည်းအဝေးတွင် ပြောကြားသည်။

အမိန့်ညွှန်ကြားချက်များဖြင့် ဆောင်ရွက်အကောင်အထည်ဖော်သည့် အချိန်တွင်လည်း ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းသည် ပြည်သူတို့ကို ဖမ်းဆီးချင်၍ မဟုတ်ကြောင်း၊ အစိုးရအနေဖြင့် အသိပေးအဆင့်ကိုကျော်လွန်ကာ ဆောင်ရွက်နေသူများကိုသာ ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည့်အပြင် အမိန့်ညွှန်ကြားချက်များကိုလည်း အစိုးရအနေဖြင့် တိတိကျကျပုံစံချပေးသွားမည်ဖြစ်ကြောင်းနှင့် ဥပဒေကို ပြည်သူလူထုကမိမိတို့၏ အသိတရားဖြင့် လိုက်နာဆောင်ရွက်နိုင်သည့်အခြေအနေကို အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဝန်ကြီးချုပ်က ပြောကြားသည်။ **ဇော်ကြီး(ပဏာမ)**

ခရမ်းလွန်ရောင်ခြည်ကျရောက်မှု အမြင့်ဆုံးအညွှန်းကိန်းများ

နေပြည်တော်	၇ ဒသမ	၂
ရန်ကုန်	၁၀ ဒသမ	၀
မန္တလေး	၇ ဒသမ	၅

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မေ ၁၂

ရန်ကုန်(ရွှေဈေး) ၇၉၂၀၀၀ - ၇၉၂၀၀၀ | မန္တလေး(ရွှေဈေး) ၇၉၁၅၀၀ - ၇၉၁၅၀၀

စက်သုံးဆီဈေးနှုန်း

		ရန်ကုန်	မန္တလေး
(က)	ဒီဇယ်	တစ်လီတာ	၄၇၀/၅၀၀ ကျပ်	၅၂၀/၅၄၀ ကျပ်
(ခ)	အောက်တိန်း 95	တစ်လီတာ	၆၃၀/၆၅၀ ကျပ်	၇၅၀/၇၆၀ ကျပ်
(ဂ)	အောက်တိန်း 92	တစ်လီတာ	၅၃၀/၅၅၀ ကျပ်	၆၀၀/၆၂၀ ကျပ်
(ဃ)	အဆင့်မြင့်ဒီဇယ်	တစ်လီတာ	၅၁၀/၅၄၀ ကျပ်	၅၇၀/၅၉၀ ကျပ်

ရန်ကုန် လက်ကားဈေး
ဒီဇယ် တစ်လီတာ ၄၄၀ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၈၂ ကျပ်၊
အောက်တိန်း 92 တစ်လီတာ ၄၇၀ ကျပ်

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၁၆၈. ၀
(ခ)	ဥရောပ	တစ်ယူရို	- ၁၃၃၄. ၉
(ဂ)	တရုတ်	တစ်ယွမ်	- ၁၇၉. ၉၁
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၃. ၁၂၅
(င)	မလေးရှား	တစ်ရင်းဂစ်	- ၂၉၀. ၀၁
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၇. ၅၃၈
(ဆ)	ဂျပန်	တစ်ရာယန်း	- ၁၀၇၇. ၉
(ဇ)	တောင်ကိုရီးယား	တစ်ရာဝမ်	- ၁၀၀. ၁၆
(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ	- ၈၆၀. ၁၂
(ည)	စင်ကာပူ	တစ်ဒေါ်လာ	- ၈၅၄. ၃၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း

ပြည်တွင်းရေးရာ

❒ ကျောဖုံးမှ

အဆိုပါသပြေကန်-သိမ်ကုန်းဧရိယာရှိ ဘိုကလေးမြစ်မှ ရေချိုသွင်းနိုင်ရန် ဂေးဂု-သိန္ဓိမြောင်းအား ပြန်လည်တူးဖော်ခြင်း၊ ရေဂန်တား-ရေချိုထိန်းရေတံခါးဟောင်းတစ်လုံးဖြစ်သည့် စံပုလဲရေတံခါး(၈ပေ×၈ပေ)(၆)ပေါက်အား ပြန်လည်ပြင်ဆင်ခြင်းနှင့် ဦးလုံရေတံခါးအား ဆည်မြောင်းဦးစီးဌာနမှအသစ်တည်ဆောက်ပေးနိုင်ခဲ့သဖြင့် ဒေသ၏ မိုစပါး၊ နွေစပါးစိုက်ပျိုးရေးကဏ္ဍကို များစွာအထောက်အကူများ ရရှိလာကြောင်း သိရသည်။

"သပြေကန်-သိမ်ကုန်းဧရိယာဆိုတာ အရင်တုန်းကလို အမည်ခံမဟုတ်တော့ပါဘူး။ တကယ့်နွေစပါး၊ မိုးစပါး နှစ်သီးစားစိုက်ဧရိယာအစစ်တောင်သူတွေရဲ့အနှစ်ပါ။ အရင်တုန်းကတော့ ဒီကွင်းပြင်ကြီးကြည့်ပြီး ညည်းချင်းဆိုင်ရတဲ့အဖြစ်ကနေ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက အခုလို လာတူးဖော်ပေးလိုက်ကတည်းက အောင်သံပေးတေးဖြစ်လို့နေပါပြီ။ တကယ်တော့ လယ်သမားနဲ့ ဆည်မြောင်းဆိုတာ မိတ်ဆွေကောင်းတွေပါဗျာ။ တောင်သူလယ်သမားတွေရဲ့ တင်ပြချက်တွေကို စေတနာပါပါနဲ့ ဆောင်ရွက်ပေးလို့ရေချိုရပြီး နွေစပါးအောင်အောင်မြင်မြင်

ဂေးဂုကျေးရွာအုပ်ချုပ်ရေးမှူး ဦးတင်အောင်လင်း

တပ်မဲ့ကျေးရွာမှ တောင်သူ ဦးဝင်းလွင်

စိုက်ပျိုးလာနိုင်တာပါ"ဟု ဂေးဂုကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးတင်အောင်လင်းက ပြောသည်။

သပြေကန်-သိမ်ကုန်းဧရိယာ၏ အဓိကအရေးပါသောသော့ချက်ဖြစ်သည့် အောက္ကဘာရေတံခါး အကျိုးပြုဧရိယာအတွင်းရှိ ကျုံကန်ချောင်း၊ ခရိုင်ဘော်ချောင်းများနှင့် ထိစပ်နေသည့်ချောင်းများအားလည်းကောင်း၊ အဖောင်ရေတံခါး အကျိုးပြုနယ်နိမိတ်အတွင်းရှိ အဖောင်ချောင်း၊ ကျိုက္ကဘာချောင်းများနှင့် ထိစပ်နေသည့် မြောင်းများအားလည်းကောင်း၊ ဘိုကလေးမြို့နယ် သင်္ဘောရေထိန်းတံခါး အကျိုးပြုဧရိယာအတွင်းရှိ ဝဲကြီးချောင်း၊ ကဇောင်းချောင်းများနှင့် ချိတ်ဆက်နေသည့် မြောင်းများအားလည်းကောင်း၊ ဒေသအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်းနိုင်သည့် အခြေအနေပေါ်မူတည်၍ အဓိက ဦးစားပေးအလိုက် တူးဖော်ပေးသွားမည်ဆိုပါက အဆိုပါဧရိယာအတွင်းရှိ မိုးစပါးစိုက်ဧက ၂၅၀၀၀ ခန့်ကို နွေစပါးတိုးချဲ့စိုက်ပျိုးနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ရေလိုလို့ရေချိုရပြီ။ စပါးလည်းစိုက်နိုင်ပြီ။ စိုက်သလောက်လည်း အကုန်ကောင်းတယ်။ အဲဒီအတွက် လာတူးဖော်ပေးတဲ့ဌာနကိုရော၊ ဆောင်ရွက်ပေးတဲ့အရာထမ်း၊ အမှုထမ်းတွေအားလုံးကိုလည်း ကျေးဇူးတင်တယ်။ ဒါပေမယ့် တောင်းဆိုချင်တာလေးတစ်ခုတော့ ကျန်သေးတယ်။ အဲဒါကတော့ သပြေကန်-အဇုတ်ကြီးလမ်းကို မြောင်းဖြစ်တာဖြစ် တူးဖော်စေချင်တာပါ။ ဒီသပြေကန်-အဇုတ်ကြီးမြောင်းလေး တူးပေးလို့ရှိရင် နွေစပါး၊ မိုးစပါးအတွက်တင် အကျိုးပြုရုံမကဘဲ ကျေးရွာချင်းဆက်သွယ်သွားလာရေး ကုန်ထုတ်လမ်းအဖြစ်ပါ အကျိုးပြုနိုင်မှာဖြစ်လို့ ဒေသနေသူတွေကိုယ်စား တောင်းဆိုရတာပါ"ဟု ဂေးဂုကျေးရွာအုပ်စု ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီ ဥက္ကဋ္ဌ ဦးအောင်ကျင်က ဆိုသည်။

ဖျာပုံခရိုင် ဖျာပုံမြို့နယ်အတွင်းရှိ ကဇောင်း၊ ကုန်းတန်း၊ သိမ်ကုန်း၊ ကျိုက္ကဘာ၊ ခရိုင်ဘော်၊ အခြာကြီး(အောင်သာယာ)၊ အောက္ကဘာ၊ ဇင်းဘောင်စသည့်ဒေသများ၊ ဘိုကလေးမြို့နယ်အတွင်းရှိ ဝဲကြီး၊ ဘိုးလေး၊ သရက်ပင်ဆိပ်၊ ဘုရားသုံးဆူ၊ သပြေကန်စသောကျေးလက်ဒေသများ၏ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး နွေစပါး၊ မိုးစပါးနှင့် အခြားသောသီးပင်စားပင်များ စိုက်ပျိုးနိုင်ရန်အတွက် ရေချိုသွင်းရင်း မိုးရာသီအနိမ့်ပိုင်းလယ်မြေများ ရေကြီးနစ်မြုပ်မှုမှ လျော့ပါးသက်သာစေရန် ရည်ရွယ်၍ အဆိုပါကျွန်းပတ်တာများ အပြင်ဘက်ရှိ သပြေကန်-သိမ်ကုန်းဧရိယာအား အလေးထားဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း ဖျာပုံခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်ဇော်၏ ရှင်းလင်းပြောပြချက်များအရ သိရသည်။

"ဒီနှစ် ကျွန်တော်တို့ သပြေကန်-သိမ်ကုန်းဧရိယာအတွင်းမှာ စံပုလဲရေတံခါးအဟောင်း ပြင်ဆင်ပြီး ဦးလုံရေတံခါးတည်ဆောက်ပေးပြီး၊ ဂေးဂု-သိန္ဓိမြောင်း တူးဖော်ပြီးကတည်းက စိုက်ပျိုးရေက သိသိသာသာ တိုးတက်လာပါတယ်။ လက်ရှိ ဒီနှစ်နွေစပါးစိုက်ပျိုးမှုကို လေ့လာကြည့်ရုံနဲ့ပဲ သိနိုင်ပါတယ်။ နွေစပါးက အောင်မြင်လွန်းလို့ နွေစပါးလို့တောင် မခေါ်တော့ဘူး၊ ရွှေစပါးတဲ့။ တော်တော်ကြီးကို အကျိုးပြုတာပါ။ ဆက်ပြီး ဦးချစ်တင်ရိုးကို တိုက်ရိုက်ပေါက်တဲ့မြောင်းနဲ့ ဒေါ်ပွင့်ရိုးမြောင်း၊ ဦးသုခချောင်းနဲ့ တမံကျိုးချောင်းတွေကိုပါ တူးပေးလိုက်လို့ကတော့ ပိုကောင်းတာပေါ့။ တောင်သူတွေ ရဲ့ဆုတောင်းပြည့်ပြီလို့တောင် အလွန်အကြူးပြောချင်ပါသေးတယ်" ဟု တပ်မဲ့ကျေးရွာမှ တောင်သူကြီး ဦးဝင်းလွင်က ပြောသည်။

ဖျာပုံမြို့နယ် သပြေကန်-သိမ်ကုန်းဧရိယာအတွင်း စိုက်ပျိုးမြေဧက ၂၅၀၀၀ ရှိရာ ပြီးခဲ့သည့် ၂၀၁၄-၂၀၁၅ ခုနှစ်တွင် နွေစပါး ၁၅၂၁ ဧက၊ ၂၀၁၅-၂၀၁၆ ခုနှစ်တွင် နွေစပါး ၁စ၁၉၆ ဧက တိုးချဲ့စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။ ယခုကဲ့သို့ အဆိုပါသပြေကန်-သိမ်ကုန်းဧရိယာအတွင်း ရေတံခါးအသစ် တည်ဆောက်ခြင်း၊ ရေတံခါးဟောင်းပြုပြင်ခြင်းနှင့် ရေချိုသွင်းမြောင်းများ တူးဖော်ပေးနိုင်ခဲ့ခြင်းကြောင့် နွေစပါးစိုက်ဧကများ တစ်နှစ်ထက်တစ်နှစ် ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ခဲ့ပြီး ရေချိုရရှိရန် အလားအလာကောင်းများ ရှိပြီး လာမည့်နှစ်များတွင် နွေစပါးစိုက်ပျိုးမှု ပိုမိုတိုးတက်လာဖွယ်ရှိကြောင်း ဒေသခံများထံမှ သိရသည်။

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးအဖြစ် သံအမတ်ဟောင်းတစ်ဦးကို ခန့်အပ်သွားဖွယ်ရှိ

နေပြည်တော် မေ ၁၂

အသစ်တိုးချဲ့ဖွဲ့စည်းလိုက်သည့် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် သံအမတ်ဟောင်းတစ်ဦးကို ခန့်အပ်တာဝန်ပေးသွားဖွယ်ရှိကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ထိပ်တန်းတာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

နိုင်ငံတော်၏အတိုင်ပင်ခံရုံးဝန်ကြီးဌာနတွင် ပြည်ထောင်စုဝန်ကြီးအဖြစ် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်တွင် မြန်မာနိုင်ငံဆိုင်ရာ သံအမတ်ကြီးအဖြစ်လည်းကောင်း၊ အမြဲတမ်းကိုယ်စားလှယ်အဖြစ်လည်းကောင်း နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့သည့် ဝါရင့်သံတမန်ဟောင်း ဦးကျော်တင့်ဆွေကို ခန့်အပ်တာဝန်ပေးသွားရန် ရည်ရွယ်ထားကြောင်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူ ဦးဝင်းထိန်က ပြောကြားသည်။

ဦးကျော်တင့်ဆွေသည် နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးတာဝန်အဆင့်ဆင့်ဖြင့် နှစ်ပေါင်း ၃၀ ကျော် တာဝန်ထမ်းဆောင်ခဲ့ပြီး အာဆီယံအဖွဲ့ကြီး၏ လူအခွင့်အရေးဆိုင်ရာ မြန်မာကိုယ်စားလှယ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ဖူးသည်။

နိုင်ငံတော်သမ္မတထံမှပေးပို့သော နိုင်ငံတော်အတိုင်ပင်ခံရုံးအား ဝန်ကြီးဌာနတစ်ခုအဖြစ် တိုးချဲ့ဖွဲ့စည်းရေးကို မေ ၁၀ ရက်က ကျင်းပသည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် သဘောတူခွင့်ပြုခဲ့ပြီးဖြစ်သည်။ မေ ၁၃ ရက် တွင် ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်က သဘောတူခွင့်ပြုပါက ဦးကျော်တင့်ဆွေသည် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဖြစ်လာမည်ဖြစ်သည်။

(အေဝမ်းစိုး)

❖ ကမ္ဘာ့ဘဏ်မှ

အမေရိကန်ဒေါ်လာ ၁၀ သန်းဖြစ်ကြောင်း သိရသည်။

ထို့ပြင် ယနေ့ကျင်းပမည့် ပြည်ထောင်စုလွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတထံမှ ပေးပို့သော အပြည်ပြည်ဆိုင်ရာ အကြမ်းဖက်မှု၊ နိုင်ငံဖြတ်ကျော်အုပ်စုဖွဲ့မှုခင်းများနှင့် မူးယစ်ဆေးဝါး တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ဘင်းမ်စတက်ကွန်ဗင်းရှင်း (BIMSTEC Convention)သို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြမည်ဖြစ်ကြောင်း သိရသည်။

(အေဝမ်းစိုး)

ပိုးကြိုကာလ ရေစီးဆင်းမှုကောင်းမွန်စေရေး စက်ယန္တရားဖြင့်ဆောင်ရွက်

ရန်ကုန် မေ ၁၂

အင်ဂျင်နီယာဌာန(လမ်း/တံတား)နှင့် ဗဟန်းမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ ပေါင်းစပ်ညှိနှိုင်းကာ မေ ၁၂ ရက်က ဗဟန်းမြို့နယ် ရေတာရှည်လမ်းဟောင်းတစ်လျှောက် မိုးကြိုကာလ ရေဆိုးများစီးဆင်းမှု ကောင်းမွန်စေရေး စက်ယန္တရားဖြင့် ဆယ်ယူရှင်းလင်းခဲ့ကြသည်။

"ဒီရေဆိုးထုတ် မြောင်းကြီးက အကျယ် ၈၀ပေ၊ အနက် ရှစ်ပေရှိပြီး မြောင်းထဲမှာ ဖော့ဘူး၊ အချိုရည်ဘူး ရေသန့်ဘူးခွန်တွေနဲ့ စွန့်ပြစ်အမှိုက်တွေနဲ့ ပြည့်လျှံနေတော့ လာမယ့် မိုးတွင်းမှာ ရေလျှံမှုတွေ မလွဲမသွေ ကြုံတွေ့နိုင်ပါတယ်။ ရေလျှံမှုတွေ ဖြစ်ရင် ပြည်သူတွေပဲ ဒုက္ခရောက်မှာပါ။ အဲဒီလိုဒုက္ခမရောက်အောင် လမ်း၊ တံတားဌာနက တာဝန်ရှိသူတွေနဲ့ ပေါင်းစပ်ညှိနှိုင်းပြီး လုပ်ဆောင်ပေးရတာပါ" ဟု မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးဖေတိုက်အောင်က ပြောသည်။

"ဒီရေဆိုးထုတ်မြောင်းက ရွှေနံ့သာရပ်ကွက်၊ ကြားတောရရပ်ကွက်မြို့မရပ်ကွက်တို့ကို ဖြတ်သန်းစီးဆင်းရတဲ့ ပင်မရေနုတ်မြောင်းဖြစ်ပါတယ်။ ရပ်ကွက်ထဲက မြောင်းတွေက ဒီမြောင်းကြီးထဲကို လာပေါင်းဆုံကာ ရပ်ကွက်ထဲက ပြည်သူတွေ စွန့်ပစ်သမျှအမှိုက်တွေက ဒီမြောင်းကြီးထဲမှာလာစုပြီး ရေစီးဆင်းမှုတွေကို အဟန့်အတားဖြစ်ပါတယ်။ ဒါကြောင့် အမှိုက်တွေကို စည်းကမ်းရှိရှိနဲ့ အမှိုက်ပုံးအမှိုက်အန်ထဲစွန့်ပစ်ဖို့ လိုအပ်ပါတယ်"ဟု မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးသိန်းဇော်က ပြောသည်။ **(၅၉၇)**

ရွှေထည်ပစ္စည်းမျိုးစုံခိုးယူသူ ဖမ်းဆီးရမိ

မြေပုံ မေ ၁၂

ရခိုင်ပြည်နယ် မြေပုံမြို့နယ် တောင်ပိုင်းရပ်ကွက် ဦးတင်ဝင်းနေအိမ်တွင် မေ ၂ ရက် ညက သိမ်းဆည်းထားသော ရွှေထည်ပစ္စည်းမျိုးစုံ ကျပ်သိန်း ၁၀၀ ကျော်ဖိုးခန့် ပျောက်ဆုံးမှုဖြစ်ပွားခဲ့သည်။

စုံစမ်းဖော်ထုတ်ချက်အရ ခိုးမှုကျူးလွန်သူ မြေပုံမြို့နယ် ဝက်ခေါင်းကျေးရွာနေ တင်ရွှေ အသက်(၃၀) နှစ်အား မေ ၈ ရက်တွင်လည်းကောင်း၊ မြောက်ဦးမြို့နယ် ဘုရားများကျေးရွာနေ သန်းစိန်မောင်(၃) သန်းရွှေမောင်၊ အသက်(၂၉)နှစ်အား မြောက်ဦးမြို့နယ် ၈/ခူတောင်ရွာတွင် မေ ၁၀ ရက်တွင်လည်းကောင်း ရဲစခန်းမှူး ရဲအုပ်ကျော်ဇေယျ ခေါင်းဆောင်ပြီး နယ်ထိန်းတပ်ဖွဲ့ဝင်များက သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိပြီး အမှုကို အမှုစစ်ရဲအုပ်ကျော်ဝင်းက စစ်ဆေးလျက် ပုဒ်မ (၃၈၀)ဖြင့် အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ခရိုင်(မြန်/ဆက်)**

လယ်ယာသုံးစက်ကိရိယာမောင်းနှင်ထိန်းသိမ်းမှုသင်တန်းဖွင့်

ရန်ကုန် မေ ၁၂

လယ်ယာသုံးစက်ကိရိယာ မောင်းနှင်းထိန်းသိမ်းမှု (အခြေခံ)သင်တန်းကို မေ ၁၁ ရက် နံနက် ၉ နာရီတွင် အမှတ်(၃၆) စက်မှုလယ်ယာစခန်း ကော့မျူးမြို့၌ ဖွင့်လှစ်ခဲ့ရာ ဖွင့်ပွဲအခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဇော်မင်းအောင်၊ စက်မှုလယ်ယာတိုင်းဒေသကြီးဦးစီးဌာနမှူး ဦးသောင်းထိုက်နှင့် ခရိုင်ဦးစီးဌာနမှူး၊ မြို့နယ်စိုက်ပျိုးရေးလုပ်ငန်းညှိနှိုင်းမှုအဖွဲ့ဝင်များ တက်ရောက်ကြသည်။

သင်တန်းသို့ တောင်သူသင်တန်းသား ၃၀ တက်ရောက်ကြပြီး စက်မှုလယ်ယာဦးစီးဌာနမှ ကျွမ်းကျင်နည်းပညာများဖြင့် သင်တန်းကာလ ၁၀ ရက်ကြာ စာတွေ့လက်တွေ့ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

(ကြေးမုံ)

အမြင့်ဆုံးအပူချိန်စံချိန်သစ်များ

မေ ၁၂ ရက်တွင် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သည့် အမြင့်ဆုံးအပူချိန်စံချိန်သစ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

စဉ်	စခန်းအမည်	အမြင့်ဆုံးအပူချိန်စံချိန်သစ်		အမြင့်ဆုံးအပူချိန်စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စခန်းဖွင့်သည့်နှစ်မှစ၍ လွန်ခဲ့သောနှစ်ပေါင်း
		ဒီဂရီ စင်တီဂရိတ်	ဒီဂရီ ဖာရင်ဟိုက်	ဒီဂရီ စင်တီဂရိတ်	ဒီဂရီ ဖာရင်ဟိုက်		
၁။	နေပြည်တော် လေဆိပ်(ဧလာ)	၄၂.၀	၁၀၇.၆	၄၁.၈	၁၀၇.၂	၁၃.၅.၂၀၁၀	၁၁
၂။	နမ့်စန်	၃၇.၅	၉၉.၅	၃၇.၁	၉၈.၈	၁၈-၅-၂၀၀၅	၂၂
၃။	တောင်ငူ	၄၃.၄	၁၁၀.၁	၄၃.၁	၁၀၉.၆	၁၅-၅-၂၀၁၀	၅၂
၄။	ကြို့ပင်ကောက်	၄၂.၃	၁၀၈.၁	၄၂.၂	၁၀၈.၀	၁.၅.၂၀၁၃	၃၁
၅။	တောင်ငူ (လေကြောင်း)	၄၃.၃	၁၀၉.၉	၄၃.၀	၁၀၉.၄	၈.၅.၂၀၀၃	၄၈
၆။	ဇလွန်	၄၂.၃	၁၀၈.၁	၄၂.၀	၁၀၇.၆	၇.၅.၂၀၁၆	၂၃
၇။	လွိုင်ကော်	၃၈.၀	၁၀၀.၄	၃၇.၅	၉၉.၅	၁၀.၅.၂၀၁၀	၅၀

မီးဘေးရှောင် မလောင်ခင်တား

ကရင်ပြည်နယ်ရှိ အထင်ကရ ကျောက်ကလပ်စေတီ သဘာဝဘေးမဲ့ကန်အား အသစ်ပြန်လည်တူးဖော်

ဘားအံ မေ ၁၂

ကရင်ပြည်နယ် ဘားအံမြို့ရှိ အထင်ကရ ကျောက်ကလပ်စေတီကို ဝန်းရံလျက်ရှိသော ကျောက်ကလပ် သဘာဝဘေးမဲ့ကန်ကြီးအား ဧပြီလ ဆန်းမှစ၍ အသစ်ပြန်လည်တူးဖော် ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

ယင်းကျောက်ကလပ်စေတီနှင့် သဘာဝဘေးမဲ့ကန်ကြီးသည် ရှေးနှစ်ပေါင်းများစွာကတည်းက တည်ရှိခဲ့ရာ နှစ်ပရိစ္ဆေဒ ကြာမြင့်လာပြီဖြစ်သောကြောင့် ကန်ကြီး၏ရေအနက်နှင့် အကျယ်အဝန်းမှာ တဖြည်းဖြည်း တိမ်ကောလာသဖြင့် အသစ်ပြန်လည် တူးဖော်ရခြင်းဖြစ်ကြောင်း သိရသည်။

ကျောက်ကလပ်စေတီကို စက်ပိုင်းပုံ သဏ္ဌာန်ဝန်းရံလျက်ရှိသော ယင်းကန်ကြီးသည် စုစုပေါင်းအကျယ် ဧက ၄၀ကျော်ရှိပြီး ယခုနှစ်တွင် ကန်၏ ၅၀ ရာခိုင်နှုန်းကို တမံတုပ်၍ ကန်အား အခြောက်ခံပြီး ဘက်ဟိုးငါးစီး၊ ဒိုဇာတစ်စီး၊ မြေသယ်ယာဉ်(တစ်ပါ) ၁၀ စီး၊ ကင်တာ(၁ကျင်းကား) ၁၀ စီးဖြင့် ဧပြီလဆန်းပိုင်းမှစတင်၍ တူးဖော်လျက်ရှိရာ လုပ်ငန်းပြီးစီးမှု ၆၀ ရာခိုင်နှုန်းခန့်ရှိပြီဖြစ်ကြောင်း၊ လုပ်ငန်းကုန်ကျစရိတ် ကျပ်သိန်းပေါင်း တစ်ထောင်ခန့် ကုန်ကျနိုင်ကြောင်း ကျောက်ကလပ်စေတီ ကျောင်းထိုင်ဆရာတော် ဦးဝိမလက မိန့်ကြားသည်။

"ဒီကန်တော်ကို ထိန်းသိမ်းလာတာ လွန်ခဲ့တဲ့ နှစ် ၂၀ ကတည်းကပါ။ အရင်တုန်းက ကျောင်းက သံယာတွေ၊ ဒါယကာတွေရဲ့ ရှိတဲ့လုပ်အားနဲ့ပဲ လုပ်ခဲ့တာပါ။ ကိုယ့်ပြည်နယ် သာယာလှပဖို့၊ သာသနာထွန်းကားဖို့နဲ့ ပြည်တွင်းပြည်ပက ခရီးသွား ဘုရားဖူးဧည့်သည်တွေ အေးချမ်း သာယာစွာနားနေနိုင်ဖို့ လုပ်တာပါ" ဟု ဆရာတော်က ဆက်လက်မိန့်ကြား သည်။

ယင်းကန်တော်ကြီး တူးဖော်မှုနှင့် ပတ်သက်၍ ပြည်နယ်အစိုးရသို့ စာဖြင့်သော်လည်းကောင်း၊ နှုတ်ဖြင့်သော်လည်းကောင်း တင်ပြ ထားသော်လည်း တစ်စုံတစ်ရာ ကူညီ ကမ်းလှမ်းမှုမရှိသေးကြောင်း၊ သို့သော် ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်းမှ တာဝန်ရှိအရာရှိတစ်ဦးနှင့် ငါးလုပ်ငန်းဦးစီးဌာနမှ ပူးပေါင်းပါဝင်ကြောင်း၊ လာမည့်နှစ်တွင် ကန်တစ်ခုလုံး တူးဖော်မှုလုပ်ငန်းအား ရာနှုန်း ပြည့်ပြီးစီးအောင် ဆောင်ရွက်သွား မည်ဖြစ်ကြောင်း သိရသည်။

ကျောက်ကလပ်စေတီမှာ လွန်ခဲ့သည့် အေဒီ ၇ ရာစုကတည်းက တည်ရှိခဲ့သော ကော့ဂွန်းဂူကြီး၏ ဖြစ်တည်မှုနှင့် တူညီနိုင်ကြောင်း ဆရာတော်ကမိန့်ဆို ခဲ့ပြီး နှစ်စဉ် ပြည်တွင်း၊ ပြည်ပဘုရားဖူးခရီးသွား များ လာရောက်လည်ပတ်မှု တိုးတက် များပြားလျက်ရှိ ပြီး ကျောက်ကလပ်စေတီ၏ ဆန်းကြယ်လှပသည့် သဘာဝရှုခင်းများကြောင့် ကရင် ပြည်နယ်၏ အထင်ကရနေရာ တစ်ခုဖြစ်လာပြီး ပြည်တွင်း၊ ပြည်ပခရီးသွားများအား ဆွဲဆောင် လာနိုင်မည့် ထင်ရှားကျော်ကြား လာသည့် နေရာတစ်ခုဖြစ် လာကြောင်း သိရသည်။

(ကျော်စွာ-တောင်ငူ)

CP ပြောင်းဈေးကောင်း၍ တောင်သူများအဆင်ပြေ

ရေစကြို မေ ၁၂

ရေစကြိုမြို့နယ်တွင် မေလအတွင်း CP ပြောင်းဈေးများ မြင့်တက်လာသဖြင့် ဒေသခံပြောင်းစိုက်တောင်သူများ ဝင်ငွေကောင်း၍ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဒီနှစ်ကတော့ CP ပြောင်းစိုက်ပျိုးသူ တောင်သူတွေ အဆင်ပြေတယ်လို့ ပြောရမှာပါပဲ။ CP ပြောင်းရာသီအစက တစ်တင်းကို ငွေကျပ် ၇၉၀၀ ဈေးပေါက်ခဲ့တယ်။ CP ပြောင်းတွေ လှိုင်လှိုင်ပေါ်လာတော့ တဖြည်းဖြည်း ဈေး တွေကျခဲ့တာ ကျပ် ၇၄၀၀ ဝန်းကျင်အထိပဲ။ အခုတော့ ကျပ်၈၀၀၀ ဈေးအထိ ပြန်လည်မြင့်တက်လာတော့ တောင်သူတွေ ဝင်ငွေအဆင်ပြေပါတယ်"ဟု တောင်သူတစ်ဦးက ပြောသည်။

"အခုရက်မှာ CP ပြောင်းဈေးက တစ်တင်း ကျပ် ၈၀၀၀ ဈေးအထိ မြင့်တက်လာသလို ပစ္စည်းအဝင်လည်းများတယ်။ တစ်ရက်ကို အိတ်လေးငါးခြောက်ရာဝင်တယ်။ ရေစကြိုမြို့မှာ သီးနှံပွဲရုံ ၂၀ လောက်ရှိတယ်။ ကျွန်တော်တို့ပွဲရုံကလည်း ဝင်လာသမျှ CP ပြောင်းတွေကို ရန်ကုန်နဲ့ မန္တလေးကို ချက်ချင်းပို့ဆောင်ရောင်းဝယ်ရတော့ ပွဲရုံအနေနဲ့လည်း ထိုက်သင့်တဲ့အကျိုးအမြတ်ရပါတယ်"ဟု ပွဲရုံပိုင်ရှင်တစ်ဦးက ပြောသည်။

"ကျွန်တော်တို့မြို့နယ်မှာ CP အစေ့ထုတ်ပြောင်းကို ဧက ၁၅၀၀ ကျော် စိုက်ပါတယ်။ ဒီစိုက်ဧကက အရင်တုန်းက ကိန်းဂဏန်းပါ။ လက်ရှိမြေပြင်မှာစိုက်တဲ့ ဧကက ၁၅၀၀ မကဘူး။ ဘာလို့လဲဆိုတော့ CP ပြောင်းက စိုက်ရတာ လွယ်ကူတယ်။ အခြားသီးနှံတွေလို အပျက်အစီး မရှိဘူး။ ပြီးတော့ ဈေးကွက်ရှိတယ်။ ဒါကြောင့် တောင်သူ အများစု စိုက်ကြတယ်။ တချို့တောင်သူတွေဆိုရင် တစ်နှစ်လုံး CP တစ်မျိုးတည်းစိုက်ကြတယ်"ဟု မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးစိန်မောင်က ပြောသည်။

(ဖေထွက်းဇော်)

အသက်မွေးဝမ်းကျောင်းအဖြစ် ကျေးလက်နေသူများအား ကွန်ပျူတာသင်တန်း တစ်လတာသင်ကြားပေး

ကျောက်ဆည် မေ ၁၂

မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကဆောင်ရွက်လျက်ရှိသော ကျောက်ဆည်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် မေလအတွင်း ပထမအကြိမ်အဖြစ် တစ်လကြာ ကျေးရွာ ၁၀ ရွာမှ ကျေးလက်နေပြည်သူတို့အား အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာသင်တန်း ဖွင့်လှစ်သင်ကြားပေးလျက်ရှိ ကြောင်း သိရသည်။

ပထမအကြိမ်ဖွင့်လှစ်သည့် ကျေးရွာနေပြည်သူများ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာ သင်တန်းကို ဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် မြစိမ်းရောင်ကျေးရွာစီမံကိန်းမှ လူငယ် ၁၀ ဦးခန့်ကို မေ ၂ ရက်မှ စတင်ကာ မေ ၃၀ ရက်အထိ တစ်လကြာ ပို့ချသွားမည်ဖြစ်သည်။

"ကျွန်တော်တို့ ဒီသင်တန်းက ကွန်ပျူတာဘာသာရပ်ကို အဓိက ပို့ချသွားမှာပါ။ ဒါပေမယ့် ဌာနနဲ့ဆက်စပ်နေတဲ့ စိုက်ပျိုးရေးတို့၊ မွေးမြူရေးတို့ပါ သင်ကြားပေးသွားမှာပါ။ အခုအကြိမ်ကိုတော့ မြစိမ်းရောင်စီမံကိန်း ကျေးရွာ အကောင်အထည်ဖော်နေတဲ့ရွာတွေ အောင်မြင်ရေး အထောက်အကူဖြစ်ဖို့ အဲဒီရွာက ပြည်သူတွေကို သင်ပေးနေတာပါ။ နောက်သင်တန်းတွေမှာ တခြားရွာက ပြည်သူတွေကိုလည်း အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းတွေဖွင့်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်"ဟု မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးမြင့်က ပြောသည်။

အဆိုပါသင်တန်းတွင် ကွန်ပျူတာအတတ်ပညာ အပြင် စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနတို့နှင့် ပူးပေါင်း၍ Integrated Farming ဘာသာရပ်ကို ထည့်သွင်းပို့ချ သွားမည်ဖြစ်သဖြင့် သင်တန်းသားမှတစ်ဆင့် ကျေးရွာ လူထုသို့ စိုက်ပျိုးရေးဆိုင် အော်ဂဲနစ်နည်းပညာများ၊ မွေးမြူရေးနှင့် ကုသရေးဆိုင်ရာ နည်းပညာများ၊ ငါး လုပ်ငန်းဆိုင်ရာ နည်းပညာများပါ ဖြန့်ဝေပေးနိုင်မည်ဖြစ် ကြောင်း သိရသည်။

(ထွန်းထွန်းနိုင်)

ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲ မိတ္ထီလာ၌ ကျင်းပ

မိတ္ထီလာ မတ် ၁၂

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနနှင့် ကုလသမဂ္ဂ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအစီအစဉ် (UNEP)တို့ပူးပေါင်း၍ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ အသိပညာပေး အလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ဆွေးနွေးပွဲတွင် UNEP အဖွဲ့မှ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ NGOအဖွဲ့များ၊ မြို့မြို့ဖမများက အဖွဲ့လေးဖွဲ့ခွဲ၍ ရာသီဥတုပြောင်းလဲ မှုဆိုင်ရာများနှင့် ပတ်သက်၍အသိပညာပေးလုပ်ငန်းများကို အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။

သိန်းမြင့်ကျော်(မိတ္ထီလာ)

ကျောက်ဆည်မြို့နယ်၌ စက်ရေတွင်း ၂၅ ခုအား ပြင်ဆင်ထိန်းသိမ်းခြင်းများဆောင်ရွက်

ကျောက်ဆည် မေ ၁၂

ကျောက်ဆည်မြို့နယ်အတွင်း အယ်နီညိုရာသီဥတုကြောင့် သောက်သုံးရေ ရှားပါးပြတ်လပ်မှု မရှိစေရေးအတွက် စက်ရေတွင်း ပြင်ဆင်ထိန်းသိမ်းခြင်း လုပ်ငန်း၂၅ခုကို ရက်(၁၀၀)အတွင်း အမြန်ပြီးစီးနိုင်ရေး ကျောက်ဆည် မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုး တက်ရေးဦးစီးဌာနက ဆောင်ရွက် လျက်ရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ် ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် အယ်နီညို ရာသီဥတုကြောင့် သောက် သုံးရေရှားပါးပြတ်လပ်မှုမရှိစေရေး အတွက် ရက်(၁၀၀)အတွင်း ကျေးရွာ ပေါင်း၂၅ ရွာတွင် လုပ်ငန်းပေါင်း ၂၅ ခုအား စုစုပေါင်းကုန်ကျငွေကျပ် ၄၁ ဒသမ ၄၂ သန်းဖြင့် ပြင်ဆင်ထိန်း သိမ်းခြင်းလုပ်ငန်းများအား အမြန်ပြီး စီးနိုင်ရေး ဆောင်ရွက်လျက်ရှိသည့် အပြင် ကျေးလက်တံတားတစ်စင်းကို သစ်သားတံတားမှ ကွန်ကရစ်တံတား အဖြစ် အဆင့်မြှင့်တင်ခြင်းအတွက် လည်း ကုန်ကျငွေကျပ် ၁၂ ဒသမ ၇၂၄ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း သိရ သည်။

"ကျောက်ဆည်မြို့နယ်အတွင်းမှာ တော့ သောက်သုံးရေ ပြတ်တဲ့ရွာဆိုတာ မရှိသလောက်ပါပဲ။ ဒါပေမယ့် သောက်သုံးရေ အပြည့်အဝရရှိရေး တူးဖော်ပေးထားတဲ့ စက်ရေတွင်း တွေကို ပြင်ဆင်ထိန်းသိမ်းခြင်း ဆောင်ရွက်တာပါ။ သောက်သုံးရေ ပြတ်တဲ့ရွာရှိခဲ့ရင်လည်း ချက်ချင်း ဖြည့်ဆည်းပေးနိုင်အောင် လုပ်ထား ပါတယ်။ လိုအပ်ရင် အကြောင်းကြား ဖို့ပါပဲ"ဟု မြို့နယ်ဦးစီးမှူး ဦးစိုးမြင့် က ပြောသည်။

(ထွန်းထွန်းနိုင်-ကျောက်ဆည်)

ပြည်တွင်းရေးရာ

အစိုးရသစ်၏ရက် ၁၀၀ စီမံချက်အတွင်း ကမာရွတ်ဘူတာမှ တည်းကုန်းဘူတာအထိ ရထားလမ်းအား ခြောက်ချောင်းဆက်သံလမ်းများဖြင့် လဲလှယ်ဆောင်ရွက်

ရန်ကုန် မေ ၁၂

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ဖြစ်သည့် အစိုးရသစ်၏ရက် ၁၀၀ စီမံချက်အတွင်း ကမာရွတ်ဘူတာမှ တည်းကုန်းဘူတာအထိ(စုန်/ဆန်) ရထားလမ်း(၁၄)မိုင်ကို ခြောက်ချောင်းဆက်သံလမ်းများဖြင့် သံလမ်းအရှည် ခုနစ်မိုင်အား မြန်မာ့မီးရထားမှ လဲလှယ်ဆောင်ရွက်ရန် လျာထားလျက်ရှိရာ ယခုအခါ သံလမ်းအရှည် လေးမိုင်အား ခြောက်ချောင်းဆက်သံလမ်းများဖြင့် လဲလှယ်ဆောင်ရွက်ပြီးစီးသွားပြီဖြစ်သည်။

လက်ရှိအနေအထားအရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ခွင့်ပြုချက်ရရှိသည့်သံလမ်းအရှည် ၁၄ မိုင်အတွက် ရန်ကုန်မြို့ပတ်လမ်းပိုင်း၌ ခြောက်ချောင်းဆက် သံလမ်းများလဲလှယ်ရန် ကြည့်မြင်တိုင်ဘူတာဝင်း၌ (Flash Butt) သံလမ်းဂဟေဆက်စက်ကြီးဖြင့် သံလမ်းဆက်ခြင်းလုပ်ငန်းများကို အထိုင်ချဆောင်ရွက်လုပ်ဆောင်လျက်ရှိပြီး ကမာရွတ်ဘူတာမှ တည်းကုန်းဘူတာအထိ(စုန်/ဆန်) ရထားလမ်း ၁၄ မိုင်အတွက် လမ်းခင်းကျောက် ကျင်း ၁၀၀၀ ထည့်သွင်းရန်လုပ်ဆောင်လျက်ရှိရာ ယခုအခါ လမ်းပိုင်းအတွင်း ကျင်း ၃၀၀ထည့်သွင်းဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇) မြို့ပြမှ သိရသည်။

ကြည့်မြင်တိုင်ဘူတာဝင်း၌ သံလမ်းဂဟေဆက်စက်ကြီးဖြင့် သံလမ်းဆက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

မြန်မာ့မီးရထား တိုင်းအမှတ်(၇)မြို့ပြမှ လက်ထောက်အထွေထွေမန်နေဂျာ ဦးတင်မြင့်က "ဒီလိုရထားသံလမ်းတွေကို လေးချောင်းဆက်ကနေ အဆက်နည်းသွားအောင် ခြောက်ချောင်းဆက်တွေလုပ်လိုက်ခြင်းအားဖြင့် ရထားခုနှုန်းဆောင့်တာနည်းသွားမှာပါ။ ရထားလမ်းတွေမှာ အထူးအားနည်းချက်ရှိတာက သံလမ်းနှစ်ချောင်းဆက်တဲ့ အဆက်ပဲဖြစ်ပါတယ်။ သံလမ်းအဆက်တွေမှာ မူလီမစုံလင်ရင်ပဲဖြစ်ဖြစ်၊ မူလီတွေချောင်နေရင်ပဲဖြစ်ဖြစ် ပက်ကင်ကအားနည်းနေရင် ရထားဖြတ်သန်းမောင်းနှင်တဲ့အခါမှာ ခုန်တာ၊ ဆောင့်တာဖြစ်နိုင်ပါတယ်။ ဒါကြောင့် သံလမ်းတွေကို ခြောက်ချောင်းဆက်များပြုလုပ်ရခြင်း ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်လိုက်ခြင်းအားဖြင့် ရထားပြေးဆွဲချိန်တွေပုံမှန်ဖြစ်လာမှာဖြစ်ပြီး ရထားမတော်တဆမှုများလည်း ကင်းဝေးသွားမှာဖြစ်ပါတယ်"ဟု ပြောသည်။

လက်ရှိရထားသံလမ်းတစ်ချောင်း၏အရှည်မှာ ၃၉ ပေရှိပြီး တစ်မိုင်တွင်အဆက်ပေါင်း ၁၃၆ ဆက်ရှိကြောင်း၊ လေးချောင်းဆက်လိုက်ခြင်းဖြင့် အရှည် ၁၅၆ပေရှိမည်ဖြစ်ပြီး တစ်မိုင်တွင် အဆက်ပေါင်း ၃၄ ဆက်ရှိနေမည်ဖြစ်ကြောင်း၊ ခြောက်ချောင်းဆက်လိုက်ခြင်းဖြင့် အရှည် ၂၃၄ ပေအတွက် တစ်မိုင်တွင် အဆက်များလျော့နည်းသွားပြီး ၂၃ ဆက်သာရှိတော့မည်ဖြစ်ကြောင်း သိရသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်၌ ရန်ကုန်မြို့ပတ်လမ်းပိုင်းရှိရထားလမ်းတံတား ၁၀ စင်းအား ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ တံတားများအနက် လေးစင်းကို စွန်ခံပြုပြင်သွားမည်ဖြစ်ပြီး PC Girder များဖြင့် တင်သွားမည်ဖြစ်သည်။ ကျန်တံတား ခြောက်စင်းကိုလည်း PC Girder များဖြင့်တင်သွားမည်ဖြစ်ပြီး ပလာစတာအချောထည်လုပ်ငန်းများဖြင့်စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်၌ရန်ကုန်မြို့ပတ်လမ်းပိုင်းဖြစ်သောရန်ကုန်ဘူတာကြီးမှကမာရွတ်ဘူတာအထိ(စုန်/ဆန်)(၁၁) မိုင်ကို လေးချောင်းဆက်သံလမ်းလဲလှယ်ခြင်းလုပ်ငန်းများဆောင်ရွက်ပြီးစီးခဲ့ကြောင်း၊လမ်းခင်းကျောက် ကျင်း ၆၀၀ ကိုထည့်သွင်းပြီး ALL TM စက်ကြီးဖြင့် ပက်ကင်ရိုက်ခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်းနှင့် ရန်ကုန်ဘူတာကြီး၌လည်း လမ်းလွဲလမ်းကူး ၁၈ စုံကိုအသစ်လဲခြင်းလုပ်ငန်းများဆောင်ရွက်ခဲ့ကြောင်း မြန်မာ့မီးရထား တိုင်းအမှတ်(၇)မြို့ပြမှ သိရသည်။

သတင်းနှင့်မာတ်ပုံ (စိုးဝင်း - MLA)

မြန်မာယူအိုင်ဘီ အထည်ချုပ်စက်ရုံ အလုပ်သမားများကို အလုပ်ရှင်မှ မေ ၁၄ ရက် လစာပေးချေမည်ဆိုသောကြောင့် စာချုပ်ချုပ်ဆိုပြေငြိမ်းခဲ့

ရန်ကုန် မေ ၁၂

ဧပြီလစာများ သတ်မှတ်ရက်ကျော်လွန်ချိန် မရရှိသည့်အတွက် လစာရရှိရေး အလုပ်ရပ်တန့်ပြီး စုပေါင်းတောင်းဆိုနေကြသော အင်းစိန်မြို့နယ် တည်းကုန်းအပိုင်းရှိ ကိုရီးယားလူမျိုးပိုင် မြန်မာယူအိုင်ဘီ အထည်ချုပ်အလုပ်သမား ၆၆၁ ဦးတို့အား အလုပ်ရှင်ဘက်မှ မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် လစာပေးချေမည်ဟု ကတိပြုသောကြောင့် မေ ၁၁ ရက် မွန်းလွဲ ၂ နာရီတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌အလုပ်ရှင်၊ အလုပ်သမား ညှိနှိုင်းရေးအဖွဲ့သုံးပွင့်ဆိုင်ဖြင့် စာချုပ်ချုပ်ဆို ပြေငြိမ်းခဲ့သည်။

ညှိနှိုင်းပွဲသို့ တိုင်းအလုပ်သမားညွှန်ကြားမှုဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဒေါ်မို့မို့သွင်၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေ စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးကျော်ကျော်ထွန်း၊ အင်းစိန်မြို့နယ် ညှိနှိုင်းဖျန်ဖြေရေး ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ အလုပ်ရှင် Mr.Lessong Hoon နှင့် Director Mr.Kim Hyuk kee တို့၏ ကိုယ်စား Producting Control ဒေါ်နီချိုအေးနှင့် ဒေါ်ယုယုဝင်း (account)၊ CTUMမှ စည်းရုံးရေးမှူး ဦးစိုးသူ၊ ရွှေပြည်သာမြို့နယ်မှ အလုပ်သမားရေး ကူညီဆောင်ရွက်ပေးသူ ဦးမျိုးမင်းမင်းနှင့် အဖွဲ့၊ မြန်မာယူအိုင်ဘီ အထည်ချုပ်စက်ရုံမှ အလုပ်သမား ကိုယ်စားလှယ် ဦးကျော်သူပါ ၂၀ တို့ တက်ရောက်ညှိနှိုင်းစာချုပ်ချုပ်ဆိုခဲ့ကြသည်။

စာချုပ်ပါသဘောတူညီခဲ့သည့် အချက်များမှာ UIB အထည်ချုပ်စက်ရုံမှ အလုပ်သမား ၆၆၁ ဦးအတွက် ဧပြီ လုပ်ခလစာအား မေ ၁၄ ရက် နံနက် ၁၀ နာရီတွင် အကျေအလည်ပေးချေရန်၊ အလုပ်သမားဦးကျော်သူပါ ၆၆၁ ဦးကလည်း ဧပြီလစာငွေအား ၁၄ ရက်နေ့ ပေးချေခြင်းကို ကျေနပ်သဘောတူစွာ လက်ခံရန်၊ အလုပ်ရှင် ကိုယ်စားလှယ်ဖြစ်သူက ယင်းနေ့တွင် ငွေပေးချေရန် ပျက်ကွက်မှုရှိပါက သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ကို သိရှိလိုက်နာရန်၊ မေ ၁၄ ရက်တွင် အလုပ်ရှင်ကိုယ်စားလှယ်ဖြစ်သူက အလုပ်သမားများအား အလုပ်ဆက်လက်ဆင်းနိုင်ရေး ကိစ္စအား ကြော်ငြာစေရန်တို့ဖြစ်ကြောင်း အင်းစိန်မြို့နယ် ညှိနှိုင်းရေးအဖွဲ့၏ အမှုအမှတ်(၂၄/၂၀၁၆)သဘောတူ စာချုပ်အရသိရသည်။

မေ ၉ ရက် ညနေပိုင်းမှစ၍ လုပ်ငန်းခွင်ရပ်တန့်ခဲ့ပြီး စုပေါင်းတောင်းဆိုနေသော အလုပ်သမားများသည် စာချုပ်အရ မေ ၁၂ ရက်နှင့် ၁၃ ရက်တွင် အနားပေးပြီး ၁၄ ရက်တွင် လစာထုတ်ကာ ၁၅ ရက်(တနင်္ဂနွေ)နားကာ ၁၆ ရက်တွင် လုပ်ငန်းခွင်ပြန်လည်ဝင်ရမည်ဖြစ်ကြောင်း အလုပ်သမားများထံမှ သိရသည်။

ရွှေမြင့်သီး (ရွှေပြည်သာ)

■

ရွှေဘိုတူးမြောင်းရေသောက် နွေစပါးစိုက်ခင်းများ အထွက်နှုန်းလျော့ကျမည်ကို လယ်သမားများစိုးရိမ်

ရွှေဘို မေ ၁၂

ရွှေဘိုဒေသတွင် သဖန်းဆိပ်ရေလှောင်တမံ၌ ဆည်ရေအပြည့် သိုလှောင်ပမာဏ ဧကပေ ၂၈ သိန်း သိုလှောင်ထားနိုင်မှုကြောင့် နွေရာသီတွင် ဆည်ရေဖြင့် နွေစပါးလယ်မြေကေပေါင်း သုံးသိန်းခန့်နှင့် အခြားသီးနှံ ဧကပေါင်း တစ်သိန်းခန့် စိုက်ပျိုးနိုင်ခဲ့သော်လည်း အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ် အထိ မြင့်မားနေမှုကြောင့် နွေစပါးအထွက်နှုန်းလျော့ကျမည်ကို လယ်သမားများ စိုးရိမ်ပူပန်နေကြကြောင်း ဒေသခံလယ်သမားများထံမှ သိရသည်။

အဆိုပါဒေသရှိ ခင်ဦးမြို့နယ်၌ နွေစပါး ဧက ၄၇၀၀၀ နှင့် အခြားသီးနှံ ဧက ၈၀၀ စိုက်ပျိုးထားကြောင်း၊ ကာဘိုး- ရွှေဘိုတူးမြောင်း ရေဖြင့် လယ်မြေကေပေါင်း တစ်သိန်းကျော်(ဧက ၁၁၃၅၀)စိုက်ပျိုးထားကြောင်း၊ ယင်းစိုက်ပျိုးထားသောလယ်ကွက်များသို့ စိုက်ပျိုးရေများ ထည့်သွင်းထားသော်လည်း အချို့ နွေစပါးစိုက်ခင်းများသည်အပူချိန် ၄၂ ဒီဂရီစင်တီဂရိတ်ထိ မြင့်မားနေမှုကြောင့် ရေများခန်းခြောက်၍ လည်းကောင်း၊ ရေပေးတူးမြောင်းများ ရေအပြည့်အဝမပေးဝေ၍ တိုက်ရိုက်ပြွန်မဟုတ်သော ဒေသအခေါ် လေပြွန်(ရေအပြည့်အဝပေးဝေမှသာလျှင် ရေထွက်ရေထုတ်နိုင်သောပြွန်)များမှ ရေရရှိမှုနည်းနေမှုကြောင့်လည်းကောင်း စိုက်ပျိုးထားသော လယ်မြေများမှ ရေများခန်းခြောက်နေပြီး မြေကြီးများ ပတ်ကြားကွဲအက်နေကြောင်း ရွှေဘိုတူးမြောင်း ရေသောက်လယ်သမားများထံမှ သိရသည်။

"တောင်သူဦးရေ ၂၀ ကျော်၊ လယ်မြေကေပေါင်း ၉၀ ခန့်မှာ ရေမရရှိတာကြောင့် ရေခန်းခြောက်နေပြီး မြေကြီးများ ပတ်ကြားကွဲအက်နေမှုတွေရှိသလို တချို့တောင်သူတွေကတော့ ရေတင်စက်နဲ့ လယ်ထဲကို ရေသွင်းနေရပါတယ်။ အပူချိန်မြင့်မားနေတာကြောင့် နွေစပါးအထွက်နှုန်းလျော့ကျမှာကို လယ်သမားတွေက စိုးရိမ်ပူပန်နေကြပါတယ်"ဟု ခင်ဦးမြို့နယ် ကန်သစ်ကျေးရွာနေ လယ်လုပ်ငန်းလုပ်ကိုင်သူ ဦးမျိုးလင်းက ပြောသည်။

ယင်းသို့ လယ်သမားများအနေဖြင့် ကာဘိုး- ရွှေဘိုတူးမြောင်းမှ စိုက်ပျိုးရေရရှိမှု အခက်အခဲဖြစ်ပေါ်နေမှုနှင့်ပတ်သက်၍ ကာဘိုး- ရွှေဘိုတူးမြောင်း တာဝန်ရှိသူတစ်ဦးက "စိုက်ပျိုးရေရရှိမှုအခက်အခဲဖြစ်ပေါ်ခဲ့ပါတယ်။ အခုအဆင်ပြေနေပြီလို့ထင်ပါတယ်။ အောက်ပိုင်းဖြစ်တဲ့ ရွှေဘို၊ ဝက်လက်နယ်မှာ နွေနှမ်း/ပဲတီစိမ်းတွေ စိုက်ပျိုးထားလို့ ဆည်ရေကို ထိန်းချုပ်ပေးဝေနေရပါတယ်။ ဒါ့အပြင် အပူရှိန်မြင့်မားနေမှုကြောင့် သဖန်းဆိပ်ဆည်ရေကို ရေငွေ့ပျံခန်းခြောက်မှုကို ကာမိစေဖို့နဲ့ ရေအလေအလွင့်နည်းနိုင်သမျှ နည်းအောင် စိုက်ပျိုးရေကို ချင့်ချိန်ပေးဝေနေရပါတယ်" ဟု ပြောသည်။

(ရောင်နီတင်ဝင်း)

■

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၃ - ၅ - ၂၀၁၆ (သောကြာနေ့)]

Entertainment Channel

၆း၀၀	အဖွင့် -မိုးလေဝသအစီအစဉ် -တေးဂီတအစီအစဉ်
၆း၁၀	-အနုပညာရှင်ပေါင်းစုံ(၄) သင်းပတ်လည်ဖိတ်ခေါ်ဘောလုံးပြိုင်ပွဲအကြို ပြင်ဆင်မှုများ
၆း၃၀	ပြည်သူ့နီတိ "နှိုင်းယှဉ်၍မရသော"
၆း၅၀	ကာတွန်းအစီအစဉ် Space Chimps (အပိုင်း-၃)
၇း၂၀	နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုစ္ဆာ" (အပိုင်း-၄၄)
၈း၀၀	နိုင်ငံခြားရုပ်သံဇာတ်လမ်းတွဲ "အချစ် စစ်ရဲ့အလှတရား" (အပိုင်း -၄၄)
၈း၄၀	တေးဂီတအစီအစဉ်
၉း၀၀	English Premier League (Review-III)
၉း၁၀	နိုင်ငံတကာရုပ်ရှင် ဇာတ်ဝင်တေးများ
၉း၂၀	မြန်မာ့ရိုးရာတူရိယာ"ဇုံ" အစီအစဉ်
၉း၅၀	တေးဂီတအစီအစဉ်
၁၀း၁၀	မြန်မာဌီဒီယိုဇာတ်လမ်း "မှိုင်းပြာမှန်ရီ"

တစ်နေ့(၆)နာရီစာ ၄ ကြိမ်ပြသပါမည်။

MRTV- 4

၅း၀၀	ပဌာန်းပါဠိတော်+ အာဌာဋ္ဌိယသုတ်
၅း၂၀	MRTV-4 သတင်း
၅း၄၀	"သာသနာကွယ်ခြင်း အပြား(၅)ပါး " တရားတော် (ဆရာတော် ဘဒ္ဒန္တစန္ဒသိရီ (အောင်စကြာဆရာတော်)
၆း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၀)
၇း၅၀	ရန်ကုန်မြင်ကွင်းကျယ် (Food& Hotel Myanmar 2016 ပြပွဲကြီး စာနယ်ဇင်းရှင်းလင်းပွဲ အခမ်းအနား)
၈း၀၀	"မင်္ဂလာပါ" The Moring Show
၉း၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၁၀၈)
၁၀း၁၅	ခေတ်သစ်ယျမေ
၁၀း၀၀	အနုပညာပိုးကောင်းကင်
၁၀း၂၅	Food &Decor
၁၀း၄၅	MRTV-4 Stage
၁၂း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၇၆)
၁၂း၅၀	ရန်ကုန်မြင်ကွင်းကျယ်(Myanmar International Building, Lighting, Woodworking& Machine Tools Industrial Fair,2016 Press Conference)
၂း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၂)
၃း၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၀)
၃း၄၅	Miss Myanmar World 2016
၃း၄၅	ရန်ကုန်မြင်ကွင်းကျယ် (Graduation Ceremony of Fairy Land Pre-Schoo1)
၃း၅၅	(၇၀)နှစ်မြောက် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ ဂုဏ်ပြု ရုပ်သံဇာတ်လမ်း"191"(အပိုင်း-၄)
၆း၁၀	Health Fix
၆း၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၆၁)
၇း၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "လူရည်ချွန်" (အပိုင်း-၂၃)
၈း၁၅	ရသစုံညွှန်းတမ်းများ
၈း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း -၁၀၉)
၉း၂၀	Miss Now How 2016 Beauty Contest
၁၀း၂၀	World of Knowledge (I Predator Killer Whale)
၂း၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ ချစ်စကား" (အပိုင်း-၁၀၉)
၃း၄၅	MRTV-4 Stage

MWD

၆း၀၃	တရားတော်
၆း၁၅	မေတ္တာပို့
၆း၂၀	ဓမ္မပူဇာတေး
၆း၂၅	ကိုယ်လက်လှုပ်ရှားအားကစား
၆း၃၅	မျိုးချစ်တပ်မတော်
၆း၄၀	မှတ်တမ်း
၆း၅၀	မြန်မာသံစဉ်ချိန်းဝင်
၇း၂၀	မြန်မာပြည်တွင်ထုတ်လုပ်သည်
၇း၂၅	အမျိုးသားရေးတေးကဗျာ
၇း၃၀	သင့်အတွက်တစ်နေ့တာ
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	စိုက်ပျိုးသုတ
၈း၂၅	DVD Hits
၈း၃၅	ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
၈း၅၀	မြဝတီနေ့စဉ်သတင်း
၉း၂၀	သူနှင့်သူ၏သီချင်းများ
၄း၀၆	တစ်ပတ်အတွင်းစီးပွားရေးသတင်း
၄း၄၀	ဇာတ်လမ်းတို
၄း၄၅	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၁၀	ပျိုပျိုမေ
၅း၂၀	လည်မယ် . . . စားမယ် ကမ္ဘာတစ်ခွင်ဝယ်
၆း၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	ရှမောဖွယ်ရာရွှေရုပ်ထွာ
၆း၃၀	"ရွာ" ဟာသဇာတ်လမ်းတွဲ အပိုင်း(၃၅၂) ဒါရိုက်တာ မိုးဇော်ကို
၇း၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မြစ်တစ်စင်းရဲ့အလက်ာ အပိုင်း(၇)
၈း၀၀	မြဝတီရုပ်မြင်သံကြားသတင်း -ဒို့တာဝန်အရေး(၃)ပါး -နိုင်ငံတကာသတင်း -မိုးလေဝသသတင်း -VOA အင်္ဂလိပ်စာသင်ခန်းစာ -သံစဉ်များနှင့်ကမ္ဘာ -ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် -Lucky Door -မြဝတီရုပ်မြင်သံကြားသတင်း

mitv

07:26	A Glance At A Naga Family Life
07:44	Htan Taw Drums (Part-II) "Dobat"
08:26	On the River
08:48	"Myanmar Traditional Bullock-Cart & Equestrian Racing
09:26	"Tigers, Lions and The Guardians
09:36	"Natural Mineral Water
09:52	"A Nun's Creation in Fruit Carving
10:26	"The Richly Blessed Gem Land
10:53	"TECH School
07:26	"To My Dream City (Part- 2)
07:44	"Myanmar Traditional Toys
08:26	"An Aficionado Of Alluring Antiques

3 Girls ရုပ်ရှင်ဇာတ်ကားအတွက် စိုးရိမ်မှုများရှိနေသည့် အလင်းရောင်

ရည်းစားဦးရုပ်ရှင်ဇာတ်ကားကြီးဖြင့် ပရိသတ် လက်ခံအားပေးခြင်းခံခဲ့ရသည့် သရုပ်ဆောင် အလင်းရောင်သည် ဒါရိုက်တာ ဝိုင်း ရိုက်ကူးမည့် 3Girls ရုပ်ရှင်ဇာတ်ကားတွင် စီနီယာသရုပ်ဆောင်များဖြစ်သည့် ဖွေးဖွေး၊ အိချောပို၊ ပိုင်ဖြိုးသုတို့နှင့်အတူ အဓိကဇာတ်ဆောင်နေရာမှ သရုပ်ဆောင်ရခြင်းကြောင့် စိုးရိမ်မှုများရှိနေသည်ဟု ဆိုသည်။



"ကျွန်တော် ဒီဇာတ်ကားကြီးမှာ အဓိကသရုပ်ဆောင်တစ်ယောက်အနေနဲ့ ဇာတ်လမ်းကျောရိုးအရ သရုပ်ဆောင်ရမှာဖြစ်ပါတယ်။ အဲဒီအတွက်ကြောင့် "ကျွန်တော်သာတစ်ခုခု(သရုပ်ဆောင်မှုပိုင်းမှာ) ချွတ်ချော်ခဲ့ရင်အားလုံးအတွက် ဆိုးကျိုးတွေဖြစ်လာမလားဆိုတဲ့ အတွေးနဲ့ ကျွန်တော် လုပ်နိုင်ပါ့မလားဆိုပြီးတော့ ကိုယ့်ကိုကိုယ်လည်း ပြန်မေးတယ်။ ဒီဇာတ် ကားမှာဆိုရင် ဒါရိုက်တာ ကိုဝိုင်းနဲ့ကလည်း တစ်ခါမှမကြုံဖူးဘူး။ မဖွေးနဲ့ကတော့ ကြော်ငြာရိုက်တုန်းက ဆုံဖူးတယ်။ မအိချောတို့၊ ပိုင်ဖြိုးသုတို့နဲ့ကတော့ ဆုံဖူးပါတယ်။ ကျွန်တော့်ကြောင့် ရိုက်ကူးရေးမှာ အခိုန်လစ်ဟာမှုတွေရှိမှာတွေးရင်း အလွန်စိတ်ပူပြီးစိုးရိမ်တယ်" ဟု အလင်းရောင်က ပြောသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားကြီးကိုရိုက်ကူးရန် ထားဝယ်ရုပ်ရှင်ထုတ်လုပ်ရေးက ဖေဖော်ဝါရီလထဲတွင်ပြောဆိုခဲ့ခြင်းဖြစ်ပြီး ဒါရိုက်တာဝိုင်းရိုက်ကူးမည့် ဇာတ်ကားတစ်ကားဖြစ်သောကြောင့် မိမိအတွက်အတွေ့အကြုံကောင်းများရရန်အတွက် ရိုက်ကူးရန်လက်ခံခဲ့ခြင်းဖြစ်ကြောင်းသိရသည်။

ထိတ်လန့် ခြောက်ခြားဖွယ်ဇာတ်လမ်းတစ်ခုကိုအခြေခံပြီး ရိုက်ကူးမည့်ရုပ်ရှင်ဇာတ်ကားကြီးတွင် အိုင်တီပိုင်း ဆိုင်ရာတတ်ကျွမ်းသည့်ဆော့ဝဲလ်ပညာရှင်တစ်ယောက်အဖြစ် သရုပ်ဆောင်ရမည်ဖြစ်သည်။ သရုပ်ဆောင်ရမည့်အပိုင်းကို အကောင်းဆုံးဖြစ်အောင်လေ့ကျင့်မှုများပြုလုပ်နေပြီဖြစ်ကာ ဇာတ်ရုပ်ပိုင်းပီပြင်စေရန် အဝတ်အစားဝတ်ဆင်မှုအပိုင်းကိုလည်း အဓိကထားပြင်ဆင်ထားကြောင်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

(ငွေနှင်းဖြူ)

ကွာရှင်းပြတ်စဲတယ်ဆိုတာ တကယ်ပဲ နာကျင်ရပြီး ရှက်စရာကောင်းတဲ့ ကိစ္စတစ်ခုပါလို့ ဆိုလာတဲ့ ဒရူးဘယ်ရီမိုး

သရုပ်ဆောင် ဒရူးဘယ်ရီမိုးက ဧပြီလအတွင်းက အနုပညာအကြံပေး ခင်ပွန်းဖြစ်သူ ဝီလ်ကိုပယ်လ်မန်းနှင့် ကွာရှင်းပြတ်စဲခဲ့ပြီး ယင်းအတွက် လွန်စွာရှက်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

စာရေးဆရာ၊ မော်ဒယ်၊ ဒါရိုက်တာ၊ ပရိုဂျူဆာ၊ သရုပ်ဆောင် စသည့် အနုပညာနယ်ပယ်များစွာတွင် အောင်မြင်နေသူတစ်ဦးအဖြစ် ရပ်တည်နေသူ ဒရူးဘယ်ရီမိုးက ကွာရှင်းပြတ်စဲခြင်းသည် အကြီးမားဆုံးဆုံးရှုံးမှုတစ်ခုဖြစ်ကြောင်း အင်တာဗျူးတစ်ခုတွင် ဖြေကြားခဲ့သည်။

အသက်(၄၁)နှစ်အရွယ် မင်းသမီး ဒရူးဘယ်ရီမိုးသည် ဝီလ်ကိုပယ်လ်မန်းနှင့် ၂၀၁၂ ခုနှစ် ဇွန်လက လက်ထပ်ခဲ့ပြီး ယခုနှစ် ဧပြီလအတွင်းက ကွာရှင်းပြတ်စဲခဲ့ကြခြင်းဖြစ်ကာ "ဝမ်းနည်းစွာနဲ့ပဲ ကျွန်မတို့မိသားစုဟာ တရားဝင်ပြိုကွဲသွားခဲ့ပါပြီ"ဟု ၎င်းတို့နှစ်ဦး၏ ပူးတွဲထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဆက်လက်ပြီး ကွာရှင်းပြတ်စဲမှုသည် အမှားတစ်ခုဖြစ်လင့်ကစား သားသမီးငယ်များအား ဘဝ၏ဦးစားပေးအဖြစ် လက်ကျန်ဘဝတွင် ပျော်ရွှင်စွာရှင်သန်နိုင်ရန် မျှော်လင့်ထားကြောင်း မင်းသမီး ဒရူးဘယ်ရီမိုးက အဆိုပါ အင်တာဗျူးတွင် ဖြေကြားသည်။ ယခုကွာရှင်းပြတ်စဲခဲ့သည့် ဝီလ်ကိုပယ်လ်မန်းသည် ၎င်း၏တတိယမြောက် ခင်ပွန်းဖြစ်ပြီး အသက်(၂)နှစ်နှင့် (၃)နှစ်အရွယ် သမီးနှစ်ဦး ထွန်းကားခဲ့ကြောင်း သိရသည်။

ဖြိုးစန္ဒာမြင့်

ဇာတ်ကားသစ်နှင့် ပရိသတ်ရှေ့ ပြန်လည်ရောက်ရှိလာဦးမည့် မွန်ဂန်ယောင်း

မြန်မာရုပ်ရှင်ချစ်ပရိသတ်များနှင့်လည်း ရင်းနှီးပြီးသားဖြစ်သူ တောင်ကိုရီးယားရုပ်ရှင်မင်းသမီး မွန်ဂန်ယောင်းက Glass Garden အမည်ရှိ ရုပ်ရှင်ဇာတ်ကားနှင့်အတူ ပရိသတ်ရှေ့မှောက် ပြန်လည်ရောက်ရှိလာဦးမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါဇာတ်ကားကို ယခုလလယ်ပိုင်းတွင် စတင်ရိုက်ကူးမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် နှစ်ဦးပိုင်းတွင် စတင်ပြသရန် ရည်မှန်းထားကြောင်း သိရသည်။ ယင်းဇာတ်ကားသည် စာရေးဆရာ ဂျီဟွန်း၏ အမည်တူ ဝတ္ထုကို ဇာတ်ညွှန်းပုံဖော်ကာ ဇာတ်ကားအဖြစ် ဖန်တီးထားခြင်းဖြစ်ပြီး အဆိုပါ ဇာတ်ကားတွင် မွန်ဂန်ယောင်းက အမျိုးသမီးသုတေသနပညာရှင်တစ်ဦးအဖြစ် အဓိကပါဝင်သရုပ် ဆောင်ထားသည်။

Glass Garden ဇာတ်ကားနှင့်ပတ်သက်ပြီး သရုပ်ဆောင် မွန်ဂန်ယောင်းက "မမျှော်လင့်ဘဲ ဒီဇာတ်ကားလေးမှာ ပါဝင်သရုပ်ဆောင်ရမယ်လို့သိရတဲ့အခါ ဇာတ်ညွှန်းပိုင်းကိုကြည့်လိုက်တော့ အလွန်စိတ်ကူးယဉ်ဆန်ပြီး နက်နဲတဲ့ဇာတ်ညွှန်းလေးဖြစ်တာကြောင့် သရုပ်ဆောင်ဖို့ဆုံးဖြတ်လိုက်တာပါ။ နောက်ပြီး ဒီလိုဇာတ်ရုပ်မျိုးကိုလည်း အရင်က တခါမှမလုပ်ဖူးတာကြောင့်လည်း ပါပါတယ်။ ဒီဇာတ်ကားလေးမှာ အကောင်းဆုံးကြိုးစားသရုပ်ဆောင်သွားမှာမို့ ကြည့်ရှုသူတွေကို စိတ်ကျေနပ်မှုတွေပေးနိုင်မယ်လို့ မျှော်လင့်ထားပါတယ်"ဟု ဆိုသည်။

မွန်ဂန်ယောင်းသည် အာဖရိကသို့ လုပ်အားပေးအဖြစ်သွားရောက်ကာ ပြန်လည်ရောက်ရှိလာပြီး ယခုဇာတ်ကားသည် ၎င်း၏ပထမဆုံးအနုပညာလှုပ်ရှားမှုလည်းဖြစ်သည်။

ကမ္ဘာ့အချမ်းသာဆုံးကလပ်အသင်းအဖြစ် ရီးယဲလ်မက်ဒရစ်အသင်း ထပ်မံအောင်ပွဲ၁

မေလွဲသင်း

စပိန်အင်အားကြီး ရီးယဲလ်မက်ဒရစ်အသင်းသည် ကမ္ဘာ့အချမ်းသာဆုံးကလပ်အဖြစ် လေးနှစ်ဆက်တိုက်ရပ်တည်နိုင်ခဲ့သလို အသင်းခြောက်သင်းအထိပါဝင်နေကြောင်း Forbes ၏ မေ ၁၂ ရက်ထုတ်ပြန်ချက်အရ သိရသည်။ ရီးယဲလ်မက်ဒရစ်သည် တန်ဖိုး ပေါင် ၂ ဒသမ ၅၂ ဘီလီယံ(အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄၅ ဘီလီယံ)ဖြင့် ဒုတိယနေရာရှိ ဘာစီလိုနာ (အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၉ ဘီလီယံ)၊ တတိယနေရာရှိ မန်ယူ(၃ဒသမ၃၁၇ဘီလီယံ) တို့အားကျော်ဖြတ်ကာ ကမ္ဘာ့တန်ဖိုးအရှိဆုံးကလပ်အသင်းအဖြစ် လေးကြိမ်ဆက်တိုက်ရပ်တည်နိုင်ခဲ့ခြင်းဖြစ်သည်။

ပရီမီယာလီဂ်အသင်းများဖြစ်သည့် မန်ယူ၊ အာဆင်နယ်၊ မန်စီးတီး၊ ချယ်လ်ဆီး၊ လီဗာပူးနှင့် စပါးတို့မှာ အဆိုပါစာရင်းတွင်ပါဝင်နေပြီး ဘွန်စ်ဒက်စ်လီဂါကလပ် ဘိုင်ယန်မြူးနစ်၊ စီရီးအေကလပ် ဂျူဗင်တပ်တို့မှာလည်း အဆင့်(၄)နှင့် အဆင့်(၉)နေရာတို့ဖြင့် ပါဝင်ခဲ့သည်ကိုတွေ့ရသည်။ထို့ပြင် ကမ္ဘာ့ဝနအင်အားအကြီးဆုံး ကလပ်အသင်း ၂၀ စာရင်းဝင် အသင်းများ၏ တန်ဖိုးမှာ လွန်ခဲ့သည့် တစ်နှစ်ကထက် တန်ဖိုးအားဖြင့် ၂၄ ရာခိုင်နှုန်း(လေးပုံတစ်ပုံနီးပါး) ပိုမိုကြွယ်ဝလာခဲ့ကြောင်းလည်း သိရသည်။

ကမ္ဘာ့အချမ်းသာဆုံး ကလပ်အသင်း(၁၀)သင်း

	ကလပ်အမည်	တန်ဖိုး
၁။	ရီးယဲလ်မက်ဒရစ်	အမေရိကန်ဒေါ်လာ ၃ ဒသမ ၆၄၅ ဘီလီယံ
၂။	ဘာစီလိုနာ	အမေရိကန်ဒေါ်လာ ၃ ဒသမ ၅၄၉ ဘီလီယံ
၃။	မန်ယူ	အမေရိကန်ဒေါ်လာ၃ ဒသမ ၃၁၇ ဘီလီယံ
၄။	ဘိုင်ယန်မြူးနစ်	အမေရိကန်ဒေါ်လာ ၂ ဒသမ ၆၇၈ ဘီလီယံ
၅။	အာဆင်နယ်	အမေရိကန်ဒေါ်လာ ၂ ဒသမ ၀၁၇ ဘီလီယံ
၆။	မန်စီးတီး	အမေရိကန်ဒေါ်လာ ၁ ဒသမ ၉ ၂၁ဘီလီယံ
၇။	ချယ်လ်ဆီး	အမေရိကန်ဒေါ်လာ ၁ ဒသမ ၆၆၁ ဘီလီယံ
၈။	လီဗာပူး	အမေရိကန်ဒေါ်လာ ၁ ဒသမ ၅၄၈ ဘီလီယံ
၉။	ဂျူဗင်တပ်	အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၉၉ ဘီလီယံ
၁၀။	စပါး	အမေရိကန်ဒေါ်လာ ၁ ဒသမ ၀၁၇ ဘီလီယံ

ကိုးလကြာအနားယူရတော့မယ့်ဝဲလ်ဘတ်

အာဆင်နယ်တိုက်စစ်မှူး ဒန်နီဝဲလ်ဘတ်မှာ အာဆင်နယ်-မန်စီးတီး ပွဲစဉ်အတွင်း ရရှိခဲ့သည့် ဒဏ်ရာပြဿနာကြောင့် ဒူးဒဏ်ရာ ခွဲစိတ်မှုခံယူရမည်ဖြစ်ရာ ကိုးလကြာ အနားယူရတော့မည်ဖြစ်ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။ ဆေးစစ်ချက်များပြုလုပ်အပြီးတွင် ဒူးအရိုးနု ကျိုးသွားခဲ့ခြင်းဖြစ်ပြီး ယခင်ခုနှစ်လ အနားယူခဲ့ရသည့် ဒဏ်ရာဟောင်းနှင့် နေရာတူသည့် ဒဏ်ရာမဟုတ်ကြောင်း ဝဲလ်ဘတ်က သူ၏လူမှုကွန်ရက်စာမျက်နှာမှတစ်ဆင့် အတည်ပြုခဲ့သည်။

ၜင်းမှာ ဘယ်ဒူးဒဏ်ရာကြောင့် ပြီးခဲ့သည့် ၂၀၁၅ မေလမှ ၂၀၁၆ ဖေဖော်ဝါရီလအထိ အနားယူခဲ့ရသူဖြစ်သည်။ ဝဲလ်ဘတ်သည် အာဆင်နယ်အတွက် စုစုပေါင်းပွဲစဉ် ၁၆ ပွဲ ဝင်ရောက်ကစားခဲ့ရာ သွင်းဂိုး၈ဂိုးဂိုးသွင်းယူပေးခဲ့ပြီးနောက် ယူရိုပြိုင်ပွဲဝင် အင်္ဂလန်အသင်းနှင့်အတူ ပါဝင်ရန် မျှော်လင့်ထားသော်လည်း နောက်ဆုံးကစားသမား ၂၃ ဦး စာရင်းမထုတ်ပြန်မီ တစ်ပတ်အလိုမှာပင် တိုက်တိုက်ဆိုင်ဆိုင် ဒဏ်ရာရရှိသွားခဲ့ခြင်းဖြစ်သည်။ ဝဲလ်ဘတ်နှင့် အတူ အာဆင်နယ်အသင်းဖော် ချိန်ဘာလိန်မှာလည်း ဒုတိယအကြိမ် ဒူးဒဏ်ရာ ထပ်မံရရှိသွားခဲ့သဖြင့် ယူရိုပြိုင်ပွဲအား လွဲချော်ရန် သေချာသွားပြီဖြစ်သည်။

လာကာဇက်တီအတွက် ပေါင်သန်း ၃၀ ပေးချေဖို့ အသင့်ရှိနေတဲ့ ဝက်စ်ဟမ်း



ဝက်စ်ဟမ်းအသင်းဟာ နောက်နှစ်ဘောလုံးရာသီမှာ တိုက်စစ်အင်အားဖြည့်တင်းဖို့ အဓိကထားဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ဂျေမီဘဒီ၊ လာကာဇက်တီ စတဲ့ ထိပ်တန်းတိုက်စစ်မှူးတွေကို ခေါ်ယူဖို့ ကြိုးပမ်းနေတယ်လို့ ဂိုးလ်အားကစားဝက်ဘ်ဆိုက်က ဖော်ပြပါတယ်။ လိုင်ယွန်တိုက်စစ်မှူး လာကာဇက်တီကတော့ ဝက်စ်ဟမ်းရဲ့ အဓိကပစ်မှတ်ဖြစ်ပြီး ဝက်စ်ဟမ်းနည်းပြ ဘီလစ်ဟာ နောက်နှစ်ဘောလုံးရာသီမှာ တစ်ရာသီ ဂိုး ၂၀လောက် ပုံမှန်ဂိုးသွင်းခြေရှိတဲ့ တိုက်စစ်မှူးတစ်ဦးကို အမြန်ခေါ်ယူဖို့ ဆန္ဒပြင်းပြနေတာဖြစ်ပါတယ်။

လာကာဇက်တီက လက်ရှိမှာ အသက်(၂၄)နှစ်အရွယ်သာရှိသေးပြီး ဒီနှစ်ဘောလုံးရာသီပြိုင်ပွဲစုံသွင်းဂိုး ၂၃ ဂိုးအထိသွင်းယူနိုင်ခဲ့တာကြောင့် ပရီမီယာလီဂ်လို ကြံ့ခိုင်မှုအသားပေးတဲ့ လိဂ်ပြိုင်ပွဲအတွက်ဆို ပိုပြီး သင့်လျော်တယ်လို့ ဘီလစ်က အဖြေထုတ်ထားတာဖြစ်ပါတယ်။ ဝက်စ်ဟမ်းအသင်းဟာလက်ကျန်ပွဲစဉ်တစ်ပွဲ ကစားဖို့ ကျန်ရှိတော့ချိန်မှာ ရမှတ်၆၂မှတ်ရရှိထားပြီး ဥရောပဝင်ခွင့် တစ်နေရာ သေချာပေါက် ရရှိမှာဖြစ်တာကြောင့် အခုလို ကစားသမားအင်အားခေါ်ယူအားဖြည့်ဖို့ စီစဉ်နေတာဖြစ်ပါတယ်။ လိုင်ယွန်အသင်းကတော့ တကယ်လို့ လာကာဇက်တီကို ထွက်ခွာသွားရင် တူးလော့စ်တိုက်စစ်မှူး ဘင်ယက်ဒါကို အစားထိုးခေါ်ယူသွားဖို့ရှိနေပါတယ်။

အဝေးကွင်းမှာနိုင်ပွဲနဲ့ရာသီသိမ်းမယ့် လီဗာပူး

ပရီမီယာလီဂ် ရင်ခုန်သံ - ၃၀

ရွှင်းမင်းမင်း

ပရီမီယာလီဂ်ပွဲစဉ်(၃၈)ကို လာမယ့် မေ ၁၅ ရက်မှာ ယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ ဒီပွဲစဉ်မှာတော့ ယူရိုပါလီဂ်ဝင်ခွင့်မျှော်လင့်ချက်ရှိနေတဲ့ လီဗာပူးနဲ့ဆောက်သမ်တန်တို့ အားစိုက်ကစားလာဖို့ရှိနေသလို နိုင်ပွဲလည်းရယူနိုင်ဖို့ရှိနေပါတယ်။ ဒါ့အပြင် မန်ယူ၊ ဝက်စ်ဟမ်းတို့လည်း နိုင်ပွဲရယူသွားနိုင်မှာပါ။

အာဆင်နယ် - ဒီလာ — ည ၈း၃၀ (၁၅-၅-၂၀၁၆)

အာဆင်နယ်ခြေက အခုနောက်ပိုင်းပွဲတွေမှာ တည်ငြိမ်မှုအနည်းငယ်ကျဆင်းနေပါတယ်။ ဒါပေမယ့်လည်း အာဆင်နယ်အနေနဲ့ အိမ်ကွင်းပွဲစဉ်ဖြစ်နေတာကြောင့် ဒီနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ ဒီလာရဲ့အသင်းလိုက်ကစားအားက ကျဆင်းနေသလို ခံစစ်ပိုင်းကလည်း ကျစ်လျစ်မှုမရှိတာတွေ့ရပါတယ်။ ဒါကြောင့်လည်း ဒီပွဲစဉ်မှာ အာဆင်နယ်ပဲအနိုင်ရမယ်။

မန်ယူ - ဘုန်းမောက် — ည ၈း၃၀ (၁၅-၅-၂၀၁၆)

တန်းတင်ကျန်ရစ်ဖို့အတွက် သေချာနေပြီဖြစ်တာကြောင့် ဘုန်းမောက်ရဲ့အသင်းလိုက်ရုန်းကန်ကစားအားက ကျဆင်းလာနိုင်ပါတယ်။ အထူးသဖြင့်ဘုန်းမောက်ဟာ အဝေးကွင်းပွဲတွေမှာခြေစွမ်းပိုင်းက ပိုမိုအားနည်းတတ်လို့ မန်ယူကို တုံ့ပြန်ကစားနိုင်ဖို့ ခက်ခဲလာနိုင်ပါတယ်။ မန်ယူကကြားရက်မှာ ပွဲကျန်ကစားခဲ့ရတာကြောင့်ပွဲပန်းလာနိုင်ပေမယ့် ဥရောပဝင်ခွင့်အတွက် အိမ်ကွင်းမှာအားစိုက်ကစားလာမှာသေချာနေသလို ခြေစွမ်းပိုင်းလည်းကောင်းမွန်နေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာမန်ယူပဲအနိုင်ရမယ်။

ဆောက်သမ်တန် - ပဲလေ့စ် — ည ၈း၃၀ (၁၅-၅-၂၀၁၆)

ဆောက်သမ်တန်က ဥရောပဝင်ခွင့်မျှော်လင့်နိုင်သေးတဲ့ အနေအထားမှာရှိနေတာကြောင့် ဒီနောက်ဆုံးပွဲစဉ်မှာလည်း နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာဖြစ်သလို အိမ်ကွင်းလည်းဖြစ်နေပါတယ်။ ဒါ့အပြင် ဆောက်သမ်တန်ရဲ့ခြေကလည်း ကောင်းမွန်နေတာကြောင့် ခြေစွမ်းပိုင်းသာမန်သာရှိတဲ့ ပဲလေ့စ်ကို ဖိအားပေးသွားနိုင်မှာသေချာနေပါတယ်။ ဆောက်သမ်တန်ပဲအနိုင်ရမယ်။

ချယ်လ်ဆီး - လက်စတာ — ည ၈း၃၀ (၁၅-၅-၂၀၁၆)

လက်စတာဟာ ချန်ပီယံဖြစ်ခဲ့ပြီးဖြစ်ပေမယ့်လည်း ဒီနောက်ဆုံးပွဲစဉ်မှာလည်း နိုင်ပွဲနဲ့ရာသီသိမ်းနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ လက်ရှိလက်စတာခြေကလည်း ကောင်းမွန်နေပါတယ်။ ဒါပေမယ့်လည်း ချယ်လ်ဆီးကလည်း နောက်ဆုံးပွဲစဉ်မှာ အိမ်ကွင်းနိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာဖြစ်သလို ခြေလည်းကောင်းမွန်နေပါတယ်။ သရေကျဖို့များတဲ့ပွဲဖြစ်တယ်။

ဝက်စ်ဘရွန်း - လီဗာပူး — ည ၈း၃၀ (၁၅-၅-၂၀၁၆)

လီဗာပူးဟာ ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်လောက်တဲ့ အခြေအနေမှာ ရှိနေသေးတာကြောင့်လည်း ဒီနောက်ဆုံးပွဲစဉ်မှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ လီဗာပူးအနေနဲ့ ဒီပွဲကိုအဝေးကွင်းမှာ ကစားရမှာဖြစ်နေပေမယ့်လည်း ဝက်စ်ဘရွန်းခြေကလည်းအားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် လီဗာပူးတို့ ဒီပွဲမှာနိုင်ပွဲရယူနိုင်ဖို့ရှိနေတယ်။

ဆွမ်ဆီး - မန်စီးတီး — ည ၈း၃၀ (၁၅-၅-၂၀၁၆)

မန်စီးတီးဟာ ချန်ပီယံလီဂ်ပြိုင်ပွဲမှာ ဆီမီးဖိုင်နယ်အဆင့်ကနေ ထွက်ခဲ့ရပြီဖြစ်တာကြောင့် ဒီပရီမီယာလီဂ်ပြိုင်ပွဲမှာ နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါ့အပြင် ဒီပွဲဟာ မန်နေဂျာပယ်လီဂရီနီအတွက် မန်စီးတီးမန်နေဂျာဘဝနောက်ဆုံးပွဲစဉ်လည်းဖြစ်နေတာကြောင့် မန်စီးတီးတို့အမှားခံမှာမဟုတ်ပါဘူး။ ဒါ့အပြင် ဆွမ်ဆီးခြေကလည်း အားနည်းမှုတွေရှိနေတာကြောင့် အဝေးကွင်းဖြစ်ပေမယ့် မန်စီးတီးပဲအနိုင်ရမယ်။

အဲဗာတန် - နော့ဝှစ်ချ် — ည ၈း၃၀ (၁၅-၅-၂၀၁၆)

အဲဗာတန်ဟာ လက်ရှိခြေစွမ်းပိုင်းအရ အကောင်းဆုံးပုံစံမှာရှိတယ်လို့မဆိုနိုင်ပါဘူး။ ခံစစ်ပိုင်းကအစ ထင်သလောက်ကျစ်လျစ်မှုမရှိတာကိုတွေ့ရပါတယ်။ ဒါပေမယ့်လည်း အဲဗာတန်အနေနဲ့ အိမ်ကွင်းပွဲစဉ်ဖြစ်တဲ့အပြင် နောက်ဆုံးပွဲစဉ်လည်းဖြစ်နေတာကြောင့် ဒီပွဲမှာတော့ နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါ့အပြင် လက်ရှိအချိန်မှာ နော့ဝှစ်ချ်ရဲ့ခြေကလည်း အားနည်းမှုတွေရှိနေတာကြောင့် အဲဗာတန်တို့ အခွင့်အရေးရနိုင်ပါတယ်။ အိမ်ကွင်းမှာ အဲဗာတန်နိုင်ပွဲရသွားနိုင်ပါတယ်။

ဝတ်ဖို့ဒ် - ဆန်းဒါးလန်း — ည ၈း၃၀ (၁၅-၅-၂၀၁၆)

ဆန်းဒါးလန်းဟာနောက်ဆုံးပွဲစဉ်ဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ လက်ရှိအချိန်မှာ ဆန်းဒါးလန်းရဲ့ခြေကလည်း ကောင်းမွန်နေပါတယ်။ ဆန်းဒါးလန်းအနေနဲ့ အဝေးကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း ဝတ်ဖို့ဒ်ခြေက အခုနောက်ပိုင်းအားနည်းမှုအချို့ရှိနေတာကြောင့် ဆန်းဒါးလန်းတို့ အခွင့်အရေးရနိုင်ကာ အနိမ့်ဆုံးသရေလောက်ကစားနိုင်ဖို့ရှိနေပါတယ်။

နယူးကာဆယ် - စပါး — ည ၈း၃၀ (၁၅-၅-၂၀၁၆)

နယူးကာဆယ်ဟာ ဗီလာနဲ့သရေကျခဲ့တာကြောင့် ဒီနောက်ဆုံးပွဲစဉ်မှာ အားစိုက်ကစားလာဖို့ရှိနေပါတယ်။ လက်ရှိအချိန်မှာ နယူးကာဆယ်ရဲ့ခြေကလည်း ကောင်းမွန်သလို အိမ်ကွင်းပွဲတွေမှာဆိုရင်လည်း နယူးကာဆယ်ရဲ့ရုန်းအားက ပိုမိုကောင်းမွန်တတ်ပါတယ်။ ဒါကြောင့်လည်း စပါးတို့နောက်ဆုံးပွဲစဉ်မှာနိုင်ပွဲရယူနိုင်ဖို့ ရုန်းကန်လာမှာဖြစ်ပေမယ့် အခက်တွေ့နိုင်ကာ နိုင်ရင်တောင်ဂိုးမပြတ်နိုင်ဘူး။

စတုတ် - ဝက်စ်ဟမ်း — ည ၈း၃၀ (၁၅-၅-၂၀၁၆)

ဝက်စ်ဟမ်းဟာ အနိမ့်ဆုံး ယူရိုပါလိဂ်ဝင်ခွင့်ရယူနိုင်ဖို့အတွက် ဒီပွဲစဉ်မှာလည်း အားစိုက်ကစားလာမှာဖြစ်သလို အသင်းလိုက်ကစားပုံနဲ့ တိုက်စစ်ပိုင်းကထက်မြက်မှုရှိနေတာကိုတွေ့ရပါတယ်။ ဝက်စ်ဟမ်းအနေနဲ့ အဝေးကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း စတုတ်ခြေက အခုနောက်ပိုင်းကျဆင်းနေပါတယ်။ ဒါကြောင့်လည်း ဝက်စ်ဟမ်းတို့အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းရသွားနိုင်ပါတယ်။

မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ

အများပြည်သူ အသက်အိုးအိမ်စည်းစိမ်လုံခြုံရေးသည်သာ အခရာ
အမှတ် (၂၂၈/၂၃၄) ဗိုလ်ချုပ်အောင်ဆန်းလမ်း ၊ဗိုလ်တထောင်မြို့နယ်၊ရန်ကုန်မြို့
Ph:၀၁-၇၀၃၂၇၅၅ ၊ ၀၁-၂၅၁၂၁၃ ၊ ၀၁-၂၅၀၉၈၇ ၊Fax:၀၁-၂၅၀၀၃၅
E.mail: mengc.headquarters@myanmarengc.org Website: www.myanmarengc.org

အမိန့်ကြော်ငြာစာအမှတ်(၄/၂၀၁၆)
၁၃၇၈ခုနှစ်တန်ခူးလဆုတ် ၊ ၁၁ ရက်
(၂၀၁၆ခုနှစ်၊မေ ၊ ၃ ရက်)

မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာ (R.S.E.)စာရင်းထုတ်ပြန်ကြေညာခြင်း

၂၀၁၆ခုနှစ်၊ဇန်နဝါရီလဒုဝရက်နေ့တွင် ကျင်းပပြုလုပ်သော မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးအမှတ်စဉ် ၁/၂၀၁၆ ၏ သဘောတူခွင့်ပြုချက်အရ ၂၀၁၆ခုနှစ်၊ဇန်နဝါရီလဒုဝရက်နေ့အထိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီက အသိအမှတ်ပြုထုတ်ပေးထားသော မှတ်ပုံတင်အကြီးတန်းအင်ဂျင်နီယာလက်မှတ် (R.S.E) ရရှိထားသူ အမည်စာရင်းကို အောက်ပါအတိုင်းကြေညာလိုက်သည် -

R.S.E. အမှတ်	အမည်	မှတ်ပုံတင် အမှတ်	ပညာအရည်အချင်း	အထူးပြုပညာရပ်	ဆက်သွယ်ရန်လိပ်စာ
၀၀၀၁	Engr.ဦးထိပ်တင်ထွန်း	၁၂/ဥကတ(နိုင်) ၀၂၅၃၄	A.G.T.I(MP),R.S.E	Mechanical (A.R.M.V.H)	လှိုင်မြို့နယ်(၂) ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ ရန်ကုန်မြို့။ ၀၉၅၁၃၃၉၆၁
၀၀၀၂	Engr.ဦးတင်ထွန်ဝင်း	၁၂/သကတ (နိုင်)၁၁၄၆၂၁	A.G.T.I(Mech.), B.Sc (Phy.),R.S.E	Mechanical(B.S.)	အမှတ်(၈၈)၊ ဒုတိယထပ်၊ သီရိ(၅)လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်။ ၀၉၄၃၁၃၅၅ရရ၆
၀၀၀၃	Engr.ဦးဇော်မင်းလှိုင်	၈/စလန(နိုင်) ၀၇၀၀၇၁	A.G.T.I(M.P),R.S.E	Mechanical (B.S.)	အမှတ်(၄၉၅/A)၊ ဇမ္ဗူ ။သီရိ(၂)လမ်း၊(၆)ရပ်ကွက် ၊သာကေတမြို့နယ်၊ရန်ကုန်မြို့။၀၉၄၂၁၁၃၃၄၄၀
၀၀၀၄	Engr.ဦးအောင်ကျော်စိုး	၇/ပမန(နိုင်) ၀၀၀၀၀၇	A.G.T.I(MP),R.S.E	Mechanical(B.S.)	အမှတ်(၅၅/ဖ)၊အင်းစိန်လမ်း၊ ၁၃ရပ်ကွက်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၄၂၀၁၁၈၂၉၂
၀၀၀၅	Engr.ဦးဇိုလ်ဇိုလ်	၁၂/ဥကတ(နိုင်) ၀၀၆၀၈၇	B.E(Mech.), A.G.T.I(Mech.),R.S.E	Mechanical(B.S.)	အမှတ်(၃၂၇)၊ တောင်ငူလမ်း၊ ၅ရပ်ကွက်၊ တောင်ဥက္ကလာပ၊ ရန်ကုန်မြို့။ ၀၉၄၀၁၅၄၅ရ၃
၀၀၀၆	Engr.ဦးတင်ထွန်းအောင်	၉/မနတ(နိုင်) ၁၀၂၀၂၉	A.G.T.I(MP),R.S.E	Mechanical(B.S.)	အခန်း(၅)၊ မြေညီထပ်၊၉လမ်း၊ (၇၅/၇၆)လမ်းကြား၊ မန္တလေးမြို့။ ၀၉၉၁၀၀၇၉၅၀၊ ၀၉၂၅၉၂၀၄၈၀၄
၀၀၀၇	Engr.ဦးဇော်မင်းဦး	၁၂/ကမန(နိုင်) ၀၂၀၀၅၅	A.G.T.I(MP) ,R.S.E	Mechanical (M.P.E.)	အမှတ်(၁၆/အော)၊ စံကားစိမ်းလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ ၀၉၄၄၈၀၃၈၉၈၀
၀၀၀၈	Engr.ဦးမင်းနိုင်	၈/ခမန(နိုင်) ၀၂၃၆၇၉	A.G.T.I(MP) ,R.S.E	Mechanical (M.P.E.)	အမှတ်(၄၅)၊ပုသိမ်လမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။၀၉၇၉၄၂၂၇၃၁၀ ၊ ၀၁-၅၀၄၁၅၅
၀၀၀၉	Engr.ဦးအောင်ထင်ကျော်	၇/ညလပ(နိုင်) ၀၂၇၁၆၀	A.G.T.I(MP) ,R.S.E	Mechanical (M.P.E.)	အမှတ်(၃၃/၉၀၆)၊ငါးမာန်အောင်ဘုရားလမ်း၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ရန်ကုန်မြို့။ ၀၉၄၂၁၀၁၄၉၃၃
၀၀၁၀	Engr.ဒေါ်ချိုချိုမြင့်	၁၂/မယတ(နိုင်) ၀၃၅၂၂၉	A.G.T.I(Civil), R.S.E	Construction	အမှတ်(၁၆)၁၀၇လမ်း၊မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့၊၀၉၄၃၃၀၄၄၉၀၇
၀၀၁၁	Engr.ဦးတင်မောင်	၁၁/တကန(နိုင်) ၀၅၈၀၉၉	A.G.T.I(Civil) ,R.S.E	Construction	အမှတ်(၄၀)၊မာလာမြို့ဝင်(၄)လမ်း၊လှိုင်မြို့နယ်၊ရန်ကုန် ၀၉၅၁၈၅၅၄၀၇
၀၀၁၂	Engr.ဦးတင့်လွင်	၁၂/သကတ(နိုင်) ၀၄၀၃၃၉	A.G.T.I(Civil) ,R.S.E	Construction	အမှတ်(၁၈၇၈)၊ဖေယျာဇွေမြေလမ်း၊ မေတ္တာညွှန့် ရပ်ကွက်၊တာမွေမြို့နယ်၊ရန်ကုန်မြို့။၀၉၂၅၅၂၈၅၅ ရ၆၁
၀၀၁၃	Engr.ဦးကျော်ဝိုင်	၇/တဇန(နိုင်) ၀၀၁၂၁၂	B.E. (Civil),R.S.E	Construction	အမှတ်(၄၇၀)၊ နဝဒေးလမ်း၊ တောင်ငူမြို့နယ်၊ ကောဇူမတီမြို့သစ်။ ၀၉၆၇၀၀၇၇၀၊ ၀၉၄၇၆၂၂၁၁၂၇၇
၀၀၁၄	Engr.ဦးစိုးနိုင်ဦး	၉/ကဆန(နိုင်) ၀၄၉၀၆၈	A.G.T.I(Cvil),B.A(Geog.), R.S.E	Construction	တိုက် အေ ၄၊ အခန်း ၃၃၊ နေပြည်တော် စည်ပင်အိမ်ရာ၊နေပြည်တော်။ ၀၉၈၃၀၀၈၈၄၄
၀၀၁၅	Engr.ဦးကျော်သီဟ	၉/အမရ(နိုင်) ၀၀၀၄၆၄	B.E(Civil), R.S.E	Construction	၂၃လမ်း၊ ၈၂/၈၃ လမ်းကြား၊ မန္တလေးမြို့။ ၀၉၂၀၀၆၆၅၂၈ ၊ ၀၉၄၄၄၁၀၀၉၃၃၉
၀၀၁၆	Engr.ဦးထင်အောင်	၆/ထဝန(နိုင်) ၀၆၃၉၆၆	B.E(Civil),R.S.E	Construction	အမှတ်(၁၄၃၄)၊ ဖော်ကီလမ်း၊ ၄၂ ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉၅၅ ၁၂၅၅၈
၀၀၁၇	Engr.ဒေါ်လွင်လွင်ဦး	၈/ခမန(နိုင်) ၀၁၄၂၂၄	A.G.T.I(Civil), B.A(Hist), ,R.S.E	Construction	အမှတ်(၃၂)၊ မြေညီထပ်၊ ပုလဲလမ်း၊ ဂျိုးတ္တာဆိ ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉၅၁၁ ၅၂၆၉ ၊ ၀၉၅၁၀၀၉၅၃၃၁
၀၀၁၈	Engr.ဒေါ်ခင်ထွေးမြင့်	၁၂/မတန(နိုင်) ၀၄၃၀၂၆	A.G.T.I(Civil),R.S.E	Construction	အမှတ်(၁၄၄)၊ စမ်းချောင်းလမ်း၊စမ်းချောင်း မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၂၂၂၅၉၃၀ ၊ ၀၁-၅၁၀၆၃၂
၀၀၁၉	Engr.ဦးကျော်ခင်	၁၂/မတန(နိုင်) ၀၇၃၁၀၁	A.G.T.I(Civil) ,R.S.E	Construction	အမှတ်(၇၃)၊ ဘုရားမမ္ဘီဇွားလမ်း၊တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ၀၉၂၅၅၀၁၃၆၄၄
၀၀၂၀	Engr.ဦးနေဆန်း	၁၂/မဂတ(နိုင်) ၀၃၀၆၄၁	A.G.T.I (EP), R.S.E	Electrical (B.S.)	အမှတ်(၈)၊ ၈ရလမ်း၊ကန်တော်ကလေး၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။ ၀၆၇၄၁၃ ၂၃၀၊ ၀၉၅၁၅၅၄၄၃
၀၀၂၁	Engr.ဦးသောင်းဝိုဏ်	၁၂/ဥကတ(နိုင်) ၁၀၃၁၃၁	A.G.T.I.(E.P) ,R.S.E	Electrical (B.S.)	အခန်း(၁၃)တိုက်(က)၊ဘဏ်ရိပ်သာ ရွှေဂုံတိုင်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၉၆၅၅ ၁၈၂ ၂၂၅
၀၀၂၂	Engr.ဒေါ်နုနုရီ	၁၂/လမန(နိုင်) ၀၆၉၃၄၆	A.G.T.I.(Civil),R.S.E	Construction	အမှတ်(၃၃၄)ဗဟိုလမ်း၊ ၂/ခ၊မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။၀၉၂၅၅၄ ၁ ၅ ၅ ၅ ၆ ၁ ၅ ၅ ၅ ၂ ၊ ၀၉၉ ၇ ၆ ၁ ၅ ၅ ၅ ၀ ၀ ၀
၀၀၂၃	Engr.ဒေါ်ညီညီမိုဝင်း	၉/မနမ(နိုင်) ၀၁၁၀၆၆	A.G.T.I.(Civil),R.S.E	Construction	အမှတ်(၃)၊သရက်တော(၃)လမ်း၊ကြည့်မြင်တိုင် မြို့နယ်၊ ရန်ကုန်မြို့။ ၀၉၇၃၀၆ ၀ ၉ ၇ ၂
၀၀၂၄	Engr.ဦးသိန်းမောင် (ခ) ဦးကျော်ဌေးသိန်း	၁၂/တမန(နိုင်) ၀၇၃၃၆၆	A.G.T.I.(Civil) ,R.S.E	Construction	အမှတ်(၂၄၇/၂၄၉)ရလွှာ၊ဗိုလ်မြတ်ထွန်းလမ်း၊ ဗိုလ်တစ်ထောင်မြို့နယ်၊ရန်ကုန်မြို့။ ၀၉၅၁ ၁ ၃ ၆ ၈ ၆ ၅ ၊ ၀ ၁ ၂ ၇ ၀ ၅ ၅ ၄ ၊ ၀ ၁ ၂ ၉ ၀ ၄ ၉ ၇
၀၀၂၅	Engr.ဦးဖိုးအေး	၁၂/လကန(နိုင်) ၀၅၅၀၀၇	A.G.T.I.(Civil),R.S.E	Construction	အမှတ်(၃၄)၊စိတ္တသုခလမ်း၊ကျောက်မြောင်း၊ တာမွေမြို့နယ်၊ရန်ကုန်မြို့။ ၀၉၅၁ ၂ ၂ ၅ ၄ ၃ ၀
၀၀၂၆	Engr.ဦးလှမြင့်	၉/မနမ(နိုင်) ၀၆၈၃၃၆	A.G.T.I.(Civil) ,R.S.E	Construction	အမှတ်(၂)၊စက်မှုဧရိယာကျင့်ရေးဌာနစု၊မန္တလေးမြို့။ ၀၉၂ ၀ ၄ ၄ ၈ ၉ ၄
၀၀၂၇	Engr.ဒေါ်ပန်းဆွေ	၁၂/လမန(နိုင်) ၀၂၅၀၉၁	A.G.T.I.(Civil) ,R.S.E	Construction	အမှတ်(၈)၊(၇)လမ်း၊လှိုင်မြို့နယ်၊ရန်ကုန်မြို့။ ၀၉၄၉၃ ၂ ၆ ၄ ၀ ၈

(ဆက်လက်ဖော်ပြပါမည်)

ရေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်း လွိုင်ကော်မြို့၌ဖွင့်လှစ်

လွိုင်ကော် မေ ၁၂

လူမှုဝန်ထမ်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ကယားပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ရက် ၁၀၀ စီမံချက် ရှေးဦးအရွယ်ကလေးသူငယ်ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးဆိုင်ရာသင်တန်းဖွင့်ပွဲအခမ်းအနားကို မေ ၁၀ ရက် မွန်းလွဲ ၂ နာရီက လွိုင်ကော်မူလတန်းကြိုကျောင်း၌ ပြုလုပ်ရာ ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်မှူး ဒေါ်မြင့်မြင့်ကြည်နှင့် အရာထမ်း၊ အမှုထမ်းများ၊ NGO, INGO များမှ တာဝန်ရှိသူများနှင့် သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ ကယားပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန ပြည်နယ်မှူး ဒေါ်မြင့်မြင့်ကြည်က အဖွင့်အမှာစကားပြောကြားရာတွင် ကလေးသူငယ်ပြုစုပျိုးထောင်မှု၊ ဖွံ့ဖြိုးမှုဟုဆိုလျှင် အများအားဖြင့် နေ့ကလေးထိန်းဌာနနှင့် မူကြိုကျောင်းဆိုပြီး လုပ်ငန်းနှစ်ရပ်ကိုပဲ ယှဉ်တွဲပြီး မြင်ကြကြောင်း၊ အဓိကကျသည့် လုပ်ငန်းတစ်ရပ်ကို မေ့နေကြကြောင်း၊ ထိုလုပ်ငန်းကား ကလေးများ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုစုပျိုးထောင်ပေးရသည့် လုပ်ငန်းဖြစ်ကြောင်း၊ ယင်းကြောင့် မိသားစုနှင့် ရပ်ရွာလူအဖွဲ့အစည်းများသည် ကလေးများ၏ ကိုယ်ကာယဖွံ့ဖြိုးမှု၊ စိတ်လှုပ်ရှားခံစားမှုဆိုင်ရာဖွံ့ဖြိုးမှု၊ အသိဉာဏ်ဖွံ့ဖြိုးမှု၊ ဘာသာစကားနှင့် စာရိတ္တပါဝင်သည့် လူမှုဆက်ဆံရေးဖွံ့ဖြိုးမှုများအတွက် ဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောသည်။

ဆက်လက်ပြီး ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာန၊ ပြည်နယ်ဦးစီးအရာရှိ ဒေါ်ခင်နှင်းယုက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတော်မှ ထုတ်ပြန်ထားသော ECCD ဥပဒေ၊ Child Law ကလေးသူငယ်ဥပဒေပါ မူကြိုကျောင်းများ ဖွင့်လှစ်ခြင်း၊ တည်ထောင်ခြင်း၊ ကလေးသူငယ် ပြုစုပျိုးထောင်ခြင်းဆိုင်ရာကိစ္စများ ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါသင်တန်းအား ငါးနှစ်အောက်ကလေးသူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကလေးသူငယ်ပြုစုပျိုးထောင်ရေးနည်းစနစ်များ၊ ပညာပေးရေးနည်းစနစ်များ တိုးတက်ပြန့်ပွားလာစေရန်၊ ကလေးသူငယ်များ၏ အသက်အရွယ်အလိုက် စိတ်နေသဘောထား၊ သဘာဝခံစားမှု၊ သင်ကြားမှုတုန့်ပြန်မှုစသည့် ကလေးငယ်များ၏ သဘာဝအခြေအနေများကို ပိုမိုသိရှိနားလည်သဘောပေါက်လာစေရန်၊ မူလတန်းကြိုပညာရေးဆိုင်ရာ ဘာသာရပ်များ၊ သင်ကြားနည်းစနစ်များကို ခေတ်မီစွာ စနစ်တကျ သင်ကြားတတ်မြောက်လာစေရန်၊ ပုဂ္ဂလိကမူကြိုများ၊ ကိုယ့်အားကိုယ်ကိုးမူကြို များ၏ သင်ကြားပို့ချမှုများသည် ECCD မူကြိုပညာရေးနှင့် တစ်ပြေးညီ စနစ်တကျ ဖြစ်စေရန်၊ ကလေးသူငယ်များအား သင်ကြားပြုစုစောင့်ရှောက်ရာတွင် အရည်အသွေးပြည့်ဝ၍ လုပ်ငန်းကျွမ်းကျင်သော စေတနာ့ဝန်ထမ်းဆရာမကောင်းများ ပေါ်ထွက်လာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်၍ သင်တန်းကာလကို မေ ၁၀ ရက် မှ ဇွန် ၂ ရက်ထိ ဖွင့်လှစ်သင်ကြားမည်ဖြစ်ပြီး လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်မှ သင်တန်းသူ ၅၇ ဦး တက်ရောက်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

လွိုင်ကော်ခရိုင်ပြန်/ဆက်

ကျေးရွာချင်းဆက်မြေသားလမ်းဖောက်လုပ်မှု ၈၀ရာခိုင်နှုန်းပြီး

ဗန်းမောက် မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံအင်အုပ်စု အနောက်ကုန်းကျေးရွာနှင့် ဟုမ္မလင်းမြို့နယ် နန့်စက်-သာယာကုန်းကျေးရွာသို့ ကျေးရွာချင်းဆက် မြေသားလမ်းဖောက်လုပ်လျက်ရှိရာ ယခုအခါတွင် ၈၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်မြေသားလမ်းကို နန့်စက်-သာယာကုန်းကျေးရွာ ဆရာတော်များ၊ မံအင်အုပ်စုအုပ်ချုပ်ရေးမှူးအဖွဲ့များ၊ ရွှေလုပ်ငန်းရှင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများ၏ ထည့်ဝင်ငွေဖြင့် ဧပြီ ၇ ရက်မှစ၍ အနောက်ကုန်းကျေးရွာမှ စတင်ဖောက်လုပ်ခဲ့ပြီး အကျယ်ပေ ၅၀၊ အရှည် ၃၇ မိုင်ရှိကြောင်း သိရသည်။

"ကျွန်တော်တို့ ဗန်းမောက်မြို့နယ်ဘက်ခြမ်း အနောက်ကုန်းကျေးရွာမှစလို့ ရွှေလုပ်ငန်းရှင်များ အုပ်စုအတွင်းမှာရှိတဲ့ ကျေးရွာသူ၊ ကျေးရွာသားများ ရဲ့လုပ်အား၊ ငွေအားတွေနဲ့ ကိုယ့်အားကိုယ်ကိုးဖောက်လုပ်တာဖြစ်ပါတယ်။ နန့်စက်သာယာကုန်းကျေးရွာ ဘက်ခြမ်းကိုတော့ ဆရာတော်များ ဦးဆောင်ဖောက်လုပ်ခဲ့တာပါ။ မကြာမီပြီးစီးတော့မှာပါ" ဟု မံအင်အုပ်ချုပ်ရေးမှူးဦးဝင်းဗိုလ်က ပြောသည်။

ယင်းကျေးရွာချင်းဆက်လမ်း ဖောက်လုပ်ပြီးစီးပါက ဗန်းမောက်မြို့နယ်နှင့်ဟုမ္မလင်း မြို့နယ်တို့ကို အဓိကထား၍ စီးပွားရေး၊ လူမှုရေးတို့တွင် ဆက်သွယ်သွားလာနေကြသော ကျေးလက်နေပြည်သူများအတွက် ဆက်သွယ်သွားလာရေးနှင့် ဒေသထွက်ကုန်ပစ္စည်းများ သယ်ယူပို့ဆောင်ရာတွင် များစွာလွယ်ကူချောမွေ့လာမည်ဖြစ်ကြောင်းသိရသည်။

(၀၅၈)

အယ်နီညိုရာသီဥတုကြောင့် ရေပြတ်လပ်နေသောကျေးရွာများသို့သောက်ရေသန့်များ သွားရောက်လျူဒါန်း

ဖရူဆို မေ ၁၂

ကယားပြည်နယ်ရှိ ပြည်နယ်အစိုးရအစီအစဉ်ဖြင့် ဌာနဆိုင်ရာများ၊ တပ်မတော်သားများနှင့် လူမှုကူညီရေးအဖွဲ့များမှ အယ်နီညိုရာသီဥတုတွင် ရေများရှားပါးလျက်ရှိသော ကျေးရွာများသို့ သောက်သုံးရေများ သွားရောက်လျူဒါန်းလျက်ရှိရာ လွိုင်ကော်မြို့မှ ရွှေရတီအဖွဲ့သည် မေ ၁၀ ရက် နံနက် ၁၁ နာရီတွင် သောက်သုံးရေရှားပါးသည့် ဖရူဆိုမြို့နယ် မြို့မကျေးရွာအုပ်စု လောခုခူကျေးရွာ၌ သောက်ရေသန့်ပုံး ၂၅၀ သွားရောက်လျူဒါန်းခဲ့ကြောင်း သိရသည်။

အိမ်ခြေ ၉၀ ကျော်ရှိသည့် လောခုခူကျေးရွာသည် လယ်နှင့် တောင်ယာကို အဓိက လုပ်ကိုင်ကြပြီး သောက်သုံးရေကို ရွာအပြင်ဖက် ၁ မိုင်ခန့်ရှိသော ရေတွင်းနှစ်တွင်းရှိရာသို့ သွားရောက်ခပ်သုံးနေရကြောင်း၊ တစ်ခါတရံ ဖရူဆိုမြို့ပေါ် အထိ ထော်လဂျီဖြင့် သွားခပ်နေရကြောင်း ဒေသခံဦးကျေးရယ်က ပြောသည်။

အယ်နီညို ရာသီဥတု၏ အပူချိန်မြင့်မားမှုကြောင့် ကျေးရွာများတွင် သောက်သုံးရေများ ရှားပါးလျက်ရာ ရွှေရတီအဖွဲ့အနေဖြင့် ဒေသခံပြည်သူများ ဝမ်းပျက်ဝမ်းလျောမှုများမဖြစ်ပေါ်စေလို၍ သောက်သုံးရေများ လျူဒါန်းပေးခြင်းဖြစ်ကြောင်း၊ သောက်သုံးရေရှားပါးသည့် ကျေးရွာတွေကို ဆက်လက်လျူဒါန်းသွားဖို့ အစီအစဉ်ရှိကြောင်း လွိုင်ကော်မြို့ ရွှေရတီလူငယ် အဖွဲ့မှ ဦးခင်မောင်ကျော်က ပြောသည်။

ကိုစိုင်း (လွိုင်ကော်)

မင်းဘူး(စကု) မြို့နယ်တွင် ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် စစ်ဆေးဆောင်ရွက်

မင်းဘူး မေ ၁၂

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု) မြို့နယ်တွင် မေ ၁၁ ရက် နံနက်ပိုင်းက ယာဉ်အန္တရာယ်ကင်းရှင်းစေရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင်အညီ မောင်းနှင်မှု ရှိ၊ မရှိ၊ မော်တော်ယာဉ်မောင်းနှင်းသူများအား နှစ်နေရာခွဲ၍ စစ်ဆေးဆောင်ရွက်နေကြောင်း သိရသည်။

မင်းဘူးမြို့ပေါ်တွင် တောင်လှည်းကောက် (ခေါ်) အမှတ်(၁)ရပ်ကွက်နှင့် မြောက်လှည်းကောက် (ခေါ်) အပိုင်းပတ်၊ အမှတ်(၄)ရပ်ကွက်ထိပ်၊ မင်းဘူး-စကုကားလမ်းမကြီးတွင် နှစ်နေရာခွဲ၍ နေ့စဉ် နံနက် ၇ နာရီခွဲမှ ၉ နာရီခွဲထိလည်းကောင်း၊ ညနေ ၅ နာရီမှ ၆ နာရီခွဲထိလည်းကောင်း ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး ဝင်းမောင် ဦးဆောင်သော အမှတ်(၁၈)ယာဉ်ထိန်းတပ်စု၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ပညာရေး၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ၊ ခရိုင်ကုန်လမ်းပို့ဆောင်ရေးနှင့် ဥယ်ကြားမှဦးစီးဌာနနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ ဆိုင်ကယ်စီးနင်းမောင်းနှင်သူများ ဆိုင်ကယ်စီးဦးထုပ်မဆောင်းခြင်း၊ မေးသိုင်းကြိုးမတပ်ခြင်း၊ ယာဉ်မောင်းလိုင်စင်နှင့် မော်တော်ယာဉ်မှတ်ပုံတင်မထားခြင်း၊ ဆိုင်ကယ်တစ်စီးလျှင် နှစ်ဦးထက်ပိုတင်ဆောင်မောင်းနှင်ခြင်းတို့ကို စစ်ဆေးဆောင်ရွက်လျက်ရှိသည်။

ခရိုင်ရဲတပ်ဖွဲ့မှူး ဒု-ရဲမှူးကြီး ဝင်းမောင်က 'အများအားဖြင့် ဆိုင်ကယ်စီးသူများက ယာဉ်တိုက်ခိုက်မှုဖြစ်တာများတယ်။ ရက်(၁၀၀)စီမံချက်ကာလအတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို အများပြည်သူများ သိရှိလိုက်နာနိုင်အောင် ပညာပေးမယ်။ မလိုက်နာလျင် ၂၀၁၅ ခုနှစ် မော်တော်ယာဉ်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်သွားမယ်။ ပြစ်မှု၊ ပြစ်ဒဏ်တွေကိုလည်း လက်ကမ်းစာစောင်များ ထုတ်ဝေပြီး အများပြည်သူ သိရှိနိုင်အောင် ဖြန့်ဝေပေးနေတယ်။ ရပ်ကွက်၊ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများထံလည်း ပေးပို့ထားတယ်" ဟု ပြောသည်။

"မင်းဘူးမြို့ဟာ မကွေး-မင်းဘူး-စကု-ပွင့်ဖြူ-စလင်း အဝေးပြေးကားလမ်းမကြီးက မြို့အလယ်က ဖြတ်သန်းနေတော့ ယာဉ်တိုက်ခိုက်မှုမဖြစ်အောင် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့် အများပြည်သူ ဝိုင်းဝန်ဆောင်ရွက်မှုဖြစ်မှာပါ။ အများအားဖြင့် ဆိုင်ကယ်စီးသူတွေ ပိုများလာတော့ ယာဉ်တိုက်ခိုက်မှုတွေ ဖြစ်တာ ပိုများလာတယ်။ အခုလို ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း လိုက်နာဆောင်ရွက်ဖို့ စစ်ဆေးဆောင်ရွက်ပေးတာ ကောင်းပါတယ်။ ပညာပေးတယ်။ မရလျှင် ဥပဒေအရ အရေးယူဆောင်ရွက်မယ်။ ဒါမှ ပြည်သူအများ စည်းကမ်းတကျ လိုက်နာမယ်။ ယာဉ်အန္တရာယ်လည်း ကင်းရှင်းလာမယ်" ဟု အမှတ်(၄)ရပ်ကွက် အုပ်ချုပ်ရေးမှူးကပြောသည်။

မင်းဘူးမြို့တွင် ယာဉ်အန္တရာယ်ကင်းရှင်း၍ အများပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရန် မြို့တွင်းလမ်းများအား ကတ္တရာထပ်ပိုးလွှာများခင်းပေးခြင်း၊ လမ်းအကျယ်ချဲ့ပေးခြင်း တိုးချဲ့ဆောင်ရွက်လျက်ရှိပြီး ခရီးသွား အများပြည်သူများ အနေဖြင့်လည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများအား တိကျစွာလိုက်နာဆောင်ရွက်ရန် လိုအပ်ကြောင်း တာဝန်ရှိသူများက ပြောသည်။

တင်ထွန်းဦး(မင်းဘူး)

အယ်နီညိုအကြောင်း ပညာပေးဆောင်ရွက်

တောင်တွင်းကြီး မေ ၁၂

မကွေးတိုင်းဒေသကြီးတောင်တွင်းကြီးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများသည် ကျေးရွာများသို့ အပတ်စဉ်ကွင်းဆင်း၍ နယ်လှည့်စာကြည့်တိုက်စနစ်ဖြင့် ပြည်သူများလက်ဝယ်အရောက် စာအုပ်များကို အခမဲ့ဌားရမ်းပေးလျက်ရှိရာမေ ၁၀ ရက်က မြို့နယ်ဦးစီးမှူးနှင့်အဖွဲ့သည် ငမင်အုပ်စု ငမင်ကျေးရွာသို့သွားရောက်၍ ကျေးလက်နေပြည်သူများအား စာအုပ်စာစောင်များကို အခမဲ့ဌားရမ်းပေးခဲ့ကြောင်း သိရသည်။

အဆိုပါ စာအုပ်စာစောင်လာရောက်ဌားရမ်းကြသူများကို အယ်နီညိုအကြောင်းသိကောင်းစရာများနှင့် ကျန်းမာရေးဝန်ကြီးဌာနက အယ်နီညိုနှင့် ပတ်သတ်၍ အသိပညာပေးထုတ်ပြန်ချက်များကို နံရံကပ်စာစောင်များဖြင့် ပြသပေးခဲ့ကြောင်း သိရသည်။

၅၈၀

ခရိုင်အဆင့်လုပ်ငန်းခွင်မြေတိုင်းတာခြင်းနှင့်မြေစာရင်းလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးသင်တန်းပွင့်လှစ်

မုံရွာ မေ ၁၂

မုံရွာခရိုင်အတွင်း မြို့နယ်များရှိ မြေတိုင်း(၅)အဆင့် ဝန်ထမ်းများ လုပ်ငန်းခွင် မြေတိုင်းတာခြင်းနှင့် မြေစာရင်းလုပ်ငန်းစွမ်းဆောင်ရည်မြှင့်တင်ရေးရက်တိုသင်တန်းကို မုံရွာမြို့ ဒေါနခြံရပ်ကွက် အမှတ်(၂)အခြေခံ ပညာမူလတန်းကျောင်းတွင် မေ ၇ ရက် နံနက် ၉ နာရီမှ စတင်ပြီးဖွင့်လှစ်သင်ကြားပေးလျက်ရှိ ကြောင်း သိရသည်။

အဆိုပါသင်တန်းကို မုံရွာခရိုင်အတွင်း မြို့နယ်များရှိ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတို့တွင် တာဝန်ထမ်းဆောင်လျက်ရှိသော မြေတိုင်း (၅) အဆင့် ဝန်ထမ်းများ လုပ်ငန်းခွင်တွင် အဆင်ပြေချောမွေ့စွာတာဝန်ထမ်းဆောင်နိုင်ရေးအတွက် လုပ်ငန်းစွမ်းဆောင်ရည်မြှင့်သင်တန်းအဖြစ် ဖွင့်လှစ် သင်ကြားပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်းသို့ မုံရွာခရိုင်အတွင်းရှိ မုံရွာ၊ ချောင်းဦး၊ အရာတော်နှင့် ဘုတလင်မြို့တို့မှ မြေတိုင်း (၅) အဆင့်ရှိ သင်တန်းသား ၃၈ ဦးတက်ရောက်ကြောင်းနှင့် သင်တန်းကို မေ ၇ ရက်မှ မေ ၁၆ ရက်ထိ နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၄ နာရီထိ သင်ကြားကြောင်း သိရသည်။

ဖိုးချမ်း (မုံရွာ)

ခရမ်းမြို့နယ် အုန်းပင်ကျေးရွာတွင် သောက်သုံးရေကန်တူးဖော်

ခရမ်း မေ ၁၂

ခရမ်းမြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ရက် ၁၀၀ စီမံချက် အရကျေးလက်ဒေသနေပြည်သူများ လာမည့် နွေရာသီတွင် သောက်သုံးရေပြတ်လပ်မှုကင်းဝေးစေရန်နှင့်အ. မ. က စာသင်ကျောင်းရေကြီးနစ်မြုပ်မှုနှင့် ကျောင်းသား၊ ကျောင်းသူများ အန္တရာယ်ကင်းစွာ ပညာသင်ကြားနိုင်စေရန်အတွက် တိမ်ကောနေသည့် ခရမ်းမြို့နယ် အုန်းပင်ကျေးရွာမှ သောက်သုံးရေကန်ကြီးကို မေ ၁၀ ရက်မှစတင်၍ ခရမ်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ယန္တရားများအသုံးပြု၍ ၂၀၀×၂၀၀×၂ ဖြင့် တူးဖော်နေကြောင်းသိရသည်။

အဆိုပါ အုန်းပင်ကျေးရွာသည် ခရမ်းမြို့နယ်အပိုင် မုတ္တမပင်လယ်နှင့် နီးစပ်ပြီး နွေရာသီ တိုင်းသောက်သုံးရန်ရေချိုရှားပါး၍ စက်ရေတွင်းများ တူးဖော်ရာတွင် ရေငန်သာထွက်ပြီး သောက်သုံးရေအခက်အခဲနှင့် နှစ်စဉ်ကြုံတွေ့ နေရခြင်းကြောင့် ခရမ်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစတင်မျိုးလွင်နှင့် ဝန်ထမ်းများက အနီးကပ်ကြီးကြပ်တူးဖော်ပေးနေကြောင်း သိရသည်။

အဆိုပါ အုန်းပင်ကျေးရွာ သောက်သုံးရေကန်ကြီး တူးဖော်ပေးမှုကြောင့် အနီးပတ်ဝန်းကျင်ရွာများဖြစ်သည့် ဆင်မင်းအိုင်၊ ရေကျော်၊ အုန်းပင်၊ ကင်မွန်းခြုံရွာများရှိ အများပြည်သူများ ပူပြင်းသောနွေရာသီအတွက် ရေချိုပိုမိုသိုလှောင်ထားရှိနိုင်ပြီး လာမည့်နွေရာသီတွင် ရေချိုရရှိရန် စိတ်အေးနိုင်မည်ဖြစ်သည်။

ကန်တူးဖော်ရာမှ ထွက်ရှိသည့် မြေသားများကို အ-မ-က စာသင်ကျောင်းလမ်းနှင့် ပတ်ဝန်းကျင်အနိမ့်ပိုင်းများကို ဖို့ပေးမှုများကြောင့် မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ပညာသင်ကြားရေးအတွက်သွားလာမှု အဆင်ပြေခြင်းနှင့် ရေကြီးနစ်မြုပ်မှုများပါ ကင်းဝေးသွားမည်ဖြစ်ကြောင်း သိရသည်။

ကိုမင်း(ခရမ်း)

ညောင်ပင်သာကျေးရွာ ကျောက်ချောလမ်းခင်းနေမှု ကွင်းဆင်းစစ်ဆေး

မကွေး မေ ၁၂

မကွေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက အကောင်အထည်ဆောင်ရွက်လျက်ရှိသော ရက် ၁၀၀ စီမံချက်တွင်ပါဝင်သည့် ညောင်ပင်သာကျေးရွာ ကျောက်ချောလမ်းခင်းခြင်းလုပ်ငန်းကို မေ ၁၁ ရက်က တိုင်းဒေသကြီးကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဦးကျော်ဆွေ ကွင်းဆင်းစစ်ဆေးခဲ့ရာ မြို့နယ်ဦးစီးမှူး ဦးဝင်းနိုင်က ရှင်းလင်းတင်ပြခဲ့သည်။

အဆိုပါလမ်းပိုင်းသည် မီးဘေးသင့်သွားခဲ့သည့် ညောင်ပင်သာကျေးရွာနှင့် မကွေး-ရေနံချောင်းလမ်းမကြီးကို ဆက်သွယ်သော လမ်းဖြစ်ပြီးအရှည် ပေ ၆၅၀၀ ရှိသော လမ်းဖြစ်သည်။ ယခင်လမ်းအကျယ်မှာ ရှစ်ပေသာရှိသော နွားလှည်းလမ်းဖြစ်ခဲ့သည့် အတွက် မီးလောင်မှုဖြစ်ပွားချိန် မီးသတ်ကားများ ရောက်ရှိသော်လည်း ဝင်ထွက်ရန်ပင် ခက်ခဲသည့် အတွက် ရွာလုံးကျွတ်နီးပါး မီးလောင်ဆုံးရှုံးခဲ့ရကြောင်း သိရသည်။

ယခုအခါ လမ်းအကျယ်ပေ ၃၀ ချဲ့၍ အရှည်ပေ ၆၅၀၀၊ အကျယ် ၁၈ ပေ၊ ထု ၉ လက်မရှိသော ကျောက်ချောလမ်းခင်းပေးနိုင်ရေးကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုက ကျေးရွာသို့ရောက်ရှိစဉ် လမ်းညွှန်မှာကြားချက်အား ကျေးလက်ဒေဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရက် ၁၀၀ စီမံချက်လုပ်ငန်းများတွင် ခန့်မှန်းကုန်ကျငွေ ၅၈ သန်းဖြင့် ထည့်သွင်းလျှာထားခဲ့ခြင်းဖြစ်သည်။

ၔင်းလမ်းအားမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဧပြီ ၂၄ ရက်မှစ၍အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လမ်းအကျယ် ပေ ၃၀ ချဲ့၍ မြေပြင်ခြင်းလုပ်ငန်းမှာ အရှည် ပေ ၄၀၀၀ အထိ ဆောင်ရွက်ပြီးစီးသည့်အခြေအနေအား တိုင်းဒေသကြီးဦးစီးမှူးက ကွင်းဆင်းစစ်ဆေးရာတွင် သတ်မှတ်ရက်အတွင်း အချိန်မီပြီးစီးရေး၊ အရည်အသွေးကောင်းမွန်သော ကျောက်အမျိုးအစားကို အသုံးပြုရေး၊လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးတို့ကို မှာကြားခဲ့သည်။

ကျော်စေယျ

မော်တော်ယာဉ်ကြောင့်ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုလျော့နည်းစေရန်ပညာပေးဟောပြော

မုံရွာ မေ ၁၂

လမ်းအသုံးပြုသူများ သွားလာမှုလွယ်ကူချောမွေ့ပြီး ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းစေရေးကာကွယ်ဆောင်ရွက်တတ်ရန်အပြင် မော်တော်ယာဉ်ကြောင့် ဖြစ်ပေါ်လာသော သဘာဝပတ်ဝန်းကျင်ထိခိုက်မှုများ လျော့နည်းစေရန်အတွက် မြို့ပေါ်နေသူများသာမက ကျေးလက်နေပြည်သူများသိရှိစေရန် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအသိပညာပေးဟောပြောခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းသင်တန်းများကို ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီးကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန ဦးစီးမှူးဦးအောင်ကျော်မိုးက ပြောသည်။

"ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲနဲ့ ပညာပေးသင်တန်းကို မေ ၁၁ ရက် နေ့လည်ပိုင်းက မုံရွှေးကြေးမုံကျေးရွာ အထက်တန်းကျောင်းရွှေရတုခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကော်မတီဝင်များဖြစ်တဲ့ ဥပဒေဌာန၊ တရားရေးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး ကျင်းပပါတယ်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးသင်တန်းတက်ရောက်သူတွေအနေနဲ့ "c" ယာဉ်မောင်းလိုင်စင် ရယူလိုသူတွေအတွက် အမောင်းလိုင်စင်ပြုလုပ်ပေးတာနဲ့ မော်တော်ဆိုင်ကယ်စီးနင်းလိုတဲ့သူတွေအတွက် "က-ခ" "ဂ" ယာဉ်မောင်းလိုင်စင်အသစ်တွေ ပြုလုပ်ပေးဖို့ စီစဉ်ထားပါတယ်"ဟု ဦးအောင်ကျော်မိုးကပြောသည်။

ယင်းနေ့က မုံရွှေးကြေးမုံအထက်တန်းကျောင်း ရွှေရတုခန်းမတွင် ပြုလုပ်သည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောပွဲတွင် ခြေလျင်လျှောက်သူများ လိုက်နာရမည့် စည်းကမ်းများ၊ ဆိုင်ကယ်စီးသူများ လိုက်နာရမယ့်စည်းကမ်းများ အမြန်လမ်းမကြီးပေါ်တွင် လိုက်နာရမည့် စည်းကမ်းများ လမ်းအသုံးပြုသူအားလုံး လိုက်နာရမည့်စည်းကမ်းများ လမ်းပေါ် လမ်းဘေး စိုက်ထူထားသည့် ဆေးရေးအမှတ်အသားများနှင့်လမ်းဘေးမှာ စိုက်ထူထားသည့်Road Sing များအကြောင်းကိုလည်း ထည့်သွင်းရှင်းလင်းဆွေးနွေးခဲ့ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနစစ်ဆေးရေးမှူး (၂) ဦးကျော်စိန်လင်းက ပြောသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေး ဟောပြောပွဲများကို စစ်ကိုင်းတိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံး(မုံရွာ)မှ ဦးစီး၍ စစ်ကိုင်း၊ ရွှေဘို၊ ကလေး၊ တမူးခရိုင်ရုံးအသီးသီးမှ ကျောင်းဖွင့်ရက်များတွင် အခြေခံပညာကျောင်းများ၊ တက္ကသိုလ်၊ ကောလိပ်များတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကော်မတီဝင်များပူးပေါင်း၍ တစ်လလျှင် ၁၁ ကြိမ်ပညာပေးပို့ချသွားမည်ဖြစ်သည်။

မျိုးဝင်းထွန်း(မုံရွာ)

'တော်ဝင်စေတနာ' ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်လှစ်

နတ်မောက် မေ ၁၂

ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဖောင်ဒေးရှင်းဒေသခံပြည်သူများ ပူးပေါင်းအကောင်အထည်ဖော်သည့် 'တော်ဝင်စေတနာ' ကျေးလက်ကျန်းမာရေးဌာနခွဲဖွင့်ပွဲကို မေ ၉ ရက် နံနက် ၉ နာရီက နတ်မောက်မြို့နယ် ဆုံကုန်းကြီးကျေးရွာရှိ အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲရှေ့၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရေးဦးစွာ တော်ဝင်စေတနာကျေးလက်ကျန်းမာရေးဌာနခွဲကို နတ်မောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအောင်ကိုကို၊ ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်း စီမံချက်လက်ထောက် ဦးမြင့်သိန်း၊ ဆုံကုန်းကြီးကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းဌေးနှင့် ရပ်မိရပ်ဖ ဦးအောင်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းနောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက ကျေးလက်ကျန်းမာရေးဌာနခွဲ ဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါကျေးလက်ကျန်းမာရေးဌာနခွဲကိုကျေးရွာပြည်သူများက အလှားပေ ၄၀၊ အနံ ပေ ၃၀၊ အုတ်ကာ၊ သွပ်မိုး အဆောက်အအုံအဖြစ်ငွေကျပ် ၁၁၆ သိန်းအကုန်ကျခံဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး ပြည်သူ့ကျန်းမာရေးဖောင်ဒေးရှင်းက ကျန်းမာရေးဝန်ထမ်းလစာ၊ ဆေးပစ္စည်းများ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း သိရသည်။

ကျန်းမာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်မရမီ ကျန်းမာရေးဖောင်ဒေးရှင်းက ကျေးလက်နေပြည်သူများ၏ ကျန်းမာရေးအတွက် ကူညီပံ့ပိုးပေးခြင်းဖြစ်ပြီး မကွေးခရိုင် တောင်တွင်းကြီးမြို့နယ် ကံလှကန်ကျေးရွာတွင်လည်း ကျေးလက်ကျန်းမာရေးဌာနခွဲကို ဇွန်လအတွင်းဖွင့်လှစ်နိုင်ရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း ဖောင်ဒေးရှင်း တာဝန်ရှိသူတစ်ဦး၏ ပြောပြချက်အရ သိရသည်။

ကိုဇော် (ဓာတုဗေဒ)

မိုးရာသီ သီးနှံထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေထုတ်ချေးပေးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေး

တောင်ကြီး မေ ၁၂

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ရှမ်းပြည်နယ်ဘဏ်ခွဲ ၂၀၁၆ ခုနှစ် မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေထုတ်ချေးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကိုမေ ၁၀ ရက် နံနက် ၁၀ နာရီက ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ အစည်းအဝေးခန်းမ၌ကျင်းပရာ ရှမ်းပြည်နယ် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော် တက်ရောက်ခဲ့သည်။

အခမ်းအနားတွင် ရှမ်းပြည်နယ် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်ကအဖွင့် အမှာစကား ပြောကြားခဲ့သည်။

ယင်းနောက် ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ ပြည်နယ်မန်နေဂျာ ဦးဝင်းမြင့်က မိုးရာသီ သီးနှံထုတ်လုပ်မှုအတွက် ဘဏ်ချေးငွေ ထုတ်ချေးပေးရသည့်အကြောင်းကို အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့သည်။

ယခုနှစ်တွင် မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေမှာ စပါးတစ်ဧကလျှင် ကျပ် ၁၅၀၀၀၀ နှုန်း၊ အခြားသီးနှံစိုက်ပျိုးစရိတ်ချေးငွေကို တစ်ဧကလျှင် ကျပ် ၂၀၀၀၀ နှုန်းဖြင့် ထုတ်ချေးသွားမည်ဖြစ်သည်။

ရှမ်းပြည်နယ်အတွင်းမှ မြို့နယ် ၂၆ ခု၌ တောင်သူပေါင်း ၂၆၅၅၃ ဦးသို့ ချေးငွေပေါင်း ကျပ် ၁၀၈၂၄ ဒသမ ၂၂ သန်း ထုတ်ချေးပေးသွားရန် စီစဉ်ထားကြောင်း၊ ယင်းချေးငွေများကို ယခုမေလ ဒုတိယပတ်အတွင်း ထုတ်ချေးသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

မိုးရာသီ သီးနှံထုတ်လုပ်မှုဘဏ်ချေးငွေ ထုတ်ချေးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် ပြည်နယ်စိုက်ပျိုးရေး၊ မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်၊ ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ၊ ပြည်နယ် မန်နေဂျာဦးဝင်းမြင့်၊ ရှမ်းပြည်နယ် တောင်ပိုင်းရှိ မြို့နယ်ဘဏ်ခွဲ ခုနစ်ခုတို့မှ မြို့နယ်ဘဏ်ခွဲမန်နေဂျာများနှင့် ပြည်နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲရှိ ဝန်ထမ်းများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

စိုင်းသန်းကျော်(တောင်ကြီး)

လူအခွင့်အရေးဆိုင်ရာအမြင်ဖွင့် ရက်တိုသင်တန်း ကျေးရွာသုံးရွာတွင် ဖွင့်လှစ်သင်ကြား

ရေး မေ ၁၂

မွန်ပြည်နယ် ရေးမြို့နယ် ကျောင်းရွာကျေးရွာအုပ်စုမှ ကျောင်းရွာ၊ ကျောက်မိချောင်း၊ မြောက်မင်းလှကျေးရွာသုံးရွာတွင် မေ ၃ ရက်မှ မေ ၁၂ ရက်အထိ အမျိုးသမီးလူအခွင့်အရေးဆိုင်ရာ အမြင်ဖွင့် ရက်တိုသင်တန်းများကို ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ကျေးလက်နေ အမျိုးသမီးများ အသိပညာများရရှိစေရန် လူနေမှုဘဝလုံခြုံမှုရရှိစေရန်၊ ခွဲခြားဆက်ဆံမှု၊ အကြမ်းဖက်မှုပယျောက်လျှော့နည်းလာစေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ကိုယ်ပိုင်ဖန်တီးနိုင်ရန်နှင့် မိမိကိုယ်ကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားနိုင်ရန်အတွက်သင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ကြောင်း၊ ဒါနရှေ့ဆောင်မှ ငွေကြေးထောက်ပံ့ပေးကြောင်း ဆင့်ပွားနည်းပြဆရာမ ဒေါ်စုဖြိုးသူကပြောသည်

အဆိုပါကျေးရွာသုံးရွာမှ သင်တန်းကို ကျေးရွာရှိ စိတ်ပါဝင်စားကြသည့် လူငယ်လူရွယ်များအပြင် အသက်ကြီးသူများလည်း တက်ရောက်ရာ သင်တန်းသား ၉၀ ရှိကြောင်း သိရသည်။

ထွန်ထွန်(ရေး)

သတင်းစာဆရာ စာရေးဆရာကြီး နတ်မောက်ထွန်းရှိန်၏ ဝင်းတွေနဲ့တည်ခဲ့သည့် မင်းနေပြည် စာအုပ်ကို စာဖတ်ပရိသတ်များ ဖတ်ရှုနိုင်ရန်အတွက် ကြေးမုံမှ အပတ်စဉ် အခန်းဆက်ဖော်ပြပေးလျက်ရှိသည်။ (ကြေးမုံ)

ဝင်းတွေနဲ့တည်ခဲ့သည့်မင်းနေပြည်

နတ်မောက်ထွန်းရှိန်

ယခင်အပတ်မှအဆက်

ဝေဿန္တရာဇာတ်တော်၊ ညီတော်မင်းနန်းချွတ်ခန်းစသည့်ဇာတ်ထုပ်သရုပ်ဖော်များ ဖြစ်သည်။ မန္တလေးတောင် တော်ပေါ်၊ အိမ်တော်ရာ၊ သက္ကသီဟ စသည့်ဘုရားများတွင် ရှေးယခင်က ရှိခဲ့သည်။ ယခုတိမ်မြုပ်သွားသည်။ ရုပ်တုလုပ်ငန်းများမှ ဦးမောင်မောင်၊ ဦးအောင်အောင်၊ ဒေါ်ခင်ခင်တို့မှာ ထင်ရှားသူများဖြစ်သည်။ အကွက် (၈၂၆)မှာ(၄၂)လမ်း၊ (၄၃)လမ်းကြားဖြစ်ပြီး မင်းသားစုဖိနပ်တန်းဟုတွင်သည်။

တောင်းရဘုရား အနောက်စောင်းတန်းအနီး တည်ရှိသည်။ စိတ္တရမဟီရပ်ကွက်၌ အကွက်ပေါင်း ၁၁ ကွက် ရှိသည်။ ဟေမာဇလရပ်ကွက်ကဲ့သို့ မင်းမှုထမ်းများ၊ စာရေးဆရာ အနုပညာရှင်များ နေထိုင်ခဲ့ကြသဖြင့် ထင်ရှားသော ရပ်ကွက်ဖြစ်သည်။ စိတ္တရမဟီမှာ ဆန်းကြယ်ခြင်းဟု အဓိပ္ပာယ်ရသည်။

ကသည်းဝင်း

စိတ္တရမဟီ အကွက်အမှတ် (၇၁၅) မှာ ၂၉ လမ်းနှင့် လမ်း ၃၀၊ ၃၇ လမ်းနှင့် ၇၄လမ်းကြားရှိပြီး ကသည်းဝင်းဖြစ်သည်။ မင်းတုန်းမင်းလက်ထက်ကစ၍ ကသည်းလူမျိုး၊ ကသည်းမြင်းမှုထမ်းများ နေထိုင်ခဲ့ရာအရပ်ဖြစ်သည်။ ကသည်းဝင်းများသည် နန်းတော်ရှေ့၊ ဒေါနဘွား၊ အောင်မြေသာစံ၊ မေယဂီရိရပ်ကွက်တွင်လည်း ကသည်းဝင်းများ ရှိသည်။ မဏိပူရ ကသည်းအဆက်အနွယ်များ အလောင်းဘုရားလက်ထက်ကစ၍ အခြေချနေရာထားပေးခဲ့ခြင်း ဖြစ်သည်။ ဗဒုံမင်းလက်ထက်တွင် ကသည်းဝန်ရာထူး ပေးအပ်သည်။ ကသည်းဝန်မင်းကြီး ဇေယသူ၏ သမီးကသာ မိဖုရားမြတ်စွာဝတီသည် ဗဒုံမင်း၏မိဖုရားတစ်ပါးဖြစ်သည်။

ကသည်းမြင်းတပ်သည် အလောင်းမင်းတရားကြီး ကသည်း(မဏိပူရ)ပြည်မှ သိမ်းယူလာသည့် ကသည်းမြင်းသည်များမှ လူနှစ်ထောင်ရွေးထုတ်၍ ရွှေ၊ ငွေ၊ ပုဆိုး၊ မျိုးရိကျွာလုပ်မြေနေရာ မြေပေးကာ သက္ကရာဇ် ၁၁၂၀ ပြည့်နှစ်မှစ၍ ဖွဲ့စည်းသော မြင်းတပ်ဖြစ်သည်။ မြင်းမှုထမ်းများကိုသိသာရန် ၎င်းတို့၏ ဝမ်းဗိုက်၌ မြင်းရုပ်ဆေးတော် ထိုးမှတ်ထားသည်။ မန္တလေးရတနာပုံ ဒုတိယဝင်းဟုတွင်သည်။ ရပ်ကွက်ဝင်းအတွင်း ဓမ္မာရုံတည်ရှိသည်။ မင်းတုန်းမင်း၏သားတော် သုံးဆယ်မင်းသားကြီး မဟာသီရိဓမ္မရာဇာသည် ၁၂၂၄ ခုနှစ်တွင် ညီတော်အိမ်ရှေ့မင်း၏ သမီးတော် ရန်အောင်မြင်မြို့စားသီရိစိတ္တာဝတီနှင့် ရေသွန်းလက်ထပ်စုလျားရစ်ပတ်၍ စုံဖက်တော်မူခဲ့သည်။

မောက်မယ်ဝင်း

အကွက် (၇၂၀) မှာ ၇၃လမ်းနှင့် ၇၄ လမ်း၊ ၂၈လမ်းနှင့် ၂၉ လမ်းကြားဖြစ်သည်။ မောက်မယ်စော်ဘွား နေထိုင်ခဲ့ရာဝင်းဖြစ်သဖြင့် မောက်မယ်ဝင်းဟု တွင်သည်။ အကွက် (၇၂၁) မှာ ၇၃ လမ်းနှင့် ၇၄ လမ်းကြား၊ ၂၇ လမ်းနှင့် ၂၈ လမ်းကြားရှိသည်။ ဘဏ်ဝင်းဟု ခေါ်ဆိုသည်။ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း တည်ရှိသည်။ သီပေါမင်းလက်ထက် ၁၂၄၅ ခုနှစ် မောက်မယ်စော်ဘွားကဆက်သသည့် သမီးကညာကို မန္တလေးမြို့တော်တောင်ပြင် စိတ္တရမဟီရပ် မောက်မယ်စော်ဘွားဝင်းအတွင်း သမီးကညာရပ်နေရန် ဆောက်လုပ်သည့်တဲက ရွှေနန်းတော်ရောက် ထုံးစံအတိုင်း နှစ်ထပ်လည်ပေါ် ရွှေချယာဥစ်နှင့် အစီအစဉ် ခင်းကျင်းကြိုယူရသည်ဟု ရာဇဝင်၌ ပါရှိသည်။

ဆုတောင်းရဘုရား

အကွက်(၇၂၂) မှာ ၇၄လမ်းနှင့် ၇၅လမ်းကြား၊ ၂၇ လမ်းနှင့် ၂၈လမ်းကြားရှိသည်။ ငါးမြို့စားဝန်မင်း နေထိုင်ခဲ့ရာအရပ်ဖြစ်၍ ငါးမြို့စားဝင်းဟု မှတ်သားရသည်။ နောက်ပိုင်းတွင် စစ်ပြီးခေတ် ဘိုးတော်စိတ္တရ နေထိုင်ခဲ့ပြီး ငါးကြီးများမွေးမြူထားသဖြင့် ငါးဝင်းဟု နှုတ်ကျိုးခေါ်ဆိုကြောင်းလည်း မှတ်သားရသည်။ ငါးမြို့စားဝင်းအတွင်း ထင်ရှားသည်မှာ ဆုတောင်းရဘုရားရုပ်ပွားတော်မြတ်ကိန်းဝပ်စံပယ်လျက်ရှိခြင်းပင်ဖြစ်သည်။

ငါးမြို့စားဝန်မင်းကတော်က ၎င်း၏ အိမ်နှင့်မြေကို ၁၂၆၅ ခုနှစ်တွင် သာသနာ့မြေအဖြစ် ဘုရားတည်ကျောင်းဆောက်ရန် လျှဒါန်းခဲ့သဖြင့် ၁၂၇၆ ခုနှစ် ပြာသိုလဆန်း ၁ ရက် ဗုဒ္ဓဟူးနေ့တွင် ရပ်ကွက်ပြည်သူများက စုပေါင်း၍ ဘုရားတည်ကြသည်။ နန်းတွင်းသမားတော်ကြီး ဦးဘမိသားစုက ကျွန်းသားဆင်းတုတော်ကြီး ထုလုပ်လျှူဒါန်းသည်။ ထူးခြားသည်မှာ ဆုတောင်းရဘုရားသည် အနောက်အရပ်သို့ မျက်နှာတော်မူကိန်းဝပ်စံပယ်သည်။ ဆုတောင်း တိုင်းရသဖြင့် ဆုတောင်းရဘုရားဟု ကဗျည်းတင်သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဗုံးဆန်ကျရောက်သဖြင့်ကျွန်းသား ရုပ်ပွားတော်ကြီးနှင့် ကန္ဓကုဋ္ဌိတိုက်ကြီးပါ မီးလောင်ခံရသည်။ စစ်အပြီးတွင် ဘိလပ်မြေကိုင် ရုပ်ပွားတော်ကြီးနှင့် တကွ ဂန္ဓကုဋ္ဌိတိုက်ပါ လျှဒါန်းပူဇော်သည်။ ထို့နောက် ပျက်စီးယိုယွင်းမှုများကို ဘုရားဒါယကာ ဦးညွန့်မောင်၊ ဒေါ် မေသန်း ဖိုးလမင်းသက်နှင်းတိုက် ၂၈ လမ်းနှင့် ၈၂လမ်းကြား အလျှူရှင်မိသားစုက ငွေငါးသိန်းမတည်လျှဒါန်း သည်။ ဘုရားပွဲမှာ နတ်တော်လပြည့်ကျော် ၁ ရက်ဖြစ်သည်။ ဆုတောင်းရဘုရားအတွင်းရှေ့ဘုံသာ ဘုရားတစ်ဆူ လည်း ဖူးတွေ့နိုင်သည်။ အကွက် ၇၂၃ မှာ (၂၇)လမ်းနှင့် (၂၈)ကြား၊ (၇၅)လမ်းနှင့်(၇၆)လမ်းကြား ရှိသည်။ စစ်ကဲကြီးဝင်းဟုတွင်သည်။ မင်းတုန်းမင်းလက်ထက် မိုးပြဲစစ်ကဲတော်ကြီး မဟာမင်းလှမင်းခေါင်သီဟသူ အပိုင်စားပေးခံရသော ဝင်းဖြစ်သည်။ မိုးပြဲစစ်ကဲတော်ကြီးသည် ယခင်နန်းတွင်းအိမ်တော်မှာလည်း နေထိုင်သည်။ နောက်ပိုင်း၌ ရပ်ကွက်ထဲ စိတ္တရမဟီရပ်သို့ရွှေ့ပြောင်းနေထိုင်သည်။ ဤနေရာမှ ရွှေနန်းတော်သို့ ရုံးတက်သည်။ ရုံးတက်လျှင် ရွှေထီးဆောင်း၍ ရုံးတက်ရသည်။

ရှေးအခါ ဤဝင်းအတွင်း၌ စစ်ကဲကြီးက အဝီစိတွင်းရေကန်များ၊ ပန်းခြံများပါတည်ဆောက်ရုံမက ဝင်းအနောက်ဘက်တွင် ဆွမ်းခံသံယာတော်များအတွက် ကုဋီပါတည်ဆောက်ပေးထားသည်။ အင်္ဂလိပ်အစိုးရလက်ထက် ရောက်သောအခါ အပြင်တန်းများ ဂရန်မြေချပေးသည်။ ယခုအခါ ဝင်းအတွင်း၌ မိုးပြဲစစ်ကဲကြီး၏ သားတော် မဟာဒါန်ဝန် ဦးခင်မောင်ကြီး၏ သမီး၊ မိုးပြဲစစ်ကဲ၏ မြေးများဖြစ်သော မိုးပြဲခင် မောင်စု၊ မိုးပြဲခင်ခင်မြ(ကွယ်လွန်)၊ မိုးပြဲခင်ခင်လှ(ကွယ်လွန်)၊ မိုးပြဲခင်မမတို့မိသားစု အမွေဆက်ခံနေထိုင်ခဲ့ကြသည်။ မိုးပြဲစစ်ကဲတော်ကြီးမှာ ထင်ရှားသော မြန်မာစစ်သူကြီး တစ်ဦးဖြစ်ပြီး ကုသိုလ်တော်ဘုရားအတွင်းရှိ ပဋ္ဌကတ် ကျောက်စာရုံများအကြား၌ ခရေပင်တန်းများကို ဦးဆောင်စိုက်ပျိုးခဲ့သူ၊ အမြော်အမြင်ကြီးမားသူ မြန်မာစစ်ကဲကြီးတစ်ဦး ဖြစ်သည်။ စစ်ကဲမျိုးအဘိုး၏ အကြောင်းအရာများ ကိုလက်ရှိမြေးဖြစ်သူ မိုးပြဲခင်မမက ပြောပြသည်။ ဤမင်းမျိုးဆွေမျိုးအနွယ်များသည် နှစ်စဉ် ကုသိုလ်တော် ဘုရားပွဲတွင် သွားရောက်၍ ဒါနပြုလုပ်ကြရသည်။

စော်ဘွားဝင်း

အကွက်အမှတ် ၇၂၄မှာ (၂၆)လမ်းနှင့် (၂၇)ကြား၊ (၇၅)လမ်းနှင့်(၇၆)လမ်းကြားဖြစ်သည်။ ညောင်ရွှေစော်ဘွားဝင်းဖြစ်သည်။ စိတ္တရမဟီရပ်ကွက်၌ မင်းတုန်းမင်းလက်ထက် ရှမ်းပြည်နယ်မှစော်ဘွားများ အများအပြား နေထိုင်ခဲ့ကြသည်။ ညောင်ရွှေစော်ဘွား အဆက်အနွယ်များ နေထိုင်ခဲ့ကြသည်ဟု မှတ်သားရသည်။ ၎င်းဝင်းအတွင်း၌ မန္တလေးဟစ်တိုင်သတင်းစာကို အယ်ဒီတာဦးဘထွန်း ဦးစီး၍ ၁၉၅၆ ခုနှစ်က ထုတ်ဝေခဲ့သည်။ ဘုရင်သက်နန်းတိုက်ဝင်းဖြစ်သည်။ အကွက်အမှတ် ၇၂၅ မှာ (၂၆)လမ်းနှင့် (၂၇)လမ်း၊ (၇၄)လမ်းနှင့် (၇၅)လမ်းကြားဖြစ်သည်။ စော်ဘွားဝင်းဟု ခေါ်ဆိုကြသည်။ ဆင်ဖြူမရှင်မိဖုရားကြီး ရန်ကုန်တွင် နတ်ရွာစံ၍ မန္တလေးသို့သယ်လာကာ ဤဝင်းအတွင်းစျာပနတစ်လကြာ ကျင်းပသည်။ ပွဲလမ်းသဘင် ထည့်သွင်းခဲ့သည်။ ဆွေတော်မျိုးတော်များလာရောက်ကန်တော့ကြရသည်။

စိတ္တရမဟီရပ် ၇၅ လမ်းနှင့် ၂၆ လမ်းထောင့် ထင်ရှားသူများတွင်ကြံတိုင်းအောင်လွယ်အိတ်လုပ်ငန်း(ဦးဘစိန်)၊ ဒေါ်ငယ်တို့ နေထိုင်ကြပြီး ယခု သားသမီးဖြစ်သော ဦးအောင်မင်း၊ ဒေါ်ကြည်ကြည်လင်းတို့က ကြံတိုင်းအောင် လွယ်အိတ်လုပ်ကိုင်လျက်ရှိသည်။

ပြည်တော်သာတိုက်

အကွက်အမှတ် (၇၂၆)မှာ ၂၆လမ်းနှင့်၂၇လမ်းကြား၊ ၇၃လမ်းနှင့် ၇၄လမ်းကြားဖြစ်သည်။ ပြည်တော်သာတိုက်ခန်း အကွက်တစ်ခုဖြစ်သည်။ နှစ်ထပ်လေးခန်းတွဲတိုက်ပေါင်း ၂၈ လုံး၊ အိပ်ခန်းပေါင်း ၁၁၂ ခန်းရှိသည်။ စိတ္တရမဟီ ရပ်ကွက်သည် နန်းတော်၏တောင်ဘက်ကျိုးလမ်းသာခြားသော ရပ်ကွက်တစ်ခုဖြစ်ရာ မင်္ဂလာတံခါးနှင့် နီးကပ်စွာတည်ရှိသည်။ မင်္ဂလာတံခါးတောင်ဘက်တွင် ရှေးကမင်္ဂလာဈေးရှိသည်။ နောင်တွင် မင်္ဂလာဈေးကို ရန်မျိုးလုံရပ် ဆင်တော်သည်များနေသည့်ဝင်းသို့ ရွှေ့ပြောင်းခဲ့သည်။

အချုပ်တန်းရပ်နှင့် ဆရာဖေ

စိတ္တရမဟီရပ်တွင် မြန်မာဘုရင်လက်ထက် နေထိုင်သွားသူ ရှေးယခင်က ထင်ရှားသော ပုဂ္ဂိုလ်များလည်းရှိရာ ၎င်းတို့မှာ အချုပ်တန်းဆရာဖေနှင့် စလေဦးပုညတို့ ဖြစ်သည်။ အချုပ်တန်းဆရာဖေမှာ တောင်ဘက်ကျိုးလမ်း ယခု ၂၆ လမ်း၊ ၇၅ လမ်းထောင့် မက်သဒစ်ချပ်ခံဘုရားရှိခိုးကျောင်း အရှေ့ဘက်အတန်းတွင် နေထိုင်ခဲ့သည်။ မန္တလေး မြို့တော်ရပ်ကွက်များ၊ အမည်နာမ မရှိသေးခင် စပ်ကြား အချုပ်တန်း(အပ်ချုပ်ကုန်း)သို့မဟုတ် မြင်းကုန်းနီးချုပ်လုပ်သူများ နေထိုင်ရာအရပ်ဖြစ်သည်။ မြင်းကုန်းနီးတန်းဟုလည်းခေါ်သည်။ စိတ္တရမဟီရပ်ဟူ၍ ၁၂၂၄ ခုနှစ် ရပ်ကွက် များ အမည်ပေးသည့်ကာလ မှည့်ခေါ်ခဲ့ခြင်းဖြစ်သည်။ အချုပ်တန်းဆရာဖေမှာ ၎င်းအချုပ်တန်းတွင် နေထိုင်သူဖြစ်၍ အချုပ်တန်းဆရာဖေဟု တွင်နေခြင်းဖြစ်သည်။ ဆရာဖေ ပြောင်းရွှေ့နေထိုင်သည့်အချိန်မှာ မန္တလေးမြို့တည်ပြီး နောက်တစ်နှစ် ၁၂၂၂ ခုနှစ် ဖြစ်သည်။

ဤအချုပ်တန်းနေရာသည် ဘုရင့်မြင်းတပ်မတော်သားများဖြစ်သည့် အက္ကပတ်မြင်း၊ ကသည်းမြင်း၊ ရွှေပြည်ရန်အောင်မြင်း၊ မြန်မာမြင်း၊ ရှမ်းမြင်း၊ ဇင်းမယ်မြင်း အစရှိသည့် မြင်းမှုထမ်းများအကွက်ဖြစ်သည်။ မက်သဒစ်ဘုရားကျောင်း အရှေ့ဘက်ကပ်လျက်ခြံဝင်းသည် ဆရာဖေ နေထိုင်ခဲ့ရာနေရာဟု မှတ်သားရသည်။ ၎င်းခြံကိုတောင်ပိုင် စော်ဘွားထံရောင်းချခဲ့သည်။ ဆရာဖေတို့မိသားစုသည် ၎င်းရပ်မီးလောင်ခံရသဖြင့် ဆွေမျိုးများရှိရာ ဟေမာဇလရပ် သုံးဆယ်ဝင်းသို့ ရွှေ့ပြောင်းနေထိုင်သည်။

ကျိုးထိပ်က မောင်ဖေနှင့် စလေဦးပုညတို့ကား ရတနာပုံမန္တလေးခေတ်တွင် စာပေသမိုင်းမှတ်တိုင်များ စိုက်ထူခဲ့ကြသော စာဆိုပညာရှင်နှစ်ဦးဖြစ်သည်။ အချုပ်တန်းဆရာဖေ၏ ကျော်ကြားသောတေးထပ်များ ယနေ့ခေတ်တိုင် ကျော်ကြားလျက်ရှိသလို စလေဦးပုည၏ တေးထပ်များ၊ မန္တလေးဘွဲ့မော်ကွန်းများ၊ မေတ္တာစာများ၊ ပြဇာတ်များ၊ မှတ်တမ်းမှတ်ရာ စာပေများအဖြစ် ကျန်ရစ်၏။ စလေဦးပုည၏ အတ္ထုပ္ပတ္တိစာပေများလည်း မြန်မာစာပေ၌ ပြန့်ပွားခဲ့၏။ မြို့ဝန်ဦးသာအိုးနှင့် စလေဦးပုညတို့၏ ဇာတ်လမ်းများလည်း စာထဲပေထဲ တွေ့နိုင်၏။

ဆရာကြီးစလေဦးပုညသည် ပထမအိမ်ထောင်ရှင် မရွှေလုပ်ကွယ်လွန်ပြီးနောက် ၁၂၂၆ ခုနှစ် အသက် (၅၃) နှစ်တွင် မင်္ဂလာစျေးသူ မမွေးအုံနှင့် ဒုတိယအိမ်ထောင်ထူသည်။ မရွှေလုပ်မှာ မြို့ဝန်ဦးသာအိုးပေးစားသော ပထမအိမ်ထောင်ဖြစ်သည်။ စိတ္တရမဟီရပ်ချက်မြှုပ် မမွေးအုံသည် ကျော်မိုးတံခါး(မင်္ဂတံခါး) အထွက် လက်ယာဘက်ရှိ ငါးပေါင်းကြော်ဆိုင်ထွက်ကာ စျေးရောင်းခဲ့သည်။ ဦးပုညနှင့် အကြောင်းပါစဉ် ၁၈ နှစ်မျှသာ ရှိသေးသည်ဆိုသည်။ ဦးပုညနှင့် ဆရာဖေတို့မှာ အပြိုင်အဆိုင် စာချီးစာဖွဲ့ခဲ့ကြသူများလည်းဖြစ်သည်။ ၁၂၂၈ ခုနှစ် မြင်ကွန်းမြင်းခုန်တိုင် အရေးအခင်းဖြစ်ပြီးနောက် ဦးပုညအပေါ် အငြိုးထားသော မြို့ဝန်ဦးသာအိုး၏ စနက်ကြောင့် ဦးပုညသည် စိတ္တရမဟီရပ်မှ ရှောင်တိမ်းရသည်။ ဦးပုညသည် ချမ်းမြသာစည်ကုသိန္နာရုံတိုက် ဘုတလင်ကျောင်း ဘုန်းတော်ကြီး ဦးစန္ဒမဉ္ဇူထံ ပုန်းလျှိုးနေသော်လည်း မြို့ဝန်မင်း၏ လူများက ဖမ်းမိသွားသည်။ "ဟုတ်ပလေ နှုတ်ခြွေဟရမှာ ဖြင့် ပုဇ္ဇေစထင်ရဲ့လေ" ဟူသော တေးထပ်မှာ ဦးပုည၏ သေခါနီးရေးခဲ့သော တေးထပ်ပင်ဖြစ်သည်။

စလေဦးပုည ခန္ဓာပျက်ပြုန်းပြီးနောက်တွင် ဆရာကတော် ဒေါ်မွေးအုံသည် ကျန်ရစ်သည့် ကိုယ်ဝန်အရင့်အမာမှ သက္ကရာဇ် ၁၂၂၈ ခုနှစ်တွင် သမီးကလေး မွေးဖွားခဲ့သည်။ အမည် မကြည်ဟု တွင်သည်။ ထို့နောက် စိတ္တရမဟီရပ်ကွက်မှ မောရဂီဝါ အကွက်နံပါတ် ၇၁၄ အတွင်း မြောက်ဘက်တန်း လမ်းဘက်မျက်နှာပြု အိမ်ရွှေ့ပြောင်းကာ ကပ်ဝါးထောင်၍ နေထိုင်သည်။ စလေဆရာကြီး သမီးမကြည်သည် အရွယ်ရောက်သော် ပထမကျော်ပြန် ဦးဘိုးတင်နှင့် အကြောင်းပါသည်။ သားတစ်ယောက် ဖွားမြင်ခဲ့သည်။ ၎င်းမှာ လူအမည် မောင်ကိုကြီး၊ ရဟန်းတွဲ့ ဦးကေသရဖြစ်သည်။

ကဘ္ဘနမဟီရပ်

ချမ်းအေးသာစံမြို့နယ် ကဘ္ဘမဟီရပ်သည် ဆေးရုံကြီး အနောက်တောင်ဘက် ရပ်ကွက်များဖြစ်သည်။ အကွက်ပေါင်း (၁၆)ကွက်ရှိသည်။ ကဘ္ဘနမဟီရပ်ကွက်မှာ ရှေးကရွှေဆိုင်း၊ ရွှေချည်ထိုး လက်မှုအနုပညာသည်များ နေထိုင်ခဲ့ကြသော ရပ်ကွက်ဖြစ်ကြောင်း အမှတ်အသားရှိသည်။ လမ်း ၃၀-၃၅ လမ်းနှင့် ၇၆ လမ်း- လမ်း ၈၀ ကြား ရပ်ကွက်များဖြစ်သည်။ ကဘ္ဘန-ရွှေဟု အနက်အဓိပ္ပာယ်ရပြီး ရှေးယခင်က ရွှေချည်ထိုးလုပ်ကိုင်သူများ နေထိုင်ကြ-သည့် ရွှေမြေအရပ်ဖြစ်ကြောင်း မှတ်သားရသည်။

ဟော်ကုန်း

အကွက်အမှတ်(၆၂၅)မှာ လမ်း ၃၀ နှင့် ၃၁လမ်း၊ ၇၆ လမ်းနှင့် ၇၇ လမ်းကြား ဖြစ်သည်။ ဟော်ကုန်းရပ်ဟု လူသိများသည်။ ရှေးကစော်ဘွားများဟော်နှင့် နေထိုင်ခဲ့ရာဖြစ်၍ ဆေးရုံကြီးတောင်ဘက်တွင် ဟော်ကုန်းတွင်သည်။ အမရပူရခေတ် အမရပူရ ဒုတိယမြို့တည်နန်းတည် ခမည်းတော် မင်းတရားကြီးလက်ထက် ရွှေလောင်းမြောင်းတော် ကို (မတ္တရာ) သဖန်းကိုင်းကစ၍ အမရပူရမြို့သို့ ရေဖျားရောက်အောင် လဲချား စော်ဘွားကြီးအား ကြီးကြပ်တူးဖော်စေသည်။ လဲချားစော်ဘွားကြီးသည် မန္တလေးမြို့တောင်ပြင် (ယခုဆေးရုံကြီး တောင်ဘက်) ကဘ္ဘနမဟီရပ်၌ ဟော်တည်ဆောက်နေထိုင်ကြီးကြပ်တူးဖော် ဖောက်လုပ်ခဲ့သဖြင့် လဲချားစော်ဘွား နေခဲ့ရာအရပ်ကို နောင်မန္တလေးမြို့တည်သည့်အခါ ဟော်ကုန်းရပ်တွင်နေခြင်းဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်။

[ဆရာနတ်မောက်ထွန်းရှိန်၏ (၂၀၀၁ ခုနှစ် အမျိုးသား စာပေဆု-သုတပဒေသာဝိဇ္ဇာ) ဝင်းတွေနဲ့ တည်ခဲ့သည့် မင်းနေပြည် စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုမျှားကို မူရင်းအတိုင်းဖော်ပြခြင်းဖြစ်ပါသည်။]

၁၂၂၈ခုနှစ် မြင်ကွန်းမြင်းခုန်တိုင် အရေးအခင်းဖြစ်ပြီးနောက် ဦးပုညအပေါ်အငြိုးထားသော မြို့ဝန် ဦးသာအိုး၏ စနက်ကြောင့် ဦးပုညသည် စိတ္တရမဟီရပ်မှ ရှောင်တိမ်းရသည်။

ဈေးသည်အများအပြား ဒီဂျစ်တယ်ကတ္တားများ အသုံးပြုမှုများလာ

ပဲခူး မေ ၁၂

ဈေးသည်အများအပြား ဒီဂျစ်တယ်ကတ္တားများ အသုံးပြုလျက်ရှိကြောင်း သိရသည်။ ငါး၊ အမဲ၊ ဝက်၊ ကြက် လက်လီရောင်းချသူ အများဆုံးအသုံးပြုလျက်ရှိကြောင်း သိရသည်။

ချိန်ရတာလွယ်ကူမြန်ဆန်ခြင်း၊ အလေးချိန်တိကျခြင်းက ရောင်းသူများအကြိုက်တွေ့စေခဲ့ကြောင်း၊ ချိန်ခွင်ဖြင့်အသုံးပြုစဉ်က ဝယ်ယူသူများ လာသည့်အခါ ချိန်ခွင်ကိုမ-နေရတာက အလုပ်တစ်လုပ် လုပ်ရကြောင်း၊ အလေးပျောက်ရင်ရှာရသေးကြောင်း၊ ချိန်ခွင်အလေးချိန်ကြောင့် ဝယ်ယူသူနှင့် ခဏခဏစကားများရကြောင်း၊ တချို့မှာ ဝယ်ယူပြီးနောက် သမာဓိချိန်ခွင်မှာ သွားပြန်ချိန်ကြောင်း၊ အလေးမပြည့်ပါက ပြဿနာတက်ပြီး ဈေးမှတာဝန်ယူ၍ ဖြေရှင်းပေးရတဲ့အထိဖြစ်ကြောင်း၊ ယခုအခါ ထိုပြဿနာများ အထိုက်လျောက် ဖြေလျော့သွားပြီဖြစ်ကြောင်း ဈေးတွင်ငါးရောင်းချသော အမျိုးသမီးတစ်ဦးက ပြောသည်။

ဈေးလာဝယ်သူအိမ်ရှင်မတစ်ဦးက သား၊ ငါးများဝယ်ယူရာတွင် ဒီဂျစ်တယ်ကတ္တားကအဆင်ပြေကြောင်း၊ အလေးပြည့်ကြောင်း၊ ယခင်က အလေးချိန်ခွင်များနှင့် ချိန်တွယ်ရောင်းချမှုမှာ အလေးမပြည့်သည်ကများကြောင်း၊ ယခုအခါ လတ်ဆတ်သော အသား၊ ငါးများကို မိမိတို့စိတ်ကြိုက် ရွေးချယ်ပြီး အလေးချိန်ပြည့်ဝစွာဖြင့် ချက်ပြုတ်စားသောက်နိုင်ပြီဖြစ်ကြောင်း ပြောသည်။

မောင်မောင်အေး(ဥသာမြေ)



သာသနဓဇမမ္မာစရိယဘွဲ့တံဆိပ်တော်နှင့် ပရိယတ္တိသဒ္ဓမ္မဟိတမမ္မာစရိယ ဘွဲ့တံဆိပ်တော် ဆက်ကပ်ဂုဏ်ပြုပူဇော်

ဆင်ပေါင်ဝဲ မေ ၁၂

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ဆင်ပေါင်ဝဲမြို့ အမှတ်(၂)ရပ်ကွက် လေးထပ်ကျောင်းဆရာတော် ဘဒ္ဒန္တဉီးသြဘာသ၏တပည့် သာသနဓဇ မမ္မာစရိယ ဘွဲ့တံဆိပ်တော်နှင့် ပရိယတ္တိသဒ္ဓမ္မဟိတ မမ္မာစရိယဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော အရှင်စန္ဒိမာအား ဂုဏ်ပြုပူဇော်ပွဲကို မေ ၁၀ ရက် နံနက် ၈ နာရီက အမှတ်(၂) ရပ်ကွက် လေးထပ်ကျောင်းတိုက်၌ကျင်းပရာ ရှေးဦးစွာ ဧည့်ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆို၍ အခမ်းအနားဖွင့်လှစ်ပေးပြီး နိုင်ငံတော်သံဃမဟာနာယက အဂ္ဂမဟာသဓမ္မဇောတိကဓဇ ကျောက်မှော်ကျောင်းဆရာတော်ဘုရားကြီးထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာဦးကျော်နိုင်က ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော အရှင်စန္ဒိမာ၏ ထေရုပ္ပတ္တိအား လျှောက်ထားပြီး အမှတ်(၂)ရပ်ကွက် မြတ်ယောဂီဝတ်အသင်းက သံပေါက်ကဗျာများဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ယင်းနောက် ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော အရှင်စန္ဒိမာအား မြို့နယ်အုပ်ချုပ်ရေးမှူးက သာသနဓဇမမ္မာစရိယ ဘွဲ့တံဆိပ်တော်အားလည်းကောင်း၊ မြို့နယ်ဥပဒ္ဒာကအဖွဲ့ဥက္ကဋ္ဌက ပရိယတ္တိသဒ္ဓမ္မဟိတ မမ္မာစရိယဘွဲ့တံဆိပ်တော်အားလည်းကောင်း ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မြို့နယ်သာသနာရေးမှူးက ဘွဲ့တံဆိပ်တော် ဆက်ကပ်ခံရခြင်းနှင့် ပတ်သက်၍ လျှောက်ထားပြီး ဧည့်ပရိသတ်များ၏ စုပေါင်းလှူဒါန်းမှုအစုစုတို့အား ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြကြောင်း သိရသည်။

မျိုးမျိုး(ဆင်ပေါင်ဝဲ)

စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေး

တံတားဦး မေ ၁၂

ကျောက်ဆည်ခရိုင် တံတားဦးမြို့နယ် စားသုံးသူအကာအကွယ်ပေးရေးအသိပညာပေးဆွေးနွေးပွဲကို မေ ၁၀ ရက် နံနက် ၁၀ နာရီက တံတားဦးမြို့ မြို့မဈေးဆုတောင်းပြည့်မမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် ဒုတိယအုပ်ချုပ်ရေးမှူး ဦးစိုးတင့်က အမှာစကားပြောကြားပြီး ကျောက်ဆည်ခရိုင် စားသုံးသူရေးရာဦးစီးဌာန ဒုတိယတာဝန်ခံ ဒေါ်ဝင်းမာက စားသုံးသူအကာအကွယ်ပေးရေးအကြောင်း သိကောင်းစရာများ ဆွေးနွေးရာတွင် ဝန်ဆောင်မှုနှင့်စပ်လျဉ်း၍ စားသုံးသူအား ဥပဒေဆိုင်ရာ အကာအကွယ်ပေးခြင်း၊ ကျန်းမာရေးနှင့် ဘေးဥပဒ်အန္တရာယ်ကင်းရှင်းရေးဆိုင်ရာအာမခံချက်ပေးခြင်း၊ အစိုးရဌာနများ၊ NGO အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များနှင့် စားသုံးသူပြည်သူများအားလုံး ပူးပေါင်းပါဝင်ခြင်းတို့ဖြင့်ထိရောက်အကျိုးရှိနိုင်ကြောင်း ပြောကြားခဲ့သည်။

ရဲတင့်

မီးဘေးကြိုတင်ကာကွယ်ရေးအတွက်သန့်ရှင်းရေးဆောင်ရွက်

ငါးသိုင်းချောင်း မေ ၁၂

ပုသိမ်ခရိုင် ငါးသိုင်းချောင်းမြို့ မြို့သစ်ရပ်ကွက် အ. လ. က(ခွဲ)ကျောင်းဝင်းအတွင်း၌ မေ ၉ ရက်က ဒေသတွင်း မီးဘေးကြိုတင်ကာကွယ်ရေးအတွက် နယ်မြေမီးသတ်စခန်းတာဝန်ခံ လ/ထမီးသတ်ဦးစီးမှူး ဦးတင်ဇော်ဝင်းဦးဆောင်သော သန္ဓေမီးသတ်ဝန်ထမ်းများနှင့် ရပ်ကွက်အရန်မီးသတ်တပ်ဖွဲ့ဝင် ၁၅ ဦး စုစုပေါင်းအင်အား ၂၀ က အမှိုက်သရိုက်များ၊ ချဲ့နွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ရပ်ကွက်အတွင်းရှိ မီးသတ်စက်ရေတွင်းများ ကြံ့ခိုင်မှုစစ်ဆေးခြင်း၊ စမ်းသပ်ဖျန်းပက်ခြင်းများ ဆောင်ရွက်ခဲ့ကြပြီး အ. လ. က (ခွဲ) ကျောင်းဝင်းအတွင်းရှိ ကျောင်းဆောင်သစ်တစ်ဆောင်ဆောက်လုပ်လျှုဒါန်းမည့်မြေနေရာအား စုပေါင်းသန့်ရှင်းရေးပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

နိုးမင်းဦး(ပြန်/ဆက်)

ရှမ်းပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ၂၀၁၆–၂၀၁၇ ဘဏ္ဍာရေးနှစ်လုပ်ငန်းဆောင်ရွက်မည့်အခြေအနေရှင်းလင်း

တောင်ကြီး မေ ၁၂

စိုက်ပျိုးရေး မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသည် နိုင်ငံတော်၏စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး၊ လယ်ယာထွက်ကုန်များ အရည်အသွေးမြင့်မားရေး၊ လုပ်ငန်းများအား လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ နိုင်ငံရေးပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့် လူမှုစီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ် လမ်းညွှန်ချက်၊ မိန့်ကြားချက်များ၊ တာဝန်ပေးအပ်ချက်များအပေါ် လုပ်ငန်းလမ်းညွှန်အဖြစ် အလေးအနက်ခံယူကြပြီး ဝန်ကြီးဌာနအချင်းချင်း ပေါင်းစပ်ညှိနှိုင်း၍ လက်တွေ့လိုက်နာ အကောင်အထည်ဖော်ခြင်းအားဖြင့် လယ်ယာဖွံ့ဖြိုးတိုးတက်ရေးတာဝန်၊ နိုင်ငံတော်တိုးတက်ရေးတာဝန်များကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနအသီးသီးမှ တက်ညီလက်ညီ ပါဝင်ထမ်းဆောင်ကြရမှာဖြစ်ကြောင်း မေ ၁၁ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်တောင်ကြီးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ကျင်းပသော ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်က ပြောကြားခဲ့သည်။

နိုင်ငံတော်၏ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ရာတွင် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များကို လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှသာလျှင် လယ်ယာလုပ်ငန်းအခြေပြု ကျေးလက်ဒေသနေ တောင်သူလယ်သမားများ၏ဘဝ ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်သလို ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်းစဉ်များကိုလည်း အထောက်အကူပြုနိုင်မှာဖြစ်ပြီး နိုင်ငံတော်လည်း ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ကြောင်း၊ အများသိကြသည့်အတိုင်း အယ်နီညိုရာသီဥတု ပြောင်းလဲမှုဖြစ်စဉ်အရ အပူချိန်မြင့်မားခြင်း၊ ရေရှားပါးခြင်းဖြစ်စဉ်များ ဖြစ်ပေါ်နေသည့်အတွက် ဒေသခံပြည်သူများမှာ ရေကိုအကျိုးရှိရှိသုံးစွဲပြီး ဆည်တမံများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုအပ်ပါကြောင်း၊ ရှမ်းပြည်နယ်အတွင်း စိုက်ပျိုးရေအပြည့်အဝရရှိရေးအတွက် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် နိုင်ငံတော်၏လမ်းညွှန်ချက်များအတိုင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအောက်ရှိ ဌာနများအားလုံးနှင့် ပေါင်းစပ်ညှိနှိုင်းကြိုးပမ်းဆောင်ရွက်သွားကြရန်ကိုလည်း ပြည်နယ်ဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

ဆက်လက်၍ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ အရာထမ်းများက ရာထူးအလိုက် မိတ်ဆက်ကြပြီး ပြည်နယ်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦးက ရှမ်းပြည်နယ်အတွင်း ၂၀၁၁-၂၀၁၂ မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အထိ ဆည်မြောင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ယင်းနောက် ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဦးစိုင်းလုံကျော်ကအမှာစကားပြောကြားပြီး ရှမ်းပြည်နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးများက လားရှိုး၊ ကျိုင်းတုံမှ ဆောင်ရွက်လျက်ရှိသော ဆည်မြောင်းလုပ်ငန်းများအား ရှင်းလင်းတင်ပြ၍လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူးများက တောင်ကြီးဒေသတွင်း ဆောင်ရွက်လျက်ရှိသော ဆည်မြောင်းလုပ်ငန်းများနှင့် ညောင်ရွှေမြို့နယ်အတွင်းဆောင်ရွက်လျက်ရှိသော ဆည်မြောင်းလုပ်ငန်းများနှင့် အင်းလေးကန်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြကာ၊ ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသောလုပ်ငန်းများကိုတက်ရောက်လာသော တွဲဖက်ပြည်နယ်၊ခရိုင်၊ မြို့နယ်များမှတာဝန်ရှိပုဂ္ဂိုလ်များကအထွေထွေ ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြ၍ ပြည်နယ်စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးကနိဂုံးချုပ် အမှာစကားပြောကြားခဲ့သည်။

မောင်မောင်သန်း(တောင်ကြီး)

ယင်းမာပင်တွင် Zika Virus ကူးစက်ပြန့်ပွားမှုအသိပညာပေး

ယင်းမာပင် မေ ၁၂

ခရိုင်၊ မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် ကျန်းမာရေး ဦးစီးဌာနတို့ ပူးပေါင်း၍ Zika Virus ကူးစက်ပြန့်ပွားမှု အသိပညာပေးဟောပြောပွဲကို မေ ၁၁ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ယင်းမာပင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးလွင်က အဖွင့်အမှာစကားပြောကြားပြီး ကျန်းမာရေးဦးစီးဌာန မြို့နယ်ဆရာဝန်ကြီး ဒေါက်တာစိန်လင်းက ကျန်းမာရေးဆိုင်ရာများကိုလည်းကောင်း၊ လက်ထောက်ဆရာဝန် ဒေါက်တာမိုးဝင်းက Zika Virus အကြောင်း သိကောင်းစရာများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ယင်းနောက် ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်အေးအေးလွင်နှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းစံစံထွေးတို့က ကိုယ်ဝန်ဆောင်မိခင် ၅၈ ဦးအား အာဟာရထောက်ပံ့ပစ္စည်းများနှင့် ပြည်သူ့ဆေးရုံတွင် တက်ရောက်မီးဖွားနေသည့် ကလေးမိခင်များအား ထောက်ပံ့ငွေနှင့် အသုံးအဆောင်ပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

မြင့်မြင့်အေး(ပြန်/ဆက်)

နတ်မောက်မြို့နယ် သမ္ဗန်းပင်အုပ်စု ကျွေးတူးကန်ကျေးရွာရေကန်ပြုပြင်နိုင်ရန်အတွက် မေ ၁၁ ရက်က မြို့မဈေးကြီးတောင်ဘက် နတ်မောက်–မကွေးလမ်းတွင် လွတ်လပ်ငြိမ်းချမ်းပန်းရဲ့လမ်း (လူမှုကွန်ရက်) အဖွဲ့မှ တေးသီချင်းများသီဆို၍လည်းကောင်း၊ မြင်းခတ်ပညာရှင်များက မြန်မာ့မြင်းလုံးအလှခတ်မြင်းကို သရုပ်ပြ၍လည်းကောင်း အလှူခံပေးခဲ့ကြောင်း သိရသည်။ သတင်းနှင့်ဓာတ်ပုံ- လှဝင်း(နတ်မောက်)

ပြည်သူ့သဘောထားစင်မြင့်

တိုင်းပြည်၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့် စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူမည်သူမဆိုပါဝင်ရေးသားရန်ဖိတ်ခေါ်ပါသည်။သို့သော်ကြမ်းတမ်းပြင်းထန်သောအယူအဆ၊အရေးအသားများကိုမူသတင်းစာ၏မူဝါဒအရဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်း)

ပြောင်းလဲချိန်တန်ပါပြီ

à ကိုချမ်းမြေ့

"စည်းအတွင်းမှာနေ
ကင်းကွေလိမ့်ရန်ဝေး
ကမ်းကိုကျော် ချော်ကာကျ
များလုရန်ဘေး" ဟူသည့် ဆရာကြီးမင်းသုဝဏ်၏ ဆုံးမစာကဗျာလေးသည် စာရေးသူ၏ရင်တွင်း၌ အမြဲကိန်းဝပ်စိုးမိုးလျက်ရှိသည်။ စည်းနှင့်ကမ်းအကြားတွင် စာရေးသူသွားလာနေထိုင်နိုင်ခဲ့သည်။ ဆူးခြောင့်၊ ခလုတ်၊ ကန်သင်းစသည့် နှောင့်ယှက်မှုများက စာရေးသူအတွက် သဲထဲရေသွန် အရာမထင်ခဲ့။ ထို့ကြောင့် စည်းကမ်းဟူသည် စာရေးသူတို့၏ လူဘောင်လောကအတွက် အလေးထားရမည့် အရေးကြီးလှသည့် လိုက်နာကျင့်သုံးရမည့် အဓိကအချက်ပင်ဖြစ်သည်ဟု စာရေးသူယုံကြည်မိပါသည်။

လူစည်း၊ ဘီလူးစည်းဆိုသည့် စကားရပ်ကို သိကြမည်ဖြစ်သည်။ လူတွင် လူစည်းကမ်း၊ ဘီလူးတွင် ဘီလူးစည်းကမ်းရှိသည်ဟု ဆိုခြင်းဖြစ်သည်။ စာရေးသူတို့၏ လူ့လောကတွင် ပေထက်အက္ခရာတင် လိုက်နာရမည့် စည်းကမ်းများရှိသကဲ့သို့ လူမှုအသိုင်းအဝိုင်း၌ ပေထက်အက္ခရာမတင်သော်လည်း လိုက်နာရမည့် လူမှုစည်းကမ်းများရှိသည်။ အဆိုပါစည်းကမ်းများကို လိုက်နာဆောင်ရွက်ကြမည်ဆိုလျှင် ဖြင့် ဆရာကြီးအမိန့်ရှိသကဲ့သို့ ဘေးကင်းရန်ကွာ ချမ်းသာအောင်မြင်ခြင်းအဖြာဖြာကို ရရှိခံစားကြရမည်ဖြစ်သည်။

ယခုအစိုးရအသစ်အနေဖြင့် "ပြောင်းလဲချိန်တန်ပြီ" ဟူသောခံယူချက်ဖြင့် နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ကောင်းပါသည်။ သို့သော် ပြည်သူပါရန်လိုသည်။ နိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားညီအစ်ကို မောင်နှမများအားလုံး အစိုးရသစ်နှင့်အတူ လက်တွဲ၍ ပြောင်းလဲဆောင်ရွက်ကြရန် အချိန်တန်ပါပြီ။ ဘာကိုပြောင်းလဲရမှာလဲဟူသည့်မေးခွန်းမျိုး မေးမည်ဆိုလျှင် စာရေးသူအနေဖြင့် အဓိကပြောင်းလဲသင့်သည်မှာ မိမိတို့၏စိတ်ဓာတ်ပင်ဖြစ်ကြောင်း ဖြေချင်ပါသည်။ မိမိတို့ကျင်လည်ခဲ့သည့် အချိန်ကာလမှာ၊ ပတ်ဝန်းကျင်များ၊ လူပ်ရှားဆောင်ရွက်မှုများကို ပြန်လည်သုံးသပ် ဆုံးဖြတ်ပြောင်းလဲ ဆောင်ရွက်သင့်ကြပြီ။ ပြောင်းလဲရမည်မှာ အခြေခံစိတ်ဓာတ်နှင့် လုပ်ရပ်များပင် ဖြစ်သည်။

စာရေးသူနေထိုင်လျက်ရှိရာ နေပြည်တော်သူ၊ နေပြည်တော်သားများအကြောင်းကို ဥပမာအနည်းငယ်မျှ တင်ပြလိုပေသည်။ တစ်နည်းအားဖြင့် နေပြည်တော်နေ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူ့ဝန်ထမ်းမိသားစုများ အကြောင်းပင် ဖြစ်သည်။ နေပြည်တော်ရှိပြည်သူ့ဝန်ထမ်းမိသားစုများအား နိုင်ငံတော်မှ အဆင်မြင့်မြင့်နေထိုင်နိုင်ရေး ဆောင်ရွက်ထားရှိပေးပြီး ဖြစ်သည်။ တိုက်တာအဆောက်အအုံ၊ ရေ၊ မီးအစုံပင်ဖြစ်သည်။ ရုံးတက်၊ ရုံးဆင်း ကြိုပို့ကားများပင် စီစဉ်ထားရှိပေးသည်။ ပြောင်းလဲမှုပြုကြရာတွင် ပြည်သူ့အကျိုးကို သယ်ပိုးရွက်ဆောင်ကြမည့် ပြည်သူ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ၊ သတိရှိရှိဖြင့် အရာရာကို ပြုမှုလုပ်ရှားဆောင်ရွက်သင့်သည်ဟု စာရေးသူထင်မြင်မိပါသည်။

ပြောင်းလဲမှုပြုကြရာတွင် ပြည်သူ့အကျိုးကို သယ်ပိုးရွက်ဆောင်ကြမည့် ပြည်သူ့ဝန်ထမ်းများသည် အဓိကအခန်းကဏ္ဍမှ ပါဝင်သည်။ ထို့ကြောင့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် သစ္စာရှိရှိ၊ သတိရှိရှိဖြင့် အရာရာကို ပြုမှုလုပ်ရှားဆောင်ရွက်သင့် . . .

သို့သော် နေပြည်တော်နေ ဝန်ထမ်းမိသားစုအချို့၏ ပေါ့ပေါ့တန်တန်စဉ်းစား၊ သတိမထားဘဲ လုပ်ရှားဆောင်ရွက်နေမှုကို အနည်းငယ်တင်ပြလိုပါသည်။ စာရေးသူတင်ပြလိုသည်မှာ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်နေမှုပင် ဖြစ်သည်။ အဆိုပါကိစ္စအား အရေးကြီးကိစ္စမဟုတ်၊ ဇာချဲ့လို့ ကဗျာဖွဲ့နေသည်ဟုစာရေးသူအားပြောချင် ပြောကြပါလိမ့်မည်။ နေပြည်တော်ရှိဝန်ထမ်းမိသားစုအချို့သည် စျေးသွား၊ ရုံးသွား၊ ကျောင်းသွား၊ အမှိုက်များကို ယူငင်၍ အမှုမဲ့အမှတ်မဲ့ ကြဲကျသည့်နေရာများတွင် စည်းမဲ့ကမ်းမဲ့စွန့်ပစ်မှုများကို စာရေးသူမြင်တွေ့နေရသည်။ ပေါ့ပေါ့ပါးပါးပင်။ အရေးကြီးသည်ဟု သူတို့မထင်မြင်ကြ၊ အဆင့်မြှင့်တင်ပေးထားသော်လည်း နိမ့်ကျသည့်အတွေးဝင်နေသူများဟု စာရေးသူထင်မိပါသည်။

စည်းကမ်းရှိမှ တိုးတက်နိုင်ပါမည်။ ပြည်သူ့ဝန်ထမ်းများသည် ပြည်သူများ၏ အကျိုးစီးပွားကို ဖော်ဆောင်ပေးရမည့်သူများဖြစ်သဖြင့် စည်းကမ်းလိုက်နာမှု စံပြဖြစ်သင့်သည်။ ယခုတော့ စည်းကမ်းမဲ့အမှိုက်စွန့်ပစ်ခြင်းသရုပ်ကအခြေခံစည်းကမ်းကလေးတစ်ခုကိုပင် ရွပ်ရွပ်ခွံ့ခွံ့ကျူးလွန်နေကြောင်း တွေ့မြင်နေရသည်။ ရင်လေးမိပါ၏။ စိုးရိမ်မိပါ၏။ ပြည်သူ့အကျိုးစီးပွား မည်ကဲ့သို့များ သယ်ပိုးဆောင်ရွက်ကြမှာလဲဟု စာရေးသူမေးချင်မိပါသည်။ မေးစရာရှိပါသည်။

နေပြည်တော်စည်ပင်အနေဖြင့် အမှိုက်သိမ်းစနစ် ပြုလုပ်ထားခြင်းမရှိ၍ ဤကဲ့သို့ စွန့်ပစ်နေကြခြင်းလားဟူသည့် မေးခွန်းဖြစ်သည်။ နေပြည်တော် စည်ပင်ကရပ်ကွက်များအတွင်း နေ့စဉ်အမှိုက်သိမ်းမော်တော်ယာဉ် စီစဉ်စေလွှတ် ဆောင်ရွက်ပေးလျက်ရှိသည်။ မစောင့်ချင်ကြ၊ မပစ်ချင်ကြ။ သဘာဝကျသည့် လုပ်ရပ်ကိုသာ လုပ်ချင်ကြကြောင်း တွေ့ရသည်။ အရည်ကိုမတွေး။ စာရေးသူစိတ်မကောင်းဖြစ်မိပါသည်။ အမှိုက်များကို လူများက စည်းမဲ့ကမ်းမဲ့ စွန့်ပစ်၊ ခွေးများကဖွ၊ ရစရာမရှိ။ မြင်၍မကောင်းသည့်နေရာများစွာ တွေ့မြင်နေရသည်။ စည်းကမ်းမဲ့ စွန့်ပစ်အမှိုက်များကပင် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေမည်။ မီးဘေးအန္တရာယ်စိုးရိမ်ဖွယ်ဖြစ်သည်။ ပြည်သူများ၏ အကျိုးစီးပွားကို ကျဆင်းစေမည် စသည်ဖြင့် မကောင်းသောရလဒ်များသို့သာ ဦးတည်နေပေသည်။

စည်းကမ်းဟူသည် လူ၏တန်ဖိုးဖြစ်သည်။ တန်ဖိုးရှိသည့်သူများဖြစ်ကြစေရန် စည်းကမ်းလိုက်နာမှုကို စံပြ၍ပြောင်းလဲချိန်တန်ပါပြီဟု စာရေးသူဆိုချင်ပါသည်။ မိမိ၏လုပ်ရပ်အား အရေးမကြီးပါဟု မခံယူသင့်။ အရာရာသည် သူ့နေရာနှင့်သူ အရေးကြီးသည်ပင်ဖြစ်သည်။ အသေးအဖွဲဟူ၍မရှိ။ အရာရာကို အလေးထားဆောင်ရွက်ကြရန်လိုပါသည်။ အမှိုက်ကစခြင်းဖြင့် ပြာသာဒ်မီးလောင်ခံရခြင်း ဖြစ်ပါသည်။ သတိမူကြရန်လိုပါသည်။ သတိ မမူမိလျှင်ဖြင့် ဂူကိုမြင်ကြရမည်မဟုတ်ပေ။ စာရေးသူအနေဖြင့် မြင်တွေ့နေရသည့် အခြေခံပြောင်းလဲသင့်သည့် အချက်ကလေးတစ်ခုကိုသာ တင်ပြခြင်းဖြစ်သည်။

ပြောင်းလဲသင့်သည့်အချက်များစွာ ရှိပေလိမ့်မည်။ လုပ်ဆောင်မှု မှန်သမျှသည် အရှည်ကိုမျှော်တွေး လုပ်ဆောင်ပေးကြရမည်ဖြစ်သည်။ ဒီမိုကရေစီဆိုသည်မှာ ကျင့်စဉ်ဖြစ်သည်။ စည်းကမ်းရှိစွာ လုပ်ဆောင်ရမည့်ကျင့်စဉ်ပင် ဖြစ်သည်။ စည်းမဲ့ကမ်းမဲ့ မင်းမဲ့စရိုက်အနေဖြင့် လုပ်ဆောင်ကြရန် အခွင့်အလမ်းမဟုတ်ကြောင်း သတိချပ်သင့်ကြသည်။ ပြည်သူ့အကျိုးစီးပွားကို သယ်ပိုးရွက်ဆောင်ကြမည်ဆိုလျှင်ဖြင့် ဆရာကြီးမင်းသုဝဏ်၏ ဆိုဆုံးမှုအတိုင်း စည်းနှင့်ကမ်းအကြားတွင်သာ အရာရာကို အလေးထားလေးစားစွာဖြင့် ဆောင်ရွက်ရင်း ဖြောင့်ဖြောင့်သွားကြလို့ ပြည်သူ့အကျိုး၊ နိုင်ငံအကျိုးကို ဒီမိုကရေစီကျင့်စဉ်နှင့်အညီ သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြမိခြင်း ဖြစ်ပါသည်။ အခြေခံစိတ်ဓာတ်မှစ၍ ပြောင်းလဲချိန်တန်ပါပြီ။

ပျဉ်းမနားမြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်

နေပြည်တော် မေ ၁၂

နေပြည်တော် ပျဉ်းမနားမြို့တွင်း ရပ်ကွက်များရှိ လမ်းများ ရေကြီး၊ ရေလျှံမှုများမဖြစ်ပေါ်စေရန်၊ ရေမြောင်းများပိတ်ဆို့၍ ရေဆိုးများကြောင့် ကျန်းမာရေးထိခိုက်မှုကင်းဝေးစေရန်နှင့် မြို့တွင်းသန့်ရှင်းသာယာလှပစေရန်အတွက် ပျဉ်းမနားမြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံးမှ တာဝန်ခံအင်ဂျင်နီယာ ဦးတင်မောင်ဝင်းဦးဆောင်ကာ ပျဉ်းမနားမြို့တွင်းရှိ ရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး အတွက် နုန်းများဆယ်ခြင်းနှင့် အမှိုက်များရှင်းလင်းခြင်းလုပ်ငန်းကို မေ ၁၁ ရက်မှစ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ယင်းသို့ပြုလုပ်ဆောင်ရွက်ရာတွင် ပျဉ်းမနားမြို့တွင်းရှိ ရေနုတ်မြောင်းများမှာ မြို့တွင်းပတ်လည် ၁၅ ဒသမ ၆၁ မိုင်ရှိပြီး ခြောက်လအတွင်း ပိတ်ဆို့နေသော အမှိုက်များ၊ သဲများ၊ နုန်းများကို ဆယ်ယူသွားမည်ဖြစ်ပြီး၊ ပထမသုံးလတွင် အဓိကရေနုတ်မြောင်းကြီးများဖြစ်သည့် အလံကိုးစင်မြောင်း၊ အုတ်တံတားမြောင်း၊ ပါဠိကွေ့ရေမြောင်းနှင့် ရှမ်းကန်ပတ်လည်ရေမြောင်းများအား အဓိကထားတူးဖော်ပြီးနောက် ဒုတိယသုံးလတွင် မြို့တွင်းရှိ မြောင်းသွယ်များကို ဆက်လက်တူးဖော်သွားမည်ဖြစ်ကြောင်း သိရသည်။

စိုးမိုး(ပြန်/ဆက်)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေအခက်အခဲဖြစ်ပေါ်သည့် ကျေးရွာများအား သောက်သုံးရေလှူဒါန်း

ရောင်းဦး မေ ၁၂

စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့မှ ကျေးလက်ဒေသများ သန့်ရှင်းသောသောက်သုံးရေရရှိရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိရာ ချောင်းဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျောက်စစ်ကန်ကျေးရွာသို့ မေ ၈ ရက်က ဒုတိယအကြိမ်မြောက် သွားရောက်ကာ သောက်သုံးရေများ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါကျေးရွာသို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာဦးနှင့် ဌာနဝန်ထမ်းများသည် မြို့နယ်ရဲတပ်ဖွဲ့၊ မြို့နယ်မီးသတ်တို့နှင့် ပူးပေါင်း၍ ဂါလန် ၁၀၀၀ ဆံ့နှင့် ၁၆၀၀ ဆံ့ မီးသတ်ရေသယယာဉ်နှစ်စီးတို့ဖြင့် ကျေးရွာရှိ အိမ်ထောင်စု ၂၃၁ စု၊ လူဦးရေ ၉၉၄ ဦးတို့အား သောက်သုံးရေ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရဲအောင်(ရောင်းဦး)

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သတင်းစာရှင်းလင်းပွဲကျင်းပ

မိုးကောင်း မေ ၁၂

ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးကောင်းမြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ မီဒီယာရှင်းလင်းပွဲကို မေလ ပထမပတ်က မိုးကောင်းမြို့ မိုးကောင်းခန်းမ၌ကျင်းပရာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဒေါ်မြသွေးစံ၊ ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးအေးနိုင်နှင့် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြတ်သူအောင်တို့က အမှာစကားပြောကြားခဲ့သည်။

